ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ စနေနေ့ (12-10-2013) (၇၆၃၁)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွမ်၊ ကားလို့စ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ မာရီရာနို ရာဂျိုင်း ဘရေး ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သမ္မတကြီး၏အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ အနာဂတ်မျှော်လင့်ချက်များနှင့်ပတ်သက်၍ တက်ကြွစွာ ဆွေးနွေးနိုင်ကြပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၁၁

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့်အတူ ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာ၌ နံနက်စာအတူတကွသုံးဆောင်ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ အာဆီယံဥက္ကဋ္ဌ တာဝန်ကို မြန်မာနိုင်ငံက ထမ်းဆောင်စဉ်ကာလအတွင်း အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံအစိုးရ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် သဟဇာတဖြစ်သည့်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆

- ❖ ယခင်က မိမိတို့အနေဖြင့် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ စိုးရိမ်ပူပန်မှုများကိုသာ ပြောကြားခဲ့ရ။
- ❖ သမ္မတကြီး၏ အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ အနာဂတ်မျှော်လင့်ချက်များနှင့်ပတ်သက်၍ တက်ကြွစွာဆွေးနွေးနိုင်ကြပြီ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အောက်တိုဘာ ၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ရပ်ကွက်(၃)ရှိ လယ်မြေငါးဧကတွင် ပုလဲသွယ်(၂) စပ်မျိုးစပါး ကိုယ်တိုင်မျိုးစေ့ထုတ် စိုက်ကွင်း၌ စပါးဝတ်မှုံကူးပွဲကျင်းပစဉ်။ (ဟန်ဌေး)

ဆိုင်ကလုန်းမုန်တိုင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျား

နေပြည်တော် အောက်တိုဘာ ၁၁

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဖိုင်လင်း(PHAILIN)သည် ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၃၉၀ ခန့်၊ ဂွမြို့၏ အနောက်တောင်ဘက် ၃၈၅ မိုင်ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ဗဟိုချက်အနီးတွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင်မိုင် ၁၀၀ မှ မိုင် ၁၂၀ အထိရှိနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သော်လည်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(ကြေးမုံ)

ကြေးမုံစာတည်းရှုထောင့် **၁၂-၁၀-၂၀၁၃၊ စနေနေ့**

ယာဉ်၊ လမ်းစည်းကမ်းလိုက်နာ

မြန်မာနိုင်ငံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် အသိပညာပေးခြင်း၊ အရေးယူခြင်းတို့ကို အစဉ်အမြဲဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့အသိပညာပေး အရေးယူဆောင်ရွက်မှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိသော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများမှာ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်လျက်ရှိပါသည်။

ထိုသို့ဖြစ်ပေါ်နေရာတွင် လူကြောင့်၊ လမ်းကြောင့်၊ ယာဉ်ကြောင့်ဟူ၍ အမျိုးမျိုးအဖုံဖုံ ပြစ်တင်လေ့ရှိကြပါသည်။ မည်သည့်အချက်ကြောင့်ဖြစ်စေ လူသာလျှင် ပဓာနဖြစ်ပေလိမ့်မည်။ ဖြစ်ပေါ်သမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ဖြစ်ပွားမှုများသည် လူတို့၏ မဆင်မခြင်မှုများကြောင့်သာ ဖြစ်ပေါ်လာရခြင်းဟု ဆိုနိုင်ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ လမ်းများပေါ်တွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ယာဉ်မတော်တဆဖြစ်ပွားခဲ့ရမှုအခြေအနေများကို ပြန်ကြည့်လျှင် ဖြစ်ပွားမှု ၁၀၇၃ မှုတွင် ဒဏ်ရာရသူ ၁၅၆၄ ဦးရှိပြီး သေဆုံးသူ ၂၅၇ ဦး ရှိခဲ့သည်။

တစ်လအတွင်း သေဆုံးသူ ၂၅၇ ဦးရှိခြင်းကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသော လူ့အသက်များမှာ တစ်နေ့လျှင် ရှစ်ဦးကျော်ရှိလေသည်။ ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရသူများကိုကြည့်လျှင်လည်း တစ်နေ့လျှင် ၅၂ ဦးခန့် ဒဏ်ရာရရှိလျက်ရှိသည်။

ထို့ကြောင့် သေဆုံးသူနှင့် ဒဏ်ရာရသူများအပါအဝင် ယာဉ်မတော်တဆမှုကြောင့် နေ့စဉ် လူ ၆၀ ကျော် ထိခိုက်နစ်နာမှုများဖြစ်ပွားလျက်ရှိပါသည်။ အဆိုပါ ၆၀ ကျော် လူဦးရေတို့မှာ လူမှုဘဝနယ်ပယ်တွင် နေ့စဉ်လှုပ်ရှားသွားလာရန်းကန်နေကြရသော ပြည်သူများဖြစ်၍ ထိုလူ ၆၀ ကျော်နှင့် ဆက်နွှယ်သော ရာနှင့်ချီသည့် ပြည်သူများမှာ နေ့စဉ်အတိဒုက္ခရောက်နေကြသည်ဟု တွက်ဆကြည့်နိုင်ပေသည်။

ထိုမျှသာမကသေးဘဲ တစ်လအတွင်း ယာဉ်မတော်တဆမှု ၁၀၀၀ ကျော်အတွက် ရင်ဆိုင်ကြုံတွေ့နေရသော အမှုအခင်းများနှင့် အလုပ်အကိုင်ပျက်မှုများကြောင့် ထိခိုက်နစ်နာမှုများမှာလည်း ထောင်နှင့်ချီ၍ ရှိပေလိမ့်မည်။

တစ်လအတွင်း စည်းကမ်းဖောက်ဖျက်မှုကြောင့် မော်တော်ယာဉ် ၃၁၀၇၇ စီး၊ မော်တော်ဆိုင်ကယ် ၁၂၃၇၂ စီး၊ ထော်လာဂျီ အစီး ၄၀၊ သုံးဘီးဆိုင်ကယ် ၃၃၂ စီးနှင့် အနေးယာဉ် ကိုးစီးတို့ကို အရေးယူထားရာ အဆိုပါယာဉ်နှင့် သက်ဆိုင်သူ လူဦးရေ ငါးသောင်းခန့်မှာ အမှုများဖြင့် ရင်ဆိုင်နေကြရပြီး အလုပ်ပျက်အကိုင်ပျက်နှင့် မိသားစုဘဝများ မည်မျှထိခိုက်နစ်နာမည်ကို မှန်းဆကြည့်လျှင် သိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မိမိတို့မိသားစုဘဝများ မနစ်နာရအောင် နေ့စဉ်မိမိယာဉ်ဖြင့် လမ်းပေါ်သို့ ထွက်သောအခါတိုင်း သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်ကြွခိုင်မှုနှင့် မမျှော်လင့်ဘဲ ကြုံတွေ့နိုင်သည့်အန္တရာယ်များကိုပါ အထူးသတိထား၍ ဆင်ခြင်မောင်းနှင်ကြရမည်ဖြစ်ပါသည်။

"သင့်မိသားစုသည် သင်အိမ်ပြန်လာချိန်ကို စောင့်မျှော်နေကြမည်"ဟု သတိပေးထားသကဲ့သို့ သင်လမ်းပေါ်သို့ထွက်၍ ခရီးနှင်တိုင်း အဆိုပါအချက်ကို သတိထားကာ မိမိနေအိမ်သို့ ချောချောမွေ့မွေ့ပြန်လာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် သင်နှင့်သင့်မိသားစု စိတ်နှလုံးချမ်းမြေ့ကြမည်ဖြစ်ပါသည်။

အထူးသဖြင့် ယာဉ်မောင်းနေစဉ် အရက်သေစာများ မသောက်စားထားဖို့ လိုအပ်ပါသည်။ အရက်သေစာသောက်စားထားသောအခါ အသိနှင့်သတိလက်လွတ်ပြီး မဖြစ်သင့်မဖြစ်ထိုက်သော အဖြစ်ဆိုးများနှင့် လက်တွေ့ကြုံတွေ့နေကြရဆဲဖြစ်သည်။

ထို့ကြောင့် ယာဉ်မောင်းသူများအနေဖြင့် မိမိအသက်နှင့် အခြားသူများ၏ အသက်သည် မိမိလက်ထဲတွင်ရှိသည်ကို သတိမူပြီး ချမှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို လိုက်နာခြင်းဖြင့် ဘေးအန္တရာယ်ကင်းအောင် အားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်	ရွှေဈေး	၆၈၅၀၀၀	- ၆၈၆၀၀၀
မန္တလေး	ရွှေဈေး	၆၈၅၀၀၀	- ၆၈၆၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၃. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၇၇
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၉၈၃
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၀၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၂၅
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၇. ၇၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၈၁၁
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၇. ၈၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၆. ၅၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၁၁

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၌ ၁၃၇၅-၁၃၇၆ ခု ပညာသင်နှစ် သာသနာ့တက္ကသီလ ဓမ္မာစရိယ (ပထမနှစ်) သင်တန်းသို့တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခုအောင်မြင်ပြီးသော အသက် (၃၀)နှစ် သိက္ခာ (၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့် ညီမျှသောဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတမေးခွန်းလွှာ တစ်ခု၊ ပါဠိဘာသာရပ်နှင့် တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာတစ်ခုတို့ကို တစ်ရက်စီ စုစုပေါင်း နှစ်ရက်ဖြေဆိုကြရမည်ဖြစ်သည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို (၁၃၇၅ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ ရက်(တနင်္လာနေ့)မှစတင်၍ ထုတ်ပေးမည်ဖြစ်ပြီး (၁၃၇၅ ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက်) ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်(သောကြာနေ့)နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာသာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများတွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း ၀၁-၆၆၅၃၆၂၊ ၀၁-၆၆၂၉၉၇၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ရုံးဖုန်း-၀၁-၆၆၄၃၉၅၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း-၀၂-၆၆၉၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်မဲ့ အချိုရည်များ တွေ့ရှိသဖြင့် အမှုဖွင့်ထား

ရန်ကုန် အောက်တိုဘာ ၁၁

ရွှေပြည်သာမြို့နယ် စက်မှုဇုန်နယ်မြေ ဇုန်(၂)ရှိ သိုလှောင်ရုံတစ်ခု၌ တရားဝင်တင်သွင်းခွင့်မရှိသော နိုင်ငံခြားဖြစ် ဘီယာများ သိုလှောင်ဖြန့်ဖြူးနေကြောင်း သတင်းအရ Mobile Team(ရန်ကုန်ဆိပ်ကမ်းနယ်မြေ) မှပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်အတူ စက်မှုဇုန်နယ်မြေ ဇုန်(၂)ရှိ သံချက်ဝန် ဦးညွှန့်လမ်း အမှတ် ၃၉/၁၂၉(B)ရှိသိုလှောင်ရုံအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တားမြစ်ကုန်ပစ္စည်းဖြစ်သော Chang Beer, 8.6 Bavaria Beer, 12% Diablo Beer စသည့် ဘီယာမျိုးစုံ ၁၈၄၈ ဖာနှင့် အကောက်ခွန်မဲ့ တင်သွင်းထားသော Sprite အချိုရည် ၁၂ လုံးပါ ဖာ ၅၀ အား စစ်ဆေးတွေ့ရှိ ရသဖြင့် ဥပဒေအရအရေးယူနိုင်ရေး ရွှေပြည်သာမြို့နယ် မြို့မရဲစခန်းတွင် (ပ)၇၃၅/၂၀၁၃၊ ပို့ကုန်/သွင်းကုန်ဥပဒေ ပုဒ်မ(၈)ဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

တရားဝင်တင်သွင်းခွင့်မပြုသော ပစ္စည်းများနှင့်ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ Mobile Team (ရန်ကုန်ဆိပ်ကမ်းနယ်မြေ)မှ ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုပြုလုပ်လျက်ရှိသော ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်အမှတ်(၁၂၃)ရှိ Green Line Myanmar Group Co.,Ltd မှ တာဝန်ရှိသူများအား တရားဝင်တင်သွင်းခွင့်ပြုမထားသည့် ပစ္စည်းများနှင့် သက်ဆိုင်ရာဌာနများ၏ တင်သွင်းခွင့်လိုင်စင်၊ အကောက်ခွန်သွင်းကုန်ကြေညာလွှာများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့မှ တရားလိုပြုလုပ်၍ ၂၀၁၃ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဒေါပုံမြို့နယ် ရဲစခန်း၌ (ပ) ၃၁၀/၂၀၁၃၊ ပို့ကုန်/သွင်းကုန် ဥပဒေ(၂၀၁၂)၊ ပုဒ်မ(၈/၁၀)တို့ဖြင့် အမှုဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့ ဘရူနိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ခေတ္တတည်းခိုသည့် အစိုးရဧည့်ဂေဟာ၌ ဂျပန်နိုင်ငံ NHK ရုပ်မြင်သံကြားမှ မြန်မာနိုင်ငံဌာနခွဲအကြီးအကဲ Mr. Jun Kobayashi အား လက်ခံတွေ့ဆုံပြီး တွေ့ဆုံမေးမြန်းခန်းအဖြစ် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ဂျပန်နိုင်ငံ အဆာဟိရှင်ဘွန်းမှ အာရှဒေသအကြီးအကဲ Mr. Ono နှင့် ရန်ကုန်ဌာနခွဲမှ သတင်းထောက် Mr. Igarashi တို့၏ တွေ့ဆုံမေးမြန်းမှုနှင့် ပြည်တွင်းမီဒီယာဖြစ်သည့် Myanmar International TV ၏ တွေ့ဆုံမေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘန်ဒါဆရီဘီဂါဝန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ နှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူး၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Syamim Nabilah Daud နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။**(ယာပုံ)**

(သတင်းစဉ်)

★ **ရှေ့ဖုံးမှ**

လူမှုပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်နိုင်ရေး၊ လူမျိုးရေး၊ ဘာသာရေးအစွန်းရောက်အယူအဆများဖြင့် အကြမ်းဖက်မှုကျူးလွန်သူများ၊ သွေးထိုးလှုံ့ဆော်သူများအား ထိရောက်စွာ အရေးယူရေး၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ဖြေရှင်းနိုင်မည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက မိမိတို့အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော်ချိန်မှစပြီး ယနေ့အထိ ကုလသမဂ္ဂကပါဝင်ကူညီဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏အကြံဉာဏ်များကိုလည်း မိမိတို့အလေးအနက်ထားပါကြောင်းနှင့် အနာဂတ်တွင်လည်း ကုလသမဂ္ဂနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုကို နိုင်ငံတကာက အသိအမှတ်ပြုချီးကျူးနေသကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ **ယခင်က မိမိတို့အနေဖြင့် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ စိုးရိမ်ပူပန်မှုများကိုသာ ပြောကြားခဲ့ရပါကြောင်း၊ သမ္မတကြီး၏ အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးသည့်အခါ အနာဂတ်မျှော်လင့်ချက်များနှင့် ပတ်သက်၍ တက်ကြွစွာဆွေးနွေးနိုင်ကြပြီဖြစ်ပါကြောင်း၊** အနာဂတ်တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ဦးရဲထွဋ်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအကြီးတန်းအကြံပေးပုဂ္ဂိုလ် Mr. Jeffrey Feldman နှင့် Ms. Noeleen Heyzer၊ ပြောရေးဆိုခွင့်ရှိသူ Mr. Martin Nesirky၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Michelle Gyles-Mc Donnough တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရန်ကုန်မြို့အခြေစိုက် တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရန်ကုန်မြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Yang Houlan နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီးများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဥပဒေအသင်းနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်း၊ ဦးမြင့်အောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၀/၂၀၁၃)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်)

တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကချင်ပြည်နယ်လွှတ်တော်

(၁) ကြည်း ၃၄၀၅၅ ဗိုလ်မှူး အောင်သန်းဇော်	(အစား)	ကြည်း ၂၃၉၇၈ ဗိုလ်မှူး အောင်ခင်ဦး

ရှမ်းပြည်နယ်လွှတ်တော်

(၂) ကြည်း ၃၃၁၀၂ ဗိုလ်မှူး အောင်အောင်	(အစား)	ကြည်း ၁၉၄၁၄ ဗိုလ်မှူး ဇော်မြင့်ဝင်း

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး

ဩစတြေးလျနိုင်ငံမှ Myanmar Eye Care Programme အရ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ မျက်စိအတွင်းတိမ်လူနာများကို ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးရန်အတွက် အဌမအကြိမ်အလှူငွေကျပ် ၂၇၇၅၀၀၀၀ ကို MECP ကိုယ်စား ဥက္ကာသီရိ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်စန်းစန်းရီနှင့် MECP ဌာနေကိုယ်စားလှယ် ဒေါ်ဖြူစင်မွန်တို့က ပေးအပ်ရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ကြေးမုံ)

ဘုရင်သီဟာနုရုပ်တုနှင့် ရုပ်တုကို လာရောက်ဂါရဝပြုကြသူများကို တွေ့ရစဉ်။

ဘုရင်သီဟာနုအား ဂုဏ်ပြုသည့်ကြေးရုပ်တု ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်၌ ဖွင့်လှစ်

ဖနောင်ပင် အောက်တိုဘာ ၁၁

ကွယ်လွန်ခဲ့ပြီးဖြစ်သော ဘုရင် နိုရိုဒွမ်သီဟာနုအား ဂုဏ်ပြုသည့်ကြေးရုပ်တုတစ်ခုကို ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်၌ အောက်တိုဘာ ၁၁ရက်က ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဘုရင်သီဟာနုအား ဂုဏ်ပြုသည့် ကြေးရုပ်တုသည် ၄ဒသမ၅မီတာ(၁၅ပေ)အမြင့်ရှိပြီး အမေရိကန်ဒေါ်လာ ၁ဒသမ၂သန်း အကုန်အကျခံ၍ သွန်းလောင်းခဲ့သည်။ မြို့တော် ဖနောင်ပင်ရှိ ၂၇မီတာ(ပေ ၁၀၀)အမြင့်ရှိ ဂူဗိမာန်၌ ယင်းကြေးရုပ်တု တည်ရှိသည်။

ဦးဆောင်ပါဝင်

ဘုရင်သီဟာနုသည် ပြည်သူများ၏ ချစ်ခင်ကြည်ညိုမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့သော ဘုရင်တစ်ဦးဖြစ်သည်။ ၎င်းသည် ၁၉၅၃ခုနှစ်တွင် ပြင်သစ်နိုင်ငံမှ လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းရာတွင် ဦးဆောင်ပါဝင်ခဲ့သူဖြစ်သည်။

၂၀၁၂ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးနောက် ၎င်းအား ဂါရဝပြုရန် ဘုရင့်နန်းတော်သို့ ပြည်သူများ လပေါင်းအတန်ကြာမျှ သွားရောက်ခဲ့ကြသည်။

ကြေးရုပ်တုဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်ဟွန်ဆန်နှင့် လက်ရှိဘုရင်ဖြစ်သူ နိုရိုဒွမ်သီဟာမိုနီတို့ တက်ရောက်ခဲ့ကြသည်။

ဘီဘီစီ။

မာလာဝီသမ္မတက ခြစားသောအစိုးရအဖွဲ့ကို ဖျက်သိမ်း

အောက်တိုဘာ ၁၁

မာလာဝီအစိုးရအဖွဲ့အစည်းတွင် အဂတိလိုက်စားမှုများ ပျံ့နှံ့လျက်ရှိကြောင်း စွပ်စွဲချက်များထွက်ပေါ်လာသည့်အတွက် သမ္မတဂျွိုက်(စ်)ဆန်ဒါက ၎င်း၏အစိုးရတစ်ဖွဲ့လုံးကို ဖျက်သိမ်းလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အငယ်တန်းတာဝန်ရှိသူအချို့ကို ဖမ်းဆီးရာတွင် ၎င်းတို့၏ ကားများအတွင်း၌လည်းကောင်း၊ အိပ်ရာများအောက်၌လည်းကောင်း ငွေများဝှက်ထားသည်ကို တွေ့ရှိရသည်ဟု မာလာဝီရောက် ဘီဘီစီသတင်းထောက်က သတင်းပေးပို့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်သူဟုဆိုသော ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ပေါလ်မက်ဝီယိုမှာ လွန်ခဲ့သည့်လက သေနတ်ဖြင့် အပစ်ခံရပြီး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

သမ္မတဆန်ဒါကို အဂတိလိုက်စားမှုတိုက်ဖျက်ရန် အနောက်အုပ်စု အလှူရှင်နိုင်ငံများက တိုက်တွန်းလျက်ရှိသည်။

မာလာဝီသည် အာဖရိကတိုက်အတွင်းမှ ဆင်းရဲသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂ(အီးယူ)နှင့် အခြားသော နိုင်ငံခြားအင်အားကြီးနိုင်ငံများ၏ ဘဏ္ဍာငွေ အထောက်အပံ့အပေါ် များစွာမှီခိုနေရသည်။

အစိုးရအဖွဲ့သစ်ကိုခန့်အပ်မည်ဖြစ်ကြောင်း သမ္မတရုံးက ကြေညာချက်ထုတ်ပြန်ပြီး အသေးစိတ်အချက်အလက်များကို ပြောကြားခြင်းမပြုပေ။

အောက်တိုဘာ ၉ ရက်က သတင်းစာရှင်းလင်းပွဲကျင်းပရာတွင် သမ္မတဆန်ဒါက ရဲတပ်ဖွဲ့နှင့် အစိုးရအရာရှိများ ပါဝင်သော အထူးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယင်းအဖွဲ့က အစိုးရဌာနဆိုင်ရာအားလုံး၏ ဘဏ္ဍာရေးကို စစ်ဆေးကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ဂျပန်၌ ဆေးရုံမီးလောင် ၁၀ ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရ

တိုကျို အောက်တိုဘာ ၁၁

ဂျပန်နိုင်ငံရှိ ဆေးရုံတစ်ရုံ၌ အောက်တိုဘာ ၁၁ ရက် နံနက်စောစောပိုင်းအချိန်က မီးလောင်မှုဖြစ်ပွားရာ သက်ကြီးရွယ်အို လူနာရှစ်ဦးအပါအဝင် လူ ၁၀ ဦး သေဆုံးသွားကြောင်း သတင်းတွင်ဖော်ပြသည်။

မီးလောင်မှုသည် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်တွင် ဖြစ်ပွားကြောင်း၊ လူနာများ အိပ်နေချိန်ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူငါးဦးရှိသည့်အနက် လေးဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နိုင်ငံအနောက်တောင်ပိုင်း ဖူကူရိုကာမြို့ရှိ လေးထပ်ဆေးရုံအဆောက်အအုံ၌ မီးလောင်ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် လူနာရှစ်ဦးနှင့် ဆေးရုံအမှုထမ်းနှစ်ဦး သေဆုံးကြောင်း၊ အသက်(၇၀)နှင့် (၈၉)နှစ်ကြားအရွယ်များ ဖြစ်ကြကြောင်း၊ ဆေးရုံအမှုထမ်းနှစ်ဦးမှာ ဆေးရုံ၏ဝန်ထမ်းဟောင်း ညွှန်ကြားရေးမှူးနှင့် ၎င်း၏ဇနီးတို့ဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **အေအက်ဖ်ပီ။**

အာဖဂန်ဆိုင်ရာ နေတိုးတပ်ဖွဲ့ကို သက်တမ်းတိုး

ကုလသမဂ္ဂ အောက်တိုဘာ ၁၁

၂၀၁၄ ခုနှစ်ကုန်ခန့်တွင် နေတိုးဦးဆောင်သောတပ်ဖွဲ့များက အာဖဂန်နစ္စတန်တပ်ဖွဲ့များသို့ လုံခြုံရေးတာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းမပြုမီ ၎င်းတပ်ဖွဲ့များ အာဖဂန်နစ္စတန်တွင်ဆက်လက်တပ်စွဲနိုင်မည့် အခွင့်အာဏာကို နောက်ဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း မဲပေးခဲ့ကြသည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေဆဲဖြစ်သည်ဟုဖော်ပြသည်။ နိုင်ငံတွင်း စိုးရိမ်ဖွယ်ရာလုံခြုံရေးအခြေအနေအဖြစ် တာလီဘန်၊ အယ်လ်ခိုင်ဒါနှင့် တရားမဝင် အစွန်းရောက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လှုပ်ရှားမှုများနှင့် ဒုစရိုက်ဂိုဏ်းများ၏ မူးယစ်ဆေးဝါး တရားမဝင်မှောင်ခိုရောင်းဝယ်မှုများ ကြီးထွားလာနေခြင်းကို လုံခြုံရေးကောင်စီက ထောက်ပြသည်။

နိုင်ငံခြားတပ်ဖွဲ့များ အာဖဂန်နစ္စတန်မှ ထွက်ခွာသွားကြစဉ် အသာစီးရယူရန် ကြိုးပမ်းခြင်းအဖြစ် မကြာသေးမီလများအတွင်း တာလီဘန်များက တိုက်ခိုက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)သည် နိုင်ငံမှရုပ်သိမ်းရန် ပြင်ဆင်သည့်အနေဖြင့် တပ်ဖွဲ့ဝင်အင်အား ၁၃၀၀၀၀မှ နှစ်နှစ်အတွင်း လျှော့ချခဲ့ရာ ဩဂုတ် ၁ရက်တွင် ၈၇၂၀၀ ကျော်သာကျန်ရှိသည်။

အာဖဂန်အစိုးရကို လုံခြုံရေးတာဝန်များ အပြည့်အဝလွှဲပြောင်းပေးနိုင်ရန်အတွက် လုံခြုံရေးကောင်စီက အိုင်အက်စ်အေအက်ဖ်၏အခွင့်အာဏာကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက်အထိ တိုးမြှင့်ပေးခြင်းဖြစ်သည်။ **အေပီ။**

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များ လုံခြုံရေးတာဝန် ထမ်းဆောင်နေကြစဉ်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့နှင့် ဇူးရစ်မြို့များ၌ လွှတ်တော်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

ဆွစ်ဇာလန်နိုင်ငံ Federal Assembly ဥက္ကဋ္ဌ H.E.Mrs. Maya Graf နှင့် အထက်လွှတ်တော် (Council of States) ဥက္ကဋ္ဌ H.E. Mr. Fillippo Lombardi တို့၏ ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ဘန်းမြို့ရှိ ဆွစ်ဇာလန်နိုင်ငံ ပါလီမန်၌ Federal Assembly ဥက္ကဋ္ဌ H.E. Mrs. Maya Graf နှင့် တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ယင်းနောက် Federal Assembly ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘန်းမြို့ရှိ Bellevue Palace Hotel ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဆွစ်ဇာလန်နိုင်ငံ ပါလီမန် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ညပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ Renaissance Hotel ၌ အထက်လွှတ်တော် (Council of States) ဥက္ကဋ္ဌ H.E. Mr. Fillippo Lombardi နှင့် တွေ့ဆုံခဲ့သည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား အထက်လွှတ်တော် (Council of States) ဥက္ကဋ္ဌက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းက ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံ Federal Chancellor, H.E.Mrs. Corina Casanova နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် ဘန်းမြို့ရှိ ဆွစ်ဇာလန်နိုင်ငံလွှတ်တော်အတွင်းနှင့် ဆွစ်ဇာလန်နိုင်ငံ House of Cantons တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဆွစ်ဇာလန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော် (Council of States)၊ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ H.E. Mr. Germann Hannes နှင့်အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား နံနက် ၉ နာရီခွဲက ဆွစ်ဇာလန်နိုင်ငံ ပါလီမန်အဆောက်အအုံ၌ Chief of the Political Department, Mr. Roland SALVISBERG နှင့် ကျွမ်းကျင်ပညာရှင် Ms. Nicole Topperwien တို့က ဆွစ်ဇာလန်နိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် စနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာကြီး ဦးဂိုအင်ကာ၏အရိုးပြာများ ဧရာဝတီမြစ်အတွင်းမျှော

မန္တလေး အောက်တိုဘာ ၁၁

မန္တလေးမြို့တွင် ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ အရိုးပြာအား အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီက ဧရာဝတီမြစ်အတွင်း မျှောရာ သံဃာတော်များ၊ မြို့မိမြို့ဖများ၊ မန္တလေးမြို့သူမြို့သားများ လိုက်လံပို့ဆောင်ကြသည်။ ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏အရိုးပြာများကို ဆရာကြီး၏ ဇာတိမြေ မန္တလေးမြို့ရှိ ဧရာဝတီမြစ်အတွင်းမျှောရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ အောက်တိုဘာ ၉ ရက်တွင် လေယာဉ်ဖြင့် သယ်ဆောင်လာခဲ့ပြီး ရေတံခွန်တောင်ရှိ ရိပ်သာတွင်အပူဇော်ခံထားရှိကာ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီတွင် ဓမ္မမဏ္ဍရိပ်သာမှ (၃၅)လမ်းအတိုင်း (၇၈)လမ်း၊ (၂၆)လမ်းမှ ကမ်းနားလမ်းအတိုင်းသယ်ဆောင်ပြီး ဂေါဝိန်ဆိပ်ကမ်းမှ တစ်ဆင့် သံဃာအပါး ၂၀၀၊ သီလရှင် အပါး ၃၀၀၊ ပြည်သူများလိုက်ပါ၍ သင်္ဘောလေးစင်းဖြင့် သယ်ဆောင်ပူဇော်ကာ ဧရာဝတီမြစ်အတွင်း ဆီမီး ၁၀၀၀ နှင့်အတူ ညနေ ၆ နာရီတွင် ရေမျှောခဲ့သည်။ **(အပေါ်ပုံ)**

ဆရာကြီး ဦးဂိုအင်ကာသည် ၁၉၆၉ ခုနှစ်တွင် ဝိပဿနာတရားတော်များ စတင်ပို့ချခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဟာရက် ရှက်ထရာပြည်နယ် အီဂတ်ပူရီမြို့တွင် ကမ္ဘာ့ဌာန်းရိပ်သာတည်ဆောက်ခဲ့ပြီး ဝိပဿနာတရားပြဆရာ ၈၀၀ ခန့်မွေးထုတ်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ဝိပဿနာ တရားရိပ်သာ ၂၀ ခန့် ဦးဆောင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial-2 (DVB-T2)သို့ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free to Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)၊ နေပြည်တော်(တပ်ကုန်း)ရှိ စက်ရုံလေးရုံမှ အောက်တိုဘာ ၁၅ ရက်မှစ၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတနှင့် ထားဝယ်မြို့များရှိ စက်ရုံ ၂၁ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကို လည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကို လည်းကောင်း၊ ပဉ္စမအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၆၆ ရုံကို လည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့်လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များတပ်ဆင်၍လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International(MI Channel)၊ လွှတ်တော် (Channel)၊ တိုင်းရင်းသား ရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers Channel) စသည်ဖြင့် ရုပ်သံလိုင်း ငါးလိုင်းကို Free to Air စနစ်ဖြင့် ကနဦးထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများ အပါအဝင် ချန်နယ်ရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်စက်ရုံမှ လွှင့်အား(3 KW)၊ လှိုင်းနှုန်း(CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်အထိ လည်းကောင်း၊ တောင်ဘက် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များအထိ လည်းကောင်း၊ အရှေ့ဘက်တွင် သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် တွံတေးမြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ စစ်ကိုင်းစက်ရုံမှ လွှင့်အား(3 KW)၊ လှိုင်းနှုန်း(CH-31)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မတ္တရာမြို့အထိ လည်းကောင်း၊ တောင်ဘက် ဝမ်းတွင်းမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့အထိလည်းကောင်း၊ အနောက်ဘက်တွင် မြောင်မြို့အထိလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(ပျဉ်းမနား)ရုပ်သံစက်ရုံမှ လွှင့်အား(3 KW)၊ လှိုင်းနှုန်း(CH-30)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့အထိလည်းကောင်း၊ တောင်ဘက် သာဂရမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ရေဆင်း၊ သိုက်ချောင်းအထိ လည်းကောင်း၊ အနောက်ဘက်တွင်တောင်ညိုအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(တပ်ကုန်း)ရှိ လွှင့်စက်ရုံမှ လွှင့်အား(1 KW)၊ လှိုင်းနှုန်း(CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် ပျော်ဘွယ်မြို့အဝင် လမ်းဆုံအထိလည်းကောင်း၊ တောင်ဘက် ကျည်တောင်ကန်အထိ လည်းကောင်း၊ အရှေ့ဘက်တွင် သပြေကုန်းကျေးရွာ၊ နောက်ဘို့အိုးကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် မြောင်းမြိုက်၊ သရက်ကွင်းကျေးရွာအထိလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နေပြည်တော်ရှိ Cable TV လိုင်းတွင်လည်း ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

DVB-T2 MPEG-4 Tuner ပါသော Digital TV များဖြင့် လည်းကောင်း၊ DVB-T2 MPEG-4 Set-top Box များဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်သော ရုပ်သံလိုင်း ငါးခုသာမက မြဝတီကထုတ်လွှင့်သော ရုပ်သံလိုင်း ခုနစ်လိုင်းကိုလည်းကောင်း၊ Forever မှ ထုတ်လွှင့်သော ရုပ်သံလိုင်း လေးလိုင်းကို လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ရာ စုစုပေါင်း ရုပ်သံလိုင်း ၁၆ လိုင်းကို လစဉ်ကြေးပေးသွင်းရန်မလိုဘဲ အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ်ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ **(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**





အကောင်အထည်ပေါ်မလာသော ရွှေမြန်မာတို့၏အိပ်မက်

ပြည်သူတစ်ဦး

လူတို့စိတ်တွင် မိမိနေထိုင်လုပ်ကိုင်စားသောက်ရာ ပတ်ဝန်းကျင်ထက် ပိုမိုသာလွန်ကောင်းမွန်မည်ဟု မျှော်လင့်ချက်ရှိသည်။ ထိုမျှော်လင့်ချက်ဖြင့် အခြားသောနေရာဒေသပတ်ဝန်းကျင်အသစ်များသို့ လူတို့ သွားရောက်နေထိုင် လုပ်ကိုင်စားသောက်ကြသည်။

တိုင်းတစ်ပါး စကားပုံတစ်ခုရှိသည်။ "ခြံစည်းရိုးတစ်ဖက်မှ မြက်ခင်းလေးများ ပိုမိုစိမ်းနေလေမလား" (The grass is always green on the other side of the fence.) ဟု ဆိုထားသည်။ မြန်မာတွင် "တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဆိုသည့် မြန်မာစကားပုံတို့ဖြစ်ပေါ်ခဲ့သည်။ အကြောင်းအရင်းမှာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု၊ ရရှိသောလုပ်ခလစာနှင့် အဆပေါင်းများစွာကြီးမြင့်လာသည့် နေထိုင်စားသောက်မှုစရိတ်တို့အကြား ကြီးမားသော လိုအပ်ချက်များဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အနာဂတ်မိသားစုဘဝ ရှင်သန်ရပ်တည်ရေးအပေါ် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နိုင်သည့်အခြေအနေတို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှအစ အာရှ၊ ဥရောပ၊ အာဖရိက၊ အမေရိကနှင့် နိုင်ငံအများစုတို့မှ ထိုသူတို့သည် ရွှေ့ပြောင်းလုပ်သား(Migration Workers)အဖြစ်ခံယူကာ မိသားစုဝမ်းရေးအတွက် လုပ်ငန်းကဏ္ဍအစုံတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြရာတွင် "ရွှေမြန်မာတို့၏ အရေးအတွက်မှာ"လည်း တစ်နေ့တခြား များပြားလာသည်ကို ကြားသိနေရပါသည်။

သွားရောက်အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများတွင် အရေအတွက်အများဆုံးနှင့် အခြေခံအကျဆုံးလုပ်သားများဖြစ်သည့် အိမ်ဖော်၊ စက်ရုံ၊ အလုပ်ရုံ၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသူများမှအစပြု၍ ဆရာဝန်၊ အင်ဂျင်နီယာနှင့်အခြားဘာသာရပ်အလိုက် အသိပညာရှင်၊ အတတ်ပညာရှင်အဆုံး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။ ထိုအထဲတွင် လူနည်းစုဖြစ်သော အသိပညာ၊ အတတ်ပညာရှင်များအနေဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုတွင် အခက်အခဲမရှိနိုင်သော်လည်း အခြေခံအလုပ်သမားများအနေဖြင့် ရသင့်ရထိုက်သော လုပ်ခလစာပင်မရရှိသည့်အပြင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ၎င်းတို့၏အသက်အန္တရာယ် လုံခြုံစိတ်ချရမှုမရှိသည့် အခြေအနေများမှာ စိုးရိမ်ဖွယ်ရာအခြေအနေများရှိလာပါသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက ဂျော်ဒန်နိုင်ငံ အထည်ချုပ်စက်ရုံကြီးများတွင် အလုပ်လုပ်ကိုင်နေသော ထောင်နှင့်ချီသည့် မြန်မာအမျိုးသမီးထုမှာ အလုပ်ရှင်၏ စနစ်တကျကြွေးမွေးမှုမရှိခြင်းကြောင့် ဝမ်းလျှောရောဂါဖြစ်ပွားရာမှအစပြု၍ အခြားသောအထွေထွေလုပ်ခလစာတို့ကို အကြောင်းပြုပြီး တောင်းဆိုသပိတ်မှောက်မှုသတင်းများကို ကြားသိခဲ့ရသည်။ ယနေ့တိုင် ငြိမ်သက်မှုမရှိသေးသည့် မလေးရှားရောက် တရားမဝင်မြန်မာအလုပ်သမားများအား "အော်ပရာစီ" စီမံချက်ဖြင့် လိုက်လံဖမ်းဆီးခြင်း၊ လူမျိုးခွဲအခြေအနေမဲ့ ရွှေ့ပြောင်းလုပ်သားများက မြန်မာများအား သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား ဖမ်းဆီးမုဒိမ်းကျင့်မှုများ ပြုလုပ်ခဲ့သည်များကို အဆက်မပြတ်ကြားသိနေရသည့်အတွက် "သေချင်သည့်ကျား တောပြောင်း"ဆိုသော စကားပုံကဲ့သို့ ထင်မြင်ယူဆမိပါသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားအများဆုံး သွားရောက်လုပ်ကိုင်လျက်ရှိသော ထိုင်းနိုင်ငံတွင် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တရားဝင်လာရောက်နေထိုင် လုပ်ကိုင်သည့် အလုပ်သမားများဘဝရောက်ရှိခဲ့ရာ ၂၀၁၂ ခုနှစ် ဇန်နဝါရီမှစ၍ အလုပ်သမားသံတမန်(Labour Attache)တစ်ဦးကို ထိုင်းနိုင်ငံတွင်ထားရှိ၍ အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်စေခြင်း၊ အစိုးရသစ်မပေါ်ပေါက်မီ ၂၀၀၉ ခုနှစ် ဇူလိုင်မှစ၍ ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးခြင်း၊ အစိုးရသစ်လက်ထက်တွင် One Stop Services စခန်း ၁၁ ခု ဖွင့်လှစ်၍ အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအား အရှိန်အဟုန်မြှင့်မှတ်ပုံတင်၍ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီအထိ အလုပ်သမားတစ်သန်းခြောက်သိန်းကျော်အား ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်ဟု သိရသည်။

အစိုးရသစ်လက်ထက်တွင် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးဆုံးရှုံးမှုများ၊ ရသင့်ရထိုက်သောအကျိုးခံစားခွင့်များ၊ အကာအကွယ်ပေးမှုများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာရွှေ့ပြောင်းလုပ်သားများနှင့် တန်းတူရင်ပေါင်တန်းနိုင်ရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားအဖွဲ့(IOM)၏ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်၍ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စများကို ပူးပေါင်းဆောင်ရွက်နေသည်ဟုလည်း သိရသည်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာကုမ္ပဏီ(Oversea Employment Agency)များအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းအလုပ်သမားများအား ပို့ဆောင်ရာတွင် ရောင်းကုန်တွေလိုသဘောမထားဘဲ အကျိုးတူလုပ်ဖော်ကိုင်ဖက်၊ စီးပွားဖက်များကဲ့သို့ စိတ်စေတနာအမှန်ဖြင့် လူသားချင်းစာနာထောက်ထားဖို့နှင့် နိုင်ငံသားချင်း စေတနာထား၍ အထူးဂရုပြုဝန်ဆောင်မှုပေးရန်လိုအပ်မည်ဖြစ်ပါသည်။

ပြည်ပသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်အောင် တဒင်္ဂမိမိကိုယ်ကျိုးနှင့် အခက်အခဲအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်လိုစိတ် ဆန္ဒပြင်းပြသူတို့အကြား နှစ်ဦးနှစ်ဖက်အဆင်ပြေရုံသာရှေးရှု၍ တရားမဝင်သော နည်းလမ်းအမျိုးမျိုး၊ လမ်းကြောင်းအသွယ်သွယ်ဖြင့် အလုပ်သမားများပို့ပေးနေသော မှတ်ပုံတင်မဲ့ပြည်ပအလုပ်အကိုင်ဆိုင်ရာပွဲစားများ၊ မှတ်ပုံတင်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်ဆိုင်ရာကုမ္ပဏီများနှင့် ပြည်ပသို့ထွက်ခွာရန်အတွက် အဆင့်ဆင့်သော ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနေသည့် အစိုးရအဖွဲ့လက်အောက်ရှိ အဖွဲ့အစည်းအသီးသီးတို့ကိုလည်း နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် ရွှေ့ပြောင်းလုပ်သားများ၏ ထာဝရအကျိုးရည်ရွယ်၍ စနစ်တကျ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်ပိုင်းအနေဖြင့် အထူးကြပ်မတ်အရေးယူဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

အစိုးရသစ်လက်ထက်တွင် ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုအားလုံးနီးပါးကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်သောကြောင့် နိုင်ငံတကာတွင် ရောက်ရှိလုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများအား အခြားနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများနှင့် တန်းတူလုပ်ခလစာနှင့် အခွင့်အရေးများခံစားရရှိနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကမ္ဘာ့အလုပ်သမားအဖွဲ့(ILO)၊ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအလုပ်သမားအဖွဲ့(IOM)တို့နှင့် အရှိန်အဟုန်မြှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ချိန်တန်ပြီဟု ထင်မြင်ယူဆမိပါသည်။

အရေအတွက် တစ်သန်းခြောက်သိန်းကျော်အား တရားဝင်မှတ်ပုံတင်ပေးနိုင်ခဲ့သော အိမ်နီးချင်းထိုင်းနိုင်ငံတွင် ကျန်ရှိတရားမဝင်ရွှေ့ပြောင်းလုပ်သားများ မှတ်ပုံတင်ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးနှင့် ၎င်းတို့၏သားသမီးများ၏အနာဂတ်ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကိုလည်း ဆက်လက်ညှိနှိုင်းဖြေရှင်းသွားရမည့်ကိစ္စရပ်များဟု ထင်မြင်မိပါသည်။

၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူမည့်အပြင် ၂၀၁၅ မှစ၍ အာဆီယံနိုင်ငံများအချင်းချင်း အခွန်မဲ့ကုန်သွယ်မှုစနစ် စတင်ဆောင်ရွက်မည်ဖြစ်သည်။ ထိုအခါပေါ်များလာမည့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် အခြားအာဆီယံနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများနည်းတူ လစာနှင့်အကျိုးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ကြရပါမည်။ လုပ်ငန်းအမျိုးအမည်အလိုက် ကျွမ်းကျင်မှုရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာကုမ္ပဏီ (Oversea Employment Agency)များအနေဖြင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် နိုင်ငံတကာအဆင့်မီ လိုအပ်သော သင်တန်းကျောင်းများတည်ဆောက်ပြီး ခေတ်မီသော သင်ထောက်ကူပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းများတင်သွင်း၍ ပြည်တွင်း ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် လုပ်ငန်းအလိုက်သင်ကြားပို့ချ၍ ကျွမ်းကျင်လုပ်သားများ စတင်မွေးထုတ်ပေးရန် လိုအပ်ချိန်တန်ပြီဖြစ်ပါသည်။

အိုးပစ်အိမ်ပစ်မိသားစုနှင့် ခွဲခွာရုံတွင်သာမက အခြေအနေအရပ်ရပ်ကြောင့် အိုးအိမ်နှင့်လယ်မြေယာမြေများပါ ရောင်းချပေါင်နှံ၍ ကမ္ဘာ့နိုင်ငံအနှံ့သွားရောက်အလုပ်လုပ်ကိုင်နေသူများသည် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်ကို နိုင်ငံခြားငွေ ရှာဖွေပေးနေသူများဟုဆိုလျှင် မည်သူမျှငြင်းနိုင်မည်မဟုတ်ပါ။ အစိုးရသစ်အနေဖြင့်လည်းအသွင်ကူးပြောင်းရေးကာလ အရှိန်ရလာသည်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်အောင် လိုအပ်သောဥပဒေများ ပြဌာန်းအတည်ပြုမှုများ ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးနိုင်ရန်ရည်ရွယ်၍ အသေးစားနှင့် အလတ်စား (SME) Small and Medium Enterprises လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်လှုံ့ဆော်အားပေးကူညီမှုများ ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိနေရ၍ လွန်စွာဝမ်းသာပီတိဖြစ်ရပါသည်။ ရွှေ့ပြောင်းလုပ်သားများ ဒုတိယအများဆုံးသွားရောက်လုပ်ကိုင်နေသည်ဟုယူဆနိုင်သည့် မလေးရှားနိုင်ငံသို့ပါ ၂၀၁၃ ခုနှစ်လယ်ခန့်တွင် အလုပ်သမားသံတမန် (Labour Attache)စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သည်ကို ကြားသိရပါသည်။

မလေးရှားရောက် တရားမဝင်လုပ်သားများအား ထိုင်းနိုင်ငံကဲ့သို့ တရားဝင်ယာယီမှတ်ပုံတင်နိုင်ငံကူးလက်မှတ်ထုတ်ပေးမှုများ ဆောင်ရွက်ပေးပါက ပိုမိုအဆင်ပြေမည်ဟု ထင်မြင်မိပါသည်။ မလေးရှားတွင် ဆောင်ရွက်ခဲ့ပါက ထိုင်းနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံကောင်းများကိုရယူ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ဆောင်ရွက်ပေးစဉ်က နှစ်နိုင်ငံအစိုးရအကြားသဘောတူထားသည့် ကုန်ကျစရိတ်ထက် အဆပေါင်းများစွာကို အလုပ်သမားများအနေဖြင့် ကုန်ကျခဲ့ကြောင်း နေရပ်ပြန်လုပ်သားများ၊ အင်တာနက်၊ ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘုတ်နှင့် အခြားသတင်းအရင်းအမြစ်အမျိုးမျိုးမှကြားသိရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။ မိသားစုအရေးနှင့် အခြေအနေအရပ်ရပ်၊ အကြောင်းအမျိုးမျိုးကြောင့် "ကြီးမားသောမျှော်လင့်ချက်အိပ်မက်"ဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်နေသော " ရွှေမြန်မာတို့၏အိပ်မက်"သည် ပြီးပြည့်စုံအောင် ယူဆောင်မသွားသည့် ကျွမ်းကျင်မှုနှင့် မိမိ၏လောဘကိုသာ ရှေးရှု၍လွဲမှားစွာ စီစဉ်ပေးခဲ့သည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာကုမ္ပဏီများကြောင့် အကောင်အထည်ပေါ်မလာခဲ့ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကုမ္ပဏီနှင့် ပြည်ပရောက်အလုပ်သမားသံတမန်များအား အထူးကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် ရွှေမြန်မာတို့၏အိပ်မက်များ အမြန်ဆုံးအကောင်အထည်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း မွန်မြတ်သောစိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စပိန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟိုဆေး မန်နူရယ် ဂါစီရာ- မာဂါလိုဝိုင် မာဖေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သီတင်းကျွတ်ခါ၊ အဘိဓမ္မာ၊ ကြားနာကုသိုလ်ပွဲ

❀ ကြာငါးမည်ကြိုင်လှိုင်သင်းတဲ့
သီတင်းကျွတ်တူရာသီမှာ၊
ဖြူ၊ နီ၊ ညိုကြာပဒုမ္မာတို့
သင်းထုံနံ့ဖြာ။
ရွှေပဋ္ဋုန်မိုးလအကုန်မှာ
ဝတီံသာမြင်းမိုရ်ပွဲတော်ထူး၊
စည်ကားစွာပြည်အနှံ့ကျင်းပလို့
မြတ်ဗုဒ္ဓလူ့ပြည်အဆင်းမှာ
ဦးတင်ကာဖူး။

❀ ရှေးမြန်မာတို့ထုံးစံပြု
ဝါကပ်မှုအစဉ်အလာ၊
"ပုရိမ" ပထမဝါနှင့်
"ပစ္ဆိမ" ဒုတိယဝါ။
ပစ္စည်းလေးပါးထောက်ပံ့ကာ
ပဝါရဏာပွဲ ခြိမ့်ခြိမ့်သဲ။
လူ၊ ပုဂ္ဂိုလ်၊ ဆရာ၊ မိဘ
ဂုဏ၊ ဝယ၊ ခွဲခြားကာ
ရှိသေစွာပူဇော်သည့်ပွဲ။

❀ သန္တုသိတ အမည်ရသည့်
မယ်တော်မိနတ်ဒေဝါကို
သုံးလတာဟောသည့်မြတ်ဒေသနာ
"အဘိဓမ္မာ" ဟုဆို။
သက်သသနဂိုရ်ပြည်အဆင်းမှာ
ကြိုဆိုကာခြိမ့်ခြိမ့်သဲ
ရှေးစဉ်လာမြန်မာတို့ရဲ့
ဘုရားမြတ်စွာကို ပူဇော်ခြင်း
မီးမြင်းမိုရ်ပွဲ။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

ကျောက်ကြီး၌ လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများ ရှင်းလင်းပွဲကျင်းပ

ကျောက်ကြီး အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက လယ်ယာမြေနှင့်ဥယျာဉ်ခြံမြေများ ရှင်းလင်းပွဲကျင်းပရာ ကျောက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ နယ်မြေခံတပ်ရင်းများမှအရာရှိများ၊ မြို့နယ်မြေစာရင်းဦးစီဌာန၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာနနှင့် တုံးကြီးကျေးရွာအုပ်စုမှတောင်သူများ၊ ဥယျာဉ်ခြံပိုင်ရှင်များတက်ရောက်ကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က လယ်ယာမြေ ဥယျာဉ်ခြံမြေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဥယျာဉ်ခြံမြေတောင်သူများကလည်း မိမိတို့လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို အကျယ်တဝင့်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

(၂၈၈)

လွှတ်တော်အတွင်း အရည်အသွေးမြှင့်တင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား နိုင်ငံတကာဒီမိုကရေစီအရေးနှင့် ရွေးကောက်ပွဲကူညီထောက်ပံ့ပေးရေးဌာန(IDEA)အဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Vidar Helgesen ဦးဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1) ၌လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ IDEA အဖွဲ့၏ လုပ်ငန်းဆောင်တာကိစ္စရပ်များ၊ အတွေ့အကြုံများကို ဆွေးနွေးပြောကြားခြင်းနှင့် လွှတ်တော်အတွင်း အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

NGO/INGO အဖွဲ့များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရန် သက်ဆိုင်ရာက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အား ဖောက်ဖျက်ပါက ထိရောက်သော အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏

ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း။

"ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လုပ်ကိုင်နေကြသည့် NGO/INGO အဖွဲ့အစည်းများ၏ အကြောင်းအရာများကို သိလိုသည့်" မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ဖွဲ့စည်းခွင့်ပြုခဲ့သော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့ NGO(၄၆၁)သင်းအနက် ရခိုင်ပြည်နယ်တွင် NGO(၄)သင်းရှိပြီး မှတ်ပုံတင်ခွင့် ပြုထားသော INGO(၆၈)သင်းအနက် (၁၂) သင်းကို ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကလေးသူငယ်များ ကာကွယ်ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများ၊ ရေကောင်းရေသန့် ရရှိရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပါကြောင်း၊ တရားဝင်မှတ်ပုံတင်ခွင့်ရရှိရေး ဆောင်ရွက်နေသော NGO(၃)သင်းသည်လည်း ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် စုစုပေါင်း INGO(၁၅)သင်း ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက INGOအဖွဲ့အစည်းများ၏ ငွေကြေးသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ရရှိလာသည့် ရန်ပုံငွေ (နိုင်ငံခြားငွေ)များကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ရန်ပုံငွေခွဲဝေသုံးစွဲရေးကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနက INGOများနှင့် ကြိုတင်ညှိနှိုင်း၍ ဆောင်ရွက်ပါကြောင်း၊ ရန်ပုံငွေရရှိသုံးစွဲမှု စနစ်တကျဖြစ်စေရန်နှင့် အခြားမလိုအပ်သော တရားမဝင်ငွေကြေးရရှိမှုမရှိစေရန်အတွက် အသင်းအဖွဲ့များ၏ ငွေစာရင်းရှင်းတမ်းကို လစဉ်တင်ပြရပါကြောင်း၊ NGO/INGO အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းစီမံချက်များနှင့် လစဉ်အစီရင်ခံစာများကို သတ်မှတ်ထားသည့်လအလိုက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးများနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ ပေးပို့ရပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ "ပြည်ထောင်စုအစိုးရ၏ အခွန်ကောက်ခံရငွေများ" နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က လွှတ်တော်၏အတည်ပြုချက်ဖြင့် အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းခဲ့သော်လည်း ဝင်ငွေခွန်ဥပဒေအခန်း (၁၈)၊ ပုဒ်မ ၅၉ တွင် မြို့နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့်အခွန်အနက် ကျပ်ငွေဖြင့် ကောက်ခံရရှိငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က မြို့နယ်အလိုက် သတ်မှတ်သော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းနိုင်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ၎င်းပြဋ္ဌာန်းချက်နှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသို့ စည်ပင်သာယာဝေစုများကို လွှဲပြောင်းပေးလျက်ရှိပါကြောင်း။

1920 The Yangon Development Trust Act, ပုဒ်မ ၆၈(၁)၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၃၁(က) နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၃၆(က)တို့အရ နေပြည်တော်၊ ရန်ကုန်

ရသေ့တောင် မဲဆန္ဒနယ်မှ
ဒေါ်ခင်စောဝေ။

နှင့်မန္တလေးမြို့များတွင် အပိုတံဆိပ်ခေါင်းခွန် (၂)ရာခိုင်နှုန်းအား ထပ်ဆောင်းကောက်ခံ၍ သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့များသို့ လွှဲပြောင်းပေးလျက် ရှိပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ အခွန်ကောက်ခံရငွေများမှ အချို့ကို မိမိသဘောအလျောက် ခွဲဝေပေးနိုင်ခြင်း မရှိပါကြောင်းနှင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ ဥပဒေများအရ ခွဲဝေပေးခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့် မေးခွန်း(၂)ခုနှင့် ပြည်ထဲရေးနှင့်သက်ဆိုင်သည့် မေးခွန်း(၇)ခုတို့ကို မေးမြန်းဖြေကြားခဲ့ကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်း၊ ပြည်ပရေးရာဆောင်ရွက်မှုများ အမြင်ချင်းဖလှယ်

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် အမေရိကန်ပြည်ထောင်စုရှိ The National Brueau of Asian Reasearch(NBR) မှ Vice President and Director Miss Meredith Miller နှင့် Ms. Priscilla Clapp ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြည်တွင်း ပြည်ပရေးရာဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်အငြင်းပွားမှုကိစ္စရပ်များ ဖြေရှင်းရေး၊ တရားမျှတမှုရှာဖွေရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်ဆိုင်ရာ ပြည်ပအတွေ့အကြုံ ရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးမှုဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ကျင်းပခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအရည်အသွေး တိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ - ၂၀၁၃ တက်ရောက်ခဲ့သူ ကိုယ်စားလှယ်များအနက် စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သော ကိုယ်စားလှယ်အဖွဲ့၏ ပြည်ပအတွေ့အကြုံရှင်းလင်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ဒေါက်တာကျော်ကျော်ငွေး၊ ဦးစိုးဦး၊ ဦးသန်းထွန်း၊ ဦးမန်းမောင်မောင်ညာဏ်၊ ဦးငွန်မောင်းနှင့် တာဝန်ရှိသူများ၊ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ထို့နောက် လေ့လာရေးခရီးသွားရောက်ခဲ့ကြသူများ ကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကထိက ဒေါ်ပြုံးမြမြကြည်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးငြိမ်းလှိုင်တို့က လေ့လာရေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံအင်္ဂလိပ်စာနှင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အခြေခံအင်္ဂလိပ်စာနှင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၁၃)ဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုနှင့် သံတမန်ဘာသာရပ်နှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်း ခြင်းနည်းပညာ၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာဆက်သွယ်ပြောဆိုမှုပညာ စသည်တို့ကို ပို့ချခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ အသစ်ခန့် အငယ်တန်းအဆင့် စာရေးဝန်ထမ်း ၇၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မော်လမြိုင်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

မော်လမြိုင် အောက်တိုဘာ ၁၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာများတွင် မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုများလျော့နည်းစေရေး၊ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများ ပပျောက်စေရေးအတွက် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၆ ရက် ည ၇ နာရီခွဲက မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှက အမျိုးသမီးငယ်များ မုဒိမ်းမှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါးရောင်းချသူနှင့် သုံးစွဲသူများ ပပျောက်စေရေး၊ ထိရောက်စွာ ဖမ်းဆီးနှိမ်နင်းအရေးယူနိုင်စေရေးနှင့် မှုခင်းကျဆင်းရေးတို့တွင် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်စေနိုင်ရေးအတွက် အသိပညာပေးဟောပြောခဲ့ခြင်းဖြစ်သည်။

အလားတူ ပန်းဘဲတန်းရပ်ကွက်၊ မြေနီကုန်းရပ်ကွက်၊ ဈေးကြီးရပ်ကွက်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(ကျော်သန်း-မော်လမြိုင်)

✱ ကျောဖုံးမှ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးလျော့ပါးရေး စီမံခန့်ခွဲမှု၊ လူသားချင်းစာနာမှု၊ အကူအညီပေးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရပ်ရွာလူထု၏လိုအပ်ချက်နှင့်ပူးပေါင်းပါဝင်မှုကို ထည့်သွင်းစဉ်းစားမှု အားနည်းခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များမှ ဘေးကင်းလုံခြုံသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်စေရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍကို ချန်လှပ်ထားခြင်းမျိုး မဖြစ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျော့ပါးရေးနေ့အထိမ်းအမှတ် အခမ်းအနား၏ ဦးတည်အုပ်စုကို ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း၊ တစ်ဘီလီယံခန့်ရှိသည့် ကမ္ဘာ့မသန်စွမ်းသူများကို မီးမောင်းထိုး ရွေးချယ်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးပူနွေးလာမှုနှင့်ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုများ၏ ဆိုးကျိုးသက်ရောက်မှုများကို တွေ့ကြုံခံစားနေရပါကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်းက ကမ္ဘာတစ်လွှား ဘေးအန္တရာယ်ဖြစ်ပွားမှု အကြိမ်ပေါင်း ၃၁၀ ရှိခဲ့ပြီး လူပေါင်း ၉၃၃၀ အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၃၈ ဘီလီယံရှိသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၂-၂၀၁၃ နှစ်အတွင်း သဘာဝဘေးအန္တရာယ် ၄၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ဘေးသင့်သူဦးရေ ၂၃၄၅၈၄ ဦးရှိခဲ့ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၆၆၄၁ ဒသမ ၉၇ သန်း ရှိခဲ့ပါကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို မည်မျှအဟန့်အတားဖြစ်စေသည်ဆိုခြင်းကို ခန့်မှန်း၍ ရနိုင်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဆုရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေတွင် ဘေးအန္တရာယ်အများဆုံး ခံစားရသူများဖြစ်ကြသည့် ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူနှင့် အမျိုးသမီးများအား ဦးစားပေး ကူညီစောင့်ရှောက်ရမည်ဟု ပါရှိပါကြောင်း။

သဘာဝဘေးအန္တရာယ်ကျရောက်ဖြစ်ပွားချိန်တွင် ဖြစ်ပွားရာဒေသရှိ ဒေသခံပြည်သူနှင့် ဒေသခံအစိုးရတို့သည်သာ ပထမဦးဆုံး ရင်ဆိုင်ဖြေရှင်းရမည့်သူများဖြစ်ကြပြီး စီမံတုံ့ပြန်ဆောင်ရွက်ရမည်မှာ ဒေသခံအစိုးရများ ဖြစ်ပါကြောင်း၊ ဘေးဒဏ်ကျရောက်နိုင်သည့် ဒေသရှိ ပြည်သူလူထုနှင့် ဒေသခံအစိုးရတို့၏ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်တိုးတက်မြင့်မားလာစေရန်အတွက် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာသင်တန်း၊ ပညာပေးဆွေးနွေးမှုများ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုဘာသာရပ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလုပ်ဆောင်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် တည်ထောင်ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကမ္ဘာတွင် ကြုံတွေ့နေကြရသည့် သဘာဝဘေးအန္တရာယ်များ၏ ဖြစ်ပွားမှု၊ အကြိမ်အရေအတွက် များလာမှုနှင့် ပိုမိုပြင်းထန်လာမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံတစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရတော့သည်ကို တွေ့ရပါကြောင်း၊ ထို့အတွက် အတွေ့အကြုံဖလှယ်ခြင်း၊ လျော့ပါးရေးစီမံချက်ရေးဆွဲခြင်းများကို နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ယိုဂိုမူဘောင်လုပ်ငန်းစဉ်များနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် လုပ်ငန်းစဉ်များအတိုင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် တည်ထောင်ထားသည့် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ၊ လူသားချင်း စာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယခုနှစ်ဆောင်ပုဒ်ပါအတိုင်း မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်ဆွေးနွေးစေခြင်း၊ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံအား သဘာဝဘေးဒဏ်များမှ ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းပေးနိုင်သည့် နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့အတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ထည့်သွင်းဆောင်ရွက်ကြရေးကို သက်ဆိုင်ရာအစိုးရဌာန အသီးသီးနှင့် လူမှုရေးအသင်းအဖွဲ့များက လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်သွားကြစေရန် ပြည်သူလူထုတစ်ရပ်လုံးကပါ တက်ကြွစွာ ပါဝင်လာစေရေးအတွက် ပညာပေးစည်းရုံးသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ဖြင့် မှာကြားသည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ခေတ္တဌာနေကိုယ်စားလှယ်က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားသည်။

ကုလသမဂ္ဂအဖွဲ့ အစည်းများ၏ ခေတ္တဌာနေကိုယ်စားလှယ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် မသန်စွမ်းအနုပညာရှင်များက တွဲလက်အမည်ရှိ ဆောင်ပုဒ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ကုလသမဂ္ဂမှ ခေတ္တဌာနေကိုယ်စားလှယ်တို့က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကူညီဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ဝန် Mr. Roger Gifford ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လန်ဒန်မြို့တော်ဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။ **(သတင်းစဉ်)**

○ ၂၀၁၃ ခုနှစ်မှ

ရွေးချယ်ခဲ့ကြသည်။ ၎င်းတို့က ကမ္ဘာအပါအဝင် စကြဝဠာကြီး ဖြစ်တည်လာစေသည့် အခြေခံအကျဆုံး အမှုန်လေးများ ဖြစ်ပေါ်လာပုံကို လေ့လာဖော်ထုတ်ခဲ့ကြသူများဖြစ်သည်။ အဆိုပါ အခြေခံအကျဆုံး အမှုန်လေးများကို God particle (ဖန်ဆင်းရှင်အမှုန်) ဟုခေါ်ဆိုကြပြီး ရူပဗေဒဘာသာရပ်အတွက် အခြေခံအကျဆုံး သဘောတရားတစ်ခုဖြစ်သည်။

အောက်တိုဘာ ၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ဩစတြီးယားနိုင်ငံသား မာတင် ကာပလပ်၊ တောင်အာဖရိကနိုင်ငံသား မိုက်ကယ် လက်ဗစ်နှင့် အစ္စရေးနိုင်ငံသား အာရီဝါရှယ်တို့ကို ရှုပ်ထွေးခက်ခဲသော ဓာတုဗေဒဆိုင်ရာစနစ်များအတွက် တိုင်းတာရန် (multi-scale models) ပုံစံများ တီထွင်နိုင်ခဲ့သည့်အတွက် ယခုနှစ်၏ ဓာတုဗေဒဆိုင်ရာနိုဘယ်ဆုရှင်များအဖြစ် ရွေးချယ်ခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

အောက်တိုဘာ ၁၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် စာပေဆိုင်ရာ နိုဘယ်ဆုကို အသက် (၈၂)နှစ်ရှိ ကနေဒါစာရေးဆရာမ အဲလစ် မွန်ရိုက ရရှိသွားခဲ့သည်။ အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ၁၉၉၇ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် Organization for the Prohibition of Chemical Weapons (OPCW) ဓာတုလက်နက်များပိတ်ပင်တားမြစ်ရေးအဖွဲ့ကို ရွေးချယ်ခဲ့ကြောင်းနှင့် ယင်းအဖွဲ့ကြီးက ဓာတုလက်နက်များ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရွေးချယ်ရခြင်းဖြစ်ကြောင်း နော်ဝေနိုဘယ်ဆုရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာသည်။

၁၉၆၈ခုနှစ်တွင်မှ ထပ်မံတိုးမြှင့်ပေးအပ်ခဲ့သည့် စီးပွားရေးသိပ္ပံပညာဆိုင်ရာ နိုဘယ်ဆုကို အောက်တိုဘာ ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ကြေညာသွားမည်ဖြစ်သည်။ နိုဘယ်ဆုများကို ၁၉၀၁ ခုနှစ်ကတည်းက စတင်ပေးအပ်ခဲ့ပြီး နှစ်စဉ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာ၍ အယ်ဖရက်ဒ်နိုဘယ်ကွယ်လွန်ခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်တွင် ဆုများကို ပေးအပ်ချီးမြှင့်လေ့ရှိသည်။ **(မောင်သာယာ)**

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၁၁

အောက်တိုဘာ ၁၁ ရက် မြန်မာစံတော်ချိန် ဝဝ နာရီ ၂၆ မိနစ် ၁၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ဒသမ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(ကြေးမုံ)

■ ၂၀၁၅ ခုနှစ်မှ

ပြည်သူ့အကျိုးကို ဆောင်ရွက်မှ လူထုက ယုံကြည်အားကိုးကာ မဲရနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ရွေးကောက်ပွဲဆိုသည်မှာ Win Win မရနိုင်ကြောင်း၊ အားလုံးနိုင်တာမျိုး မရှိကြောင်း၊ အတူတကွ ပူးပေါင်းလက်တွဲကာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် အားလုံးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေးဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့မြန်မာနိုင်ငံသည် ပွင့်လင်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ စည်းစည်းလုံးလုံး ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုဖြင့်ဆောင်ရွက်ကြရန် အကြံပြုပြောကြားလိုကြောင်း" ဖြင့် ပဏာမပြောကြားသည်။

ထို့နောက် ကြားဖြတ်ရွေးကောက်ပွဲကိစ္စနှင့်စပ်လျဉ်း၍ "ပြည်သူ့လွှတ်တော်တွင် ၃ ဒသမ ဝ၇ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၂ ဒသမ ၃၈ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် ၁ ဒသမ ၂၁ ရာခိုင်နှုန်း စသည်ဖြင့် လစ်လပ်မှုအနည်းအကျဉ်းသာဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ယခုနှစ်အတွင်း ကျင်းပမည့် (27)[th] SEA Games ပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၊ အိမ်ရှင်အဖြစ် ကျင်းပမည့် အာဆီယံ ထိပ်သီးဆွေးနွေးပွဲများ၊ အာဆီယံဥက္ကဋ္ဌနေရာ တာဝန်ထမ်းဆောင်ရမည့်အတွက် နိုင်ငံတော်တွင် အလုပ်တွေများနေတာတစ်ကြောင်း၊ မိမိတို့၏ နိုင်ငံရေးစနစ်မှာ သုံးလွှန်းတင်စနစ်ဖြစ်သည်နှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် မြို့နယ်တစ်ခုစီမှ လွှတ်တော်ကိုယ်စားလှယ် သုံးဦးစီရှိနေပြီး မြို့နယ်၏အကျိုးကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်နေရာလစ်လပ်သွားသော်လည်း ကျန်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဒေသ၏အကျိုးကို ဆောင်ရွက်နိုင်ကြောင်း" ဖြင့် ၎င်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြီးခဲ့သည့် ၂၀၁၀ ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲစာရင်းကောက်ယူရာ၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ "ပြီးခဲ့သည့် ၂၀၁၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ၈၉ ရက်အတွင်း အလျင်အမြန် အပြီးဆောင်ရွက်ခဲ့ရ၍ မဲစာရင်းကဏ္ဍ၌ အချိန်ကန့်သတ်ချက်ကြောင့် တိကျမှန်ကန်မှု အားနည်းခဲ့ကြောင်း၊ ပုံစံ(၁၀)နှင့် အိမ်ထောင်စုစာရင်းအပေါ် မူတည်ပြီး မဲစာရင်းကောက်ခံရခြင်းဖြစ်ပြီး အဆိုပါ စာရင်းဇယားများသည် မှန်ကန်မှုအားနည်းခြင်း၊ နောက်ဆုံးအခြေအနေနှင့် မကိုက်ညီ၊ မဲစာရင်းမှန်ကန်ရေးတွင် အားနည်းခဲ့ရကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အဆိုပါမဲစာရင်းကို အခြေခံဆောင်ရွက်ခဲ့သဖြင့် မဲစာရင်းတွင် ထပ်မံ၍ မဲစာရင်းမပြည့်စုံမှု၊ မမှန်ကန်မှုတွေ တွေ့ကြုံခဲ့ရကြောင်း၊ တိကျမှန်ကန်သော မဲစာရင်းကို မိမိတို့မကောက်နိုင်သေးကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူပြီးချိန်တွင် တိကျမှန်ကန်သော မဲစာရင်းပြုစုရရှိနိုင်မည်ဖြစ်ကြောင်း၊ နောင်တွင် မဲစာရင်းစာအုပ်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ထားရှိကာ အခါအားလျော်စွာ နောက်ဆုံးအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သေဆုံးစာရင်းကိုပယ်၊ (၁၈)နှစ်ပြည့် စာရင်းပြန်ဖြည့်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကို ချင့်ချိန်ပြီး ကြားဖြတ်ရွေးကောက်ပွဲကို မကျင်းပရခြင်းဖြစ်ကြောင်း"ဖြင့် ရှင်းလင်းပါသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရန် မဟာဗျူဟာ စီမံကိန်းတစ်ရပ် ရေးဆွဲနေကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်ရာတွင် ပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ မီဒီယာအဖွဲ့အစည်းများကလည်း မီဒီယာမှတစ်ဆင့်ပြည်သူလူထုကို အသိပညာပေး ဆောင်ရွက်ကြရန်လိုကြောင်း" ဖြင့် ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လာမည့်ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် မီဒီယာများ၏ အခန်းကဏ္ဍ၊ ပါတီ ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲ မှတ်ပုံတင်ကြေးစရိတ်နှင့် ပါတီများ၏ ငွေကြေးဆိုင်ရာကဏ္ဍ၊ လာမည့်ရွေးကောက်ပွဲတွင် ပြင်ဆင် ဆောင်ရွက်သင့်သည့်အချက်များအပေါ် ပြန်လည်သုံးသပ်အကြံပြုတင်ပြချက်များ အခန်းကဏ္ဍနှင့် လာမည့်ပါတီစုံ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရန်အတွက် အထွေထွေ အကြံပြုတင်ပြချက်များ အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အလှည့်ကျ ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံညှိနှိုင်းပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ ညှိနှိုင်းပွဲအပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ (၃၂)ခုတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေး ကောက် ပွဲ ကော် မ ရှင် နှင့် နိုင်ငံရေး ပါတီများ တွေ့ဆုံ ညှိနှိုင်း ပွဲတွင် ပြည် ထောင် စု ရွေး ကောက် ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦး တင် အေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒေါက်တာမြင့်အောင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ စာချုပ်သစ် ပြန်လည်ချုပ်ဆိုနိုင်ခဲ့ပြီး လုပ်ငန်းများ အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ပြည်သူလူထုနှင့် ပိုမိုထိတွေ့ဆက်ဆံမှု ပိုမိုရရှိစေရန် ဆက်ဆံရေးရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်မှသာ ဒေသခံပြည်သူများကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်မည်ဖြစ်ပြီး မြေယာသိမ်းဆည်းခံရသူများ၏ စားဝတ်နေရေး အခက်အခဲများ ပြေလည်နိုင်မည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ဒေသခံပြည်သူများ ပိုမိုသိရှိစေရေးအတွက် အသိပေး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အလေးထား၍ လက်ပံတောင်းဒေသအား ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အဆင့်ဆင့် တာဝန်ယူဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားပြီးဖြစ်ရာ ခေတ်စနစ်ဟောင်း အမူအကျင့်များဖြစ်သည့် "အထက်သို့ တင်ပြထားဆဲ" ဟူသည့် ခေါင်းရှောင်မှုများကို ပြုပြင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းအဖွဲ့ (၄)ဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများမှာလည်း အရှိန်အဟုန်ကျမသွားရန် လိုအပ်ပြီး လတ်တလော ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်သကဲ့သို့ ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံချက်များဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က စီမံကိန်းဒေသအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ (၄)ဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က မိမိတို့ သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးပြီး တက်ရောက် လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာ ဆွေးနွေးချက်ကဏ္ဍများအလိုက် လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက် ရှင်းလင်းဆွေးနွေး၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန် သတိပေးချက်ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၁

အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖိုင်လင်း (PHAILIN)သည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ပုသိမ်မြို့၏ အနောက်တောင်ဘက်မိုင် ၃၆၀ ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည်အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင်မိုင် ၁၀၀ မှ ၁၂၀ အထိ ရှိနိုင်သည်။ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သော်လည်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

သို့ဖြစ်၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အဆိုပါ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများတွင် အချိန်မီခိုလှုံကြပါရန် လိုအပ်ပါသည်-

(က) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ဝဝ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝဝ မိနစ်)
(ခ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)
(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်)
(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)
(င) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)
(စ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင်(မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်)
(ဆ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)
(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ (မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ဝဝ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်)
(ဈ) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနိကျေးရွာ (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်း မပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့်ကျွန်းများတွင် ကျွန်းခိုကြရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းကင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း နေအိမ်နှင့်လယ်ယာမြေများ ရေနစ်မြုပ်

မင်းကင်း အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်တွင်းချောင်ချောင်းနှင့် ပထိုးလုံးချောင်းများ ရေလျှံကာကျေးရွာ ၁၉ ရွာမှ လယ်မြေဧက ၁၇၈၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး နွားလေးကောင်နှင့် ဝက် ၁၀ ကောင် သေဆုံး၊ ပျောက်ဆုံးကာ ချောင်းဝကျေးရွာတွင် သွပ်မိုး၊ ထရံကာ လူနေအိမ်သုံးလုံးပျက်စီးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ အထောက်အကူပြုကော်မတီသည် မြို့နယ်ထွေ/အုပ်ဦးစီးရိပ်သာတွင် ကြီးကြပ်ကွပ်ကဲရေးမှူးရုံးဖွင့်လှစ်ကာ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရေဘေးသင့် အိမ်ထောင်စု ၃၅၀၊ လူဦးရေ ၁၄၂၀ တို့အား ခေါက်ဆွဲခြောက်ထုပ် ၄၈၀ နှင့် မုန့်ထုပ်များ၊ ရပ်ကွက်နေပြည်သူများနှင့်နီးစပ်ရာ ကျေးရွာနေပြည်သူများက ထမင်းထုပ်များ ဝေငှခဲ့ကြောင်း သိရသည်။ **ဗိုလ်ဟောဆာ(ချင်းတောင်ခြေ)**

ပီမိုးနင်း နှစ်(၁၃၀)ပြည့်မွေးနေ့ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

နိုဝင်ဘာ ၅ ရက်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာကြီးပီမိုးနင်း နှစ်(၁၃၀) ပြည့်မွေးနေ့ဖြစ်သည်။

ယင်းနေ့တွင် ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲနှင့် ပီမိုးနင်းဂုဏ်ပြုကဗျာ၊ တေးသီချင်းရွတ်ဆိုပွဲတို့ကို ကျင်းပမည်ဖြစ်ရာ ပီမိုးနင်း နှစ်(၁၃၀)ပြည့် လုပ်ငန်းကော်မတီကို သဘာပတိ ခင်မောင်အေး(မန္တလေး)နှင့် အကယ်ဒမီထွန်းလှိုင် (ခေတ်ပုံ)၊ ဥက္ကဋ္ဌ မြေနီသစ္စာ(မြန်မာ့အလင်းအောင်သန်း)၊ ဒုတိယဥက္ကဋ္ဌ(၁) အဝကျွန်း ချစ်မောင် (စောင့်ကြည့်ဂျာနယ်နှင့် ရုပ်ရှင်တေးကဗျာ)၊ ဒုတိယဥက္ကဋ္ဌ (၂) မောင်ယဉ်ကျော်(မှုခင်းသတင်းဂျာနယ်)၊ အထွေထွေအတွင်းရေးမှူး စည်သူမြသန်း၊ အတွင်းရေးမှူး (၁) ကေတုလှနိုင်၊ အတွင်းရေးမှူး (၂) မြန်မာ့မောင်သန့် (မဟာဝိဇ္ဇာ)၊ ဘဏ္ဍာရေးမှူး ဘသက်ဆွေ (မြင်ကွင်းစုံဂျာနယ်)၊ ပြန်ကြားရေးမှူး တက္ကသိုလ်မြတ်သွင်(ဝါးခယ်မ)၊ ထုတ်လုပ်ရေးမှူး ဒေါ်ပြုံးပြုံးခင် (ပြုံးစာပေ) တို့ အပါအဝင် အဖွဲ့ဝင် ၂၀ ဖြင့်ဖွဲ့စည်းထားကြောင်း သိရသည်။

(ကြေးမုံ)

သိမ်းဆည်းထားသောလယ်ယာမြေများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံ အစိုးအရအဖွဲ့အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ရန်ကုန်တိုင်းဒေသကြီးရှိတိုင်းဒေသကြီး ဒဂုံမြို့သစ် စံပြခေတ်မီစက်မှုလယ်ယာမြေအထူးဇုန် စိုက်ခင်းများနှင့် ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပိုဒ်(၂)တွင်ပါရှိသည့် အကြံပြုချက်အပေါ် ဥပဒေနှင့် ညီညွတ်စွာ ဖြေရှင်းပေးနိုင်ရန် ကျင်းပသောအစည်းအဝေးသို့ စုံညီစွာ တက်ရောက်၍ ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးပြီး ကုမ္ပဏီ ၁၆ ခုနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသော စက်မှုလယ်ယာအထူးဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ဖြစ်ပေါ်နေကြောင်း၊ သိမ်းဆည်းထားပြီးဖြစ်သော အဆိုပါလယ်များကို ချမှတ်ပေးထားသော လမ်းညွှန်ချက်အတိုင်း ကုမ္ပဏီများနှင့် တောင်သူများ အကျိုးတူ (Contract Farming) ဆောင်ရွက်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်းမရှိသော တောင်သူများအား သင့်တင့်မျှတသည် နှုန်းထားကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ နစ်နာကြေး၊ ကရုဏာကြေးပေးသင့်ကြောင်း ဖော်ပြထားရှိသည့်အတိုင်း သက်ဆိုင်ရာကုမ္ပဏီတစ်ခုချင်းစီအနေဖြင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့်ဥပဒေများနှင့်ကိုက်ညီမှန်ကန်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အဆင့်ဆင့်တို့အနေဖြင့် အလေးထားဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေများကို ကိုးကားပြီး အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဥပဒေနှင့်လက်တွေ့ကိုက်ညီမှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များနှင့် ကုမ္ပဏီအသီးသီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အဆင့်ဆင့်၊ အုပ်ချုပ်ရေးပိုင်း၊ တရားစီရင်ရေးပိုင်း၊ ဌာနဆိုင်ရာများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်ချက်များကို အသေးစိတ်ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍တာဝန်ရှိသူများနှင့် ပါဝင်တက်ရောက်လာကြသည့် ကုမ္ပဏီ ၁၆ ဖွဲ့တို့မှ လုပ်ငန်းရှင်အသီးသီးတို့က အသေးစိတ်ဆွေးနွေးတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးရန်၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်တင်ပို့ရန် လယ်ယာထွက်ကုန် ဆန်စပါးသီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော ဒဂုံမြို့သစ် ခေတ်မီစက်မှုလယ်ယာစိုက်ပျိုးရေးအထူးဇုန်တွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးဖြစ်ပေါ်လျက်ရှိသောအခြေအနေပေါ် ဥပဒေနှင့်ညီညွတ်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အမှန်တကယ်နစ်နာကြသူများကိုလည်း သင့်တင့်မျှတသည့်နှုန်းထားဖြင့် နစ်နာကြေး၊ ကရုဏာကြေးများကို ရရှိခံစားနိုင်ကြရန် ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)





ဖတ်စရာ၊ မှတ်စရာ

ပြောက်အိုးသံများ ဝိုင်းဝန်းတားဆီးစေချင်

မုတ်သုံလေမိုးကား ဆုတ်ခွာသွားလေပြီ။ မိုးအကုန် ဆောင်းအကူး အေးမြခြင်းနှင့်အတူ မကြာမီရောက်ရှိလာတော့မည့် သီတင်းကျွတ်ကာလသည်ကား မြန်မာလူမျိုးများအတွက် ပျော်ရွှင်ဖွယ်ရာမီးထွန်းပွဲတော်ကို ကျင်းပရမည့်အချိန်ကာလပင် ဖြစ်သည်။ မြတ်နိုးဖွယ်ရိုးရာမီးထွန်းပွဲတော်ကို အရုပ်ဆိုးစေသောဓလေ့တစ်ခုမှာ ပြောက်အိုးသံပင်ဖြစ်သည်။ ယခုတလော သတင်းစာများတွင် ပြောက်အိုးနှင့်ပတ်သက်၍ သတင်းဆောင်းပါး၊ သတင်းများတစ်ပုဒ်စ၊ နှစ်ပုဒ်စ ပါလာလေ့ရှိသည်ကို တွေ့ရသည်။ အောက်တိုဘာ ၉ ရက် ည ၇ နာရီတွင် လှည်းတန်းကားမှတ်တိုင်အနီးတွင် “ဒိုင်း” ခနဲအသံတစ်ချက်ကို ကြားလိုက်ရသည်။ အသံကြားရာနေရာကို လိုက်ရှာကြည့်မိတော့ နှစ်ပေ၊ သုံးပေခန့်ရှိ သစ်သားဗန်းကလေးပေါ်တွင် အစီအရီတင်ထားသော မီးရှူးမီးပန်းများ၊ ပြောက်အိုးသေနတ်များ၊ ပေသီးများ၊ ရှူးဒိုင်းမီးပန်းများ အစီအရီပင်။ နှစ်စဉ်နှစ်တိုင်း ဤအချိန် ဤရာသီရောက်လာလျှင် ဤအသံကိုကြားလာရပြီဖြစ်သည်။

စာရေးသူဆိုင်အနီးရောက်သွားချိန်တွင် ဝယ်ယူသူမရှိသေး။ လူရှင်းနေသဖြင့် ဈေးမေးဖြစ်သည်။ ရောင်စုံရှူးဒိုင်းအချောင်းရှည်တစ်ချောင်းလျှင် ကျပ် ၁၅၀၀ နှင့် ရောင်းချနေသည်။ “အစ်ကိုလိုချင်ရင် ကျပ် ၁၂၀၀ နဲ့ယူသွား” ဟုပင် ဈေးလျှော့ပေးလိုက်သေးသည်။ ယမ်းသေနတ်ကား တစ်လက်လျှင် ကျပ် ၆၀၀ ဟုသိရသည်။ ယမ်းတစ်ထုပ်လျှင် ကျပ် ၂၀၀ ဟု သိရသည်။ ကလေးငယ်များအတွက် အလွယ်တကူဝယ်ယူနိုင်သောဈေးပင်။ စာရေးသူမယောင်မလည်နှင့် စောင့်ကြည့်သေးသည်။ ဝယ်သူမရှိသေးပေ။

နှစ်စဉ်နှစ်တိုင်းလိုလို သတင်းစာဆရာများ၊ စာရေးဆရာများသည် ပြောက်အိုးနှင့်ပတ်သက်၍ အန္တရာယ်ကြီးမားပုံကို ရေးသားခဲ့ကြသည်။ ကလေးငယ်လေးများ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုများအပြင် လူတိုင်းအတွက် စိုးရိမ်ပူပန်သောကြောင့် ရေးသားခဲ့ကြသည်။ ထိုသို့ရေးသားနေခြင်းမှာ မိဘပြည်သူအားလုံးအတွက် ပြောက်အိုးနှင့် ပတ်သက်၍ အန္တရာယ်မဖြစ်စေလို၍ပင် ဖြစ်သည်။

ယခုအခါ သီတင်းကျွတ်လရာသီသို့ ကူးပြောင်းခါစဖြစ်သည်။ မြတ်စွာဘုရားရှင်အား ဆီမီးများထွန်း၍ ပူဇော်ကန်တော့မည့် အချိန်ဖြစ်သည်။ မြန်မာလူမျိုးများက သက်ကြီးရွယ်အိုများ၊ လူကြီးမိဘများအား ဝါကျွတ်ကန်တော့ပန်းဆင်တော့မည့် အခါသမယဖြစ်သည်။ ထိုအချိန်ထိုကာလကို ပြောက်အိုးသံများ မဖုံးလွှမ်းစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စောစီးစွာ တားဆီးထိန်းသိမ်းပေးရန်လိုအပ်သည်။ မြန်မာတို့၏ ရာသီပွဲအလှ အရုပ်ဆိုးမခံရစေရန်၊ မီးရှူးမီးပန်း၊ ပြောက်အိုးသံများပပျောက်စေရန်၊ မြန်မာတစ်မျိုးသားလုံး ဝိုင်းဝန်းတားဆီးရန် လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။

(ဝ၄၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၁၀-၂၀၁၃ (စနေနေ့)

၅း၄၀ “သခ်တမှ အသခ်တသို့” တရားတော် (ဆရာတော်ဘဒ္ဒန္တစန္ဒသေန သုညတမွေ)
၃း၀၅ ဈေးဝယ်လမ်းညွှန်
၅း၃၀ Fashion Week (ရွှေပိုးနန်းတော်) (အပိုင်း-၃) (သဇင်ခင်မင်္ဂလာအခမ်းအနား ဝတ်စုံများနှင့် မျိုးမင်းစိုး အလှူမင်္ဂလာဝတ်စုံများ)
၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျက်နှာဖုံးချစ်သူ”(အပိုင်း-၁၀၀)
၉း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးမှုကမ္ဘာ ” (အပိုင်း-၈၁)

မိုးကုန်အပြီ စိန်တံဆိပ်ဘိလပ်မြေအိတ်များ ရန်ကုန်ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်

ရန်ကုန် အောက်တိုဘာ ၁၁

ဝါးတန်းဆိပ်ခံဇောတံတား အမှတ်(၆)တွင် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခန့်က ကော့သောင်း-ရန်ကုန်ပြေးဆွဲနေသော တက်နေဝန်းသင်္ဘောပေါ်မှ စိန်တံဆိပ်ဘိလပ်မြေအိတ် ၃၂၀၀၀ ရောက်ရှိလာပြီး**(အပေါ်ပုံ)** သင်္ဘောပေါ်မှ ရန်ကုန်ဈေးကွက်သို့ ဖြန့်ချိရောင်းချရန်အတွက် ကားအသီးသီးပေါ်သို့ တင်ဆောင်နေရာ ရန်ကုန်ဈေးကွက်တွင် တစ်အိတ်ဈေးနှုန်း ကျပ် ၅၀၀၀ ဝန်းကျင်ဖြင့် ဖြန့်ချိရောင်းချနေကြောင်း သိရသည်။ ထိုသို့ ရောင်းချရာတွင် ပြည်တွင်း လက်လီ၊ လက်ကား ကုန်သည်များ အဆင်ပြေစွာ ရောင်းချနိုင်ရေးအတွက် ကုန်သည်များက စီစဉ်ဆောင်ရွက်ပေးနေပြီး အရည်အသွေးမှာလည်း အလွန်ကောင်းမွန်ကြောင်း သိရသည်။

(ကျော်မြင့်အေး-ပြန်/ဆက်)

ဖယောင်းတိုင်ထုပ်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းနေ မိဘပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အနေဖြင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မြို့နယ်အသီးသီးရှိ အခွန်လွတ်ဈေးများတွင် ဖယောင်းတိုင်ထုပ်များကို ဈေးတာဝန်ခံမှ တစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ မြို့နယ်နေပြည်သူများ အဆင်ပြေ စိတ်ချမ်းသာမှုရရှိနေကြသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ တာဝန်ယူ ဖြန့်ဖြူးပေးလျက်ရှိသော ဖယောင်းတိုင်ထုပ်များသည် ယခင်အချိန်က ကတ်ထူဖာများဖြင့် အခွန်လွတ်ဈေးအသီးသီးသို့ စနစ်တကျပို့ဆောင်ပေးနေခဲ့သော်လည်း ယခုပို့ဆောင်ဖြန့်ဖြူးပေးနေမှုသည် မြွေရေခွံအိတ်နှင့်ပါထည့်သွင်း ဖြန့်ဖြူးပေးနေသည့်အပြင် အကျိုး၊ အကြေများသည့် ဖယောင်းတိုင်ထုပ်များ လွန်ကဲစွာ ရောနှောပို့ဆောင်ပေးနေသဖြင့် ရွှေပြည်သာ၊ လှိုင်သာယာ မြို့နယ် အခွန်လွတ်ဈေး တာဝန်ခံများမှာ ပြည်သူများ၏ အထင်အမြင်လွဲမှားခံရမှု ကြုံတွေ့နေရသဖြင့် အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးစေချင်ကြောင်း ပြည်သူများထံမှ သိရသည်။

(မင်းထက်ပိုင်-လှိုင်သာယာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်လမ်း၊ တံတားများ၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊
ယင်လုံအိမ်သာလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ရှမ်းပြည်နယ်/ ရှမ်းပြည်နယ်ရုံးခွဲများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများတွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊ ယင်လုံအိမ်သာလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းများ: လမ်း ကတ္တရာ	လမ်း ကျောက်	လမ်း မြေ	တံတား သစ်သား (ပေ)	တံတား ရေပြွန် (ပေ)	ရေပေးရေး	ကျေးလက်မီးလင်းရေး ရေအားလျှပ်စစ်	ကျေးလက်မီးလင်းရေး ဆိုလာစနစ်	ကျေးလက်အိမ်ရာ	ယင်လုံအိမ်သာ
၁	ရှမ်း(တောင်)	၁၂/၀	၂၃/၅. ၆	၆၀/၀	၃၄၄	၅၀၀	၁၃	၆	၈၉၁	၃၄	၁၀၀
၂	ရှမ်း(မြောက်)	၁၂/၀	၁၈/၂	၅၄/၀	၁၉၈၄	၈၄၅	၁၃	၃	၁၁၉၁	၃၄	၁၀၀
၃	ရှမ်း(ရှေ့)	၆/၀	၁၂/၀. ၄	၃၀/၀	၆၇၂	၇၅၅	၉	၆	၈၀၈	-	-
	ပေါင်း	၃၀/၀	၅၄/၀	၁၄၄/၀	၃၀၀၀	၉၀၀	၃၅	၁၅	၂၈၉၀	၆၈	၂၀၀
	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများ										
၄	ပအိုင်း	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၃၅	၈	-	၈	၆၀
၅	ပလောင်	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၃၅	၈	-	၈	၆၀
၆	ဓနု	၅/၀	၁၀/၀	၃၀/၂	၅၀၀	၃၅၀	၃၅	၈	-	၈	၆၀
၇	ကိုးကန့်	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၃၅	၇	-	၈	၆၀
၈	ဝ	၅/၀	၁၀/၀	၂၅/၀	၅၀၀	၃၅၀	၂၄	၈	-	၈	၆၀
	ပေါင်း	၂၅/၀	၅၀/၀	၁၃၀/၂	၂၅၀၀	၁၇၅၀	၁၆၄	၃၉		၄၀	၃၀၀
	စုစုပေါင်း	၅၅/၀	၁၀၄/၀	၂၇၄/၂	၅၅၀၀	၂၆၅၀	၁၉၉	၅၄	၂၈၉၀	၁၀၈	၅၀၀

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၀-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သပြေလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို ဤဦးစီးဌာန၏ဖုန်း- ၀၉-၆၅၂၀၃၃၃၊ ၀၉-၃၆၀၅၅၉၄၆၊ ၀၉-၅၂၈၃၂၆၀၊ ၀၉-၄၉၂၃၄၄၇၅၊ ၀၉-၅၀၈၀၉၄၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
တောင်ကြီးမြို့

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ
အားကစားဝန်ကြီးဌာန

၁။ ၁၆-၈-၂၀၁၃ ရက်တွင် တင်ဒါခေါ်ယူတင်သွင်းပြီးသော Social Zoneများရှိ လူသုံးကုန်နှင့် Foot Court ဆိုင်ခန်းများအား အောက်ပါအပိုဒ်(က)မှ (ဃ)ရှိ (၁)ယူနစ်အခန်း အရွယ်အစားနှင့် ဈေးနှုန်းများအတိုင်း သတ်မှတ်ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။ တင်ဒါခေါ်ယူပြီး လက်ကျန်ဆိုင်ခန်းများမှာ အားကစားရွာ Social Zoneတွင် လူသုံးကုန်ဆိုင်ခန်း(၂၄×၂၈)ပေ၊ ကျပ်(၂၀)သိန်းတန် (၂)ယူနစ်၊ ဝဏ္ဏသိဒ္ဓိ Social Zone တွင် (၂၈×၂၈)ပေ၊ ကျပ်(၂၅)သိန်းတန် (၂၀)ယူနစ်နှင့် ဇေယျာသိရိ Social Zoneတွင် လူသုံးကုန်ဆိုင်ခန်း(၁၄×၂၀)ပေ၊ ကျပ်(၁၅)သိန်းတန် (၉)ယူနစ်၊ စားသောက်ဆိုင် Foot Court (၁၄×၂၀)ပေ၊ ကျပ်(၁၀)သိန်းတန် (၂၀)ယူနစ် ကျန်ရှိနေပါသဖြင့် ငှားရမ်းလိုသူများသည် ရုံးအမှတ်(၃၀)၊ အားကစားဝန်ကြီးဌာန၊ ဘဏ္ဍာရေးဌာနသို့ ဆက်သွယ်ငှားရမ်းနိုင်ပါသည်-

(က) ဝဏ္ဏသိဒ္ဓိ Social Zone ပေ(၂၈×၂၈) လူသုံးကုန်နှင့် ဝန်ဆောင်မှုဆိုင်ခန်း (၁)ယူနစ် - ၂၅သိန်း
(ခ) အားကစားရွာ Social Zone ပေ(၂၄×၂၈) လူသုံးကုန်နှင့် ဝန်ဆောင်မှုဆိုင်ခန်း (၁)ယူနစ် - ၂၀သိန်း
(ဂ) ဇေယျာသိရိ Social Zone ပေ(၁၄×၂၀) လူသုံးကုန်နှင့် ဝန်ဆောင်မှုဆိုင်ခန်း (၁)ယူနစ် - ၁၅သိန်း
(ဃ) ဇေယျာသိရိ Social Zone ပေ(၁၄×၂၀) စားသောက်ဆိုင်ခန်း Foot Court (၁)ယူနစ် - ၁၀သိန်း

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၀၆၂၁၈၊ ၀၉- ၄၂၀၇၂၃၇၄၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
ကျင်းပရေးဦးစီးကော်မတီ

မြိုင်မြိုင်ဆိုင်ဆိုင် မြဂနိုင်

တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)

(၉၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့သည် ၁၃-၁၀-၂၀၁၃ ရက်တွင် ကျရောက်တော့မည်ဖြစ်သည်။ ယမန်နှစ်က ထူးထူးခြားခြားလေး တင်ဆက်ခဲ့သလို ယခုနှစ်လည်း တစ်မူဆန်းပြားဖွယ်ရာရှိသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်လက်ထက် ပွဲဦးထွက်တင်ဆက်ခဲ့သော ယမန်နှစ်ကအစီအစဉ်များမှာ ရိုးရိုးလေးနှင့်ဆန်းနေပြီး မှတ်မှတ်သားသားရှိလှသည့်အတွက် မနေ့တစ်နေ့ကလို ရင်ထဲစွဲထင်နေဆဲ။ သို့ဖြစ်၍ ကြုံတွေ့ခဲ့သမျှ ပြန်ပြောင်းပြောပြချင်သည်။

ရုပ်ရှင်အစည်းအရုံးခန်းမတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ကြားချင်လှသော သီချင်းတစ်ပုဒ်ကို နားဆင်ခွင့်ရလိုက်သည်။ (မြန်မာ့မြန်မာ့ရုပ်ရှင်)၄× လူမျိုးဂုဏ်အင်× တိုးတက်မှုအစဉ်× အရာရာနှိုင်းယှဉ် ×(မြန်မာ့ မြန်မာ့ ရုပ်ရှင်) ၄× နိုင်ငံ့ဂုဏ်အင်×သုခုမလွင်× ပေါ်လွင်ခဲ့အစဉ် × ထိုယခင်စင်မြင့်အထက်မှာ ကပြခဲ့တာ သဘင်×စက်မှုအရာပညာစပ်လို့ရုပ်ရှင်အတတ်သို့နှင့် ဖလင်ကော်ပြား ဇာတ်ကားအဖြစ်ကို လှမ်းတက်ခဲ့ရာတွင် × အကျိုးရှိအောင်ဖျော်ဖြေရေးနဲ့ အသိဉာဏ်ပေးခဲ့အစဉ်×သဏ္ဌာန်လုပ်ရာတွင်× အမှန်သရုပ်သာထင်× သဘာဝစုံလင် × ပြသခဲ့တာပင်×(ရုပ်ရှင်) သုခုမပသာဒအသွင် (ရုပ်ရှင်) × အစွမ်းထက်မြက် ယခုအမြင် ×စည်းရုံးမှုအင်အားပင် ×လူထုအပေါ်မှာသွန်သင် × တိုင်းကျိုးပြည်ကျိုးများနဲ့ အမျိုးသားရေးကို အမှန်သယ်ပိုးထာဝစဉ်× (မြန်မာ့ မြန်မာ့ ရုပ်ရှင်)× လူမျိုးဂုဏ်အင်×တိုးတက်မှုအစဉ် × အရာရာနှိုင်းယှဉ် ×(မြန်မာ့ မြန်မာ့ရုပ်ရှင်)× နိုင်ငံ့ဂုဏ်အင် ×သုခုမလွင် ×ပေါ်လွင်ခဲ့အစဉ်---

မြန်မာ့ရုပ်ရှင်ကို ဂုဏ်တင်စပ်ဆိုထားသည့် အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး၏ လက်ရာမြောက်တေးတစ်ပုဒ်။ အကယ်ဒမီရှင်များဖြစ်ကြသော သုမောင်၊ ညွန့်ဝင်း၊ ချိုပြုံးနှင့်ခင်သန်းနုတို့ သီဆိုခဲ့ပြီး မြန်မာ့ရုပ်ရှင်ရွှေရတုအခမ်းအနားမှစတင်၍ နားဆင်ခဲ့ရသည်။ ရုပ်ရှင်နှင့်သက်ဆိုင်သော အခမ်းအနားများ၊ အကယ်ဒမီဆုပေးပွဲများတွင် ထိုသီချင်းသံကို ရှေးဦးစွာကြားရလေ့ရှိသည်။

သီချင်းသံပျံ့လွင့်နေစဉ်အတွင်း ခန်းမအလယ်စင်မြင့်အထက်တွင် ဒါရိုက်တာ အေဝမ်းသိန်းထွဋ်(စပ်စု)ဦးဆောင်သော အေဝမ်းအဖွဲ့သားများ Projector Screen ကြီးတစ်လုံးဖြင့် အလုပ်ရှုပ်နေကြသည်။ ခန်းမစင်မြင့်အောက်ခြေလက်ဝဲဘက်တွင် ဦးဌေးအောင်(ဆွေဇမာ)ဦးဆောင်သော ‘ဆွေဇမာမြန်မာသံတီးဝိုင်း’ မှ စန္ဒရားမောင်မောင်တုတ်နှင့်ဝိုင်းတော်သားများ တီးခတ်ရန်အသံစမ်းနေကြပြီး စင်မြင့်၏အောက်ခြေ ညာဘက်အခြမ်းတွင် ဒါရိုက်တာဇော်မျိုးအောင်၊ အကယ်ဒမီပြေတီဦး၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ အကယ်ဒမီအောင်ခိုင်၊ အရိုင်း၊ ငှက်ပျောကြော်နှင့် မောင်သန်းဝင်းစသည့် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များက မိုက်ကရိုဖုန်းတကိုင်ကိုင်ဖြင့် အသင့်အနေအထား မြင်ကွင်းကား ယဉ်ယဉ်လေးနှင့်ဆန်းနေသည်။ တခြားမတွေးပါလေနှင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့သစ်၏ ပွဲဦးထွက်ခြေလှမ်း။ ၁၃-၁၀-၂၀၁၂ ရက်က ကျင်းပခဲ့သော (၉၂)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြုအစီအစဉ် နံနက်ပိုင်းတွင် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ၊ ယင်းနောက်ခေတ္တအနားယူအပန်းဖြေကြရင်း ရုပ်ရှင်နှင့်ဗီဒီယိုအသိုင်းအဝန်းမှ စေတနာရှင်များ၏ စတုဒိသာဧည့်ခံကျွေးမွေးရေး၊မွန်းလွဲ ၁ နာရီတွင် ဒါရိုက်တာအကယ်ဒမီ ဦးကြည်စိုးထွန်းဦးဆောင်သော Laurel Art Acadamy အနုပညာအဖွဲ့မှ “ခရီးသည်ပြဇာတ်”၊ ထို့နောက်မွန်းလွဲ ၂ နာရီတွင် ၁၉၃၄ ခုနှစ်က ရိုက်ကူးပြသခဲ့သော “မြဂနိုင်” အသံတိတ်ရုပ်ရှင်ပြသရေး၊ စာရေးသူအထက်က အစပျိုးတင်ပြနေသည့် မြင်ကွင်းမှာ“ မြဂနိုင်”ပြသရေး ပြင်ဆင်နေသည့်မြင်ကွင်း၊ ရုပ်ရှင်ကြည့်ရန်စောင့်ဆိုင်းနေစဉ် အတွေးများ အဝေးတစ်နေရာသို့ ပျံ့လွင့်သွားခဲ့သည်။

၁၈၈၆ ခုနှစ်တွင် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်နှင့် ဥရောပနိုင်ငံများတွင် ရုပ်ရှင်ကားများရိုက်ကူးထုတ်လုပ်ပြသနေပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ခုနှစ်ကျမှစတင်ပေါ်ပေါက်ခဲ့သည့်အတွက် ကမ္ဘာ့ရုပ်ရှင်ထက် နှစ် ၃၀ ကျော်နောက်ကျခဲ့သည်။ အရှင်မွေးလျှင် နေ့ချင်းကြီးနိုင်သော်လည်း ထိုစဉ်ထိုကာလက

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၊ တိုင်းပြည်အုပ်ချုပ်သူ အာဏာရှင်တို့သည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများ မဟုတ်ကြသည့်အတွက် မြန်မာ့ရုပ်ရှင်ကို ပံ့ပိုးပေးရန် စိတ်ကူးပင်ရှိပုံမရ။

မြန်မာ့ရုပ်ရှင်ဖခင်ကြီးများဖြစ်ကြသော လန်ဒန်အက် ဦးအုန်းမောင်၊ ဓာတ်ပုံဆရာဦးမောင်မောင်နှင့်မင်းသားဦးညီပုတို့၏ သင်ဆရာမရှိ၊ မြင်ရာကိုသာ ကြည့်ပြီး လေ့လာဆန်းစစ် အားသွန်ကြိုးပမ်းခဲ့မှုကြောင့် မြန်မာ့ရုပ်ရှင်ပေါ်ပေါက်ရသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် လုပ်ပိုင်ခွင့်မရှိ၊ အာဏာမရှိသည့်သာမန်အရပ်သားများ၊ မျိုးချစ်စိတ် အပြည့်အဝရှိပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့် ကိုယ့်ရုပ်ရှင်ပေါ်ပေါက်ရေးအတွက် ကိုယ်ထူကိုယ်ထ ကိုယ့်စရိတ်ကိုယ်စိုက်၊ ထိုသူတို့၏ အားထုတ်ကြိုးပမ်းမှုများသည် အမျိုးသားရေးအသွင်ဆောင်သည်။ မြန်မာ့ရုပ်ရှင်လောကသားများသာမက နိုင်ငံသားတိုင်း အလေးထားလေးစားထိုက်လှသည်။

မြန်မာ့ရုပ်ရှင်ကို အနုပညာရှင်များ၊ အတတ်ပညာရှင်များ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ရာ မကြာမီရာပြည့်ခရီးသို့ ရောက်ရှိတော့မည်ဖြစ်သည်။ ခရီးရှည်ကြီးကို ချီတက်ခဲ့ရာအခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ သူ့ကျွန်ဘဝတော်လှန်ရေးကာလအမြောက်သံ၊ ဗုံးသံ၊ စက်သေနတ်တွေနဲ့လည်း ကြုံခဲ့ရသည်။ မည်သို့ဆိုစေ မြန်မာ့ရုပ်ရှင်သည် ပစ်တိုင်းထောင်လိုဘဝမျိုး၊ မဗေဒါလိုဘဝမျိုးဖြင့် အောင်လံမလဲ အောင်မြင်စွာနှင့် ရှေ့သို့ချီတက်ဆဲ။

မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာနှင့်ယှဉ်ပါက စက်မှုနည်းပညာအားနည်းသည်မှအပ သရုပ်ဆောင်အနုပညာပိုင်းတွင် နောက်တန်းမကျ၊ ရသမြောက်အောင်ပုံဖော်နိုင်သည့် ထူးချွန်သူများစွာပေါ်ထွက်ခဲ့သည်။ ပေါ်ထွက်ဆဲလည်းဖြစ်သည်။ ကိုယ့်ရုပ်ရှင်ကိုကောင်းစေချင်၍ ဝေဖန်ကြသည်မှအပ နိုင်ငံသားတိုင်း နှစ်သက်မြတ်နိုးကြသည်။ အကယ်ဒမီပွဲများနီးလာလျှင် အရပ်ထဲမှာ၊ ဈေးထဲမှာ၊လျှော်ဆိပ်၊လှည်းဆိပ်၊ကားဂိတ်တွေမှာ၊ နေရာတိုင်းမှာ မြန်မာ့ရုပ်ရှင်အကြောင်း အပ်ကြောင်းထပ်မျှပြောကြ၊ ဆိုကြ၊ ဝေဖန်ကြ၊ ငြင်းခုံကြ၊ တစ်ပေးကြသည်မှာ အကယ်ဒမီဘုတ်အဖွဲ့နှင့် အပြိုင်၊ အကယ်ဒမီညဆိုလျှင် ထမင်းမေ့၊ ဟင်းမေ့ တီဗွီရှေ့ရောက်ကုန်ကြသည်။ ရပ်ကွက်၊ လက်ဖက်ရည်ဆိုင်တွေမှာ ထိုင်စရာပင်မရှိ။ အနောက်နိုင်ငံ၏ အော်စကာဆုကို စိတ်မဝင်စား။ ဤမျှအားပေးနေကြခြင်းက မြန်မာ့ရုပ်ရှင်သည် မြတ်နိုးဂုဏ်ယူစရာဖြစ်ကြောင်း သက်သေပြနေသည်။

အတွေးထဲနစ်မျော၍ကောင်းနေဆဲ “ဆွေဇမာ” တီးဝိုင်းမှ ပဏာမဧည့်ခံလက်စွမ်းပြလိုက်သည်နှင့် အာရုံသည် ရုပ်ရှင်ပြသမည့် Screen ပေါ်သို့ရောက်ရှိသွားခဲ့သည်။ “မြဂနိုင်” ဇာတ်ကားစပြသည်နှင့် ဒါရိုက်တာဇော်မျိုးအောင်က ဇာတ်ကြောင်းခင်းပြသည်။ အသံတိတ်ဇာတ်ကားဖြစ်၍ စာတန်းထိုး၊ စင်၏အောက်ခြေ ညာဘက်ခြမ်းရှိ ရုပ်ရှင်ဝိုင်းတော်သားများကလည်း အလှည့်ကျလျှင်မန္တဲ့ကျစတမ်း၊ Screen ပေါ်အံကိုက် အသက်ဝင်ရသမြောက်အောင် အသံဖြင့်ပံ့ဖော်ပေးကြသည်။ အတီးကလည်းကောင်း၊ အပြောကလည်းပိုင်၊ သို့ဖြစ်၍ “မြဂနိုင်”သည် အသံတိတ်နှင့်မတူ၊ အသံထွက်ကားအလား မြိုင်ဆိုင်လှသည်။ ဇာတ်ကားအစမှ အဆုံးတိုင်ပရိသတ်များ၏ လက်ခုပ်သံများသည် ညံမစဲ။

ယနေ့ခေတ်ကဲ့သို့ စက်မှုနည်းပညာများမတိုးတက်မီ လွန်ခဲ့သောနှစ်ပေါင်း ၈၀ နီးပါးကရိုက်ကူးခဲ့သော“မြဂနိုင်” သည် ဘယ်ခါကြည့်ကြည့်မရိုး။ အလင်္ကာကျော်စွာဒါရိုက်တာ အကယ်ဒမီ အေဝမ်းဦးတင်မောင်၏ ကောလိပ်ကျောင်းသားဘဝက ဒါရိုက်တာအဖြစ် ပွဲဦးထွက်စတင်ရိုက်ကူးခဲ့သော ဇာတ်ကား။ ထုတ်လုပ်သူက ဇာတ်အိမ်ခိုင်ခံ့ပီပြင်သည့်ဇာတ်ကားများကိုသာ တင်ဆက်လေ့ရှိသည်။ “မြန်မာအဆွေ-အေဝမ်းဖလင်”၏ စီစဉ်ထုတ်လုပ်ပံ့ပိုးမှုကောင်းခြင်း၊ ဒါရိုက်တာ၏ကောင်းခြင်း၊ရဲဝံ့စွန့်စားစတန့်မင်းသား ချစ်ဆွေ၏ကောင်းခြင်း၊ မိန်းမသားပင်ဖြစ်လင့်ကစား ကျရာအခန်းကဏ္ဍကို ပီပြင်ရဲဝံ့စွာ သရုပ်ဆောင်နိုင်သည့် စတန့်မင်းသမီး မြင့်မြင့်၏ ကောင်းခြင်း၊ ဇာတ်ကားနှင့်သက်ဆိုင်သူအားလုံးတို့၏ကောင်းခြင်းတို့ကြောင့် “မြဂနိုင်”သည် မြန်မာရုပ်ရှင်သမိုင်းတွင် ဂန္ထဝင်စံတင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။ အကြမ်း၊ အရမ်း၊ အလွမ်း စုံလင်လှသလို ရိုက်ချက်များသည် သွက်လက်နေပြီး ပရိသတ်ကို ဇာတ်ကားအစမှ အဆုံးတိုင် မငြီးငွေ့ရလေအောင် ဆွဲခေါ်သွားနိုင်သည်။

ကြည့်သူများရွှင်လန်းအားရစွာ တစ်ခဲနက်အားပေးနေကြသည်ကို မြင်တွေ့ရသည့်အတွက် စီစဉ်သူများမှာလည်း မောရမှန်းမသိ၊ ပီတိဖုံးသောအပြုံးများဖြင့် ပရိသတ်များကလည်း ဇာတ်ကားကောင်းများကို ထပ်ဆင့်၍ ကြည့်ခွင့်ရချင်သေးသည်။

အတိုင်အဖောက်ညီလှသည့် ထိုမြင်ကွင်းကိုကြည့်ပြီး“မြိုင်မြိုင်ဆိုင်ဆိုင် မြဂနိုင်” ဟု ဆောင်းပါးခေါင်းစဉ်တပ်လိုက်ခြင်းသည် လွန်အံ့မထင်။ ။

ပျောက်ဆုံး

ကျွန်တော် ဦးကြည်သာစိုး[CDC.66301] ကိုင်ဆောင်သော Tanker Familiarization Certificate(TF-24991/08) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

Ph:09-73046525

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၁)ရှိ အမည်ပေါက် ဦးလှရွှေ မှတ်ပုံတင်အမှတ်(S/OKA-053398) အကွက်အမှတ်(ရှေ့ပြေး-၉၂-၉၃) စိုက်ပျိုးရေး (၂) ယူနစ်အား ရောင်းချပိုင်ခွင့်ရှိသူဆိုသော ဒေါ်ချောစုစုလတ်[၁၀/မလမ(နိုင်)၁၂၃၂၂၇]ထံမှ ကျွန်မ ဒေါ်ညွန့်ညွန့်ဌေး[၁၂/မဘန(နိုင်)၀၈၅၅၄၁]သည် စရန်တစ်စိတ်တစ်ပိုင်းပေးချေ၍ ဝယ်ယူထားရှိခဲ့ရာ ကန့်ကွက်လိုသူရှိပါက (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်နှင့် လုပ်ပိုင်ခွင့်အမည်ပြောင်းလဲရန် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်ဌေး
(၁၅) ဆပ်သွားတောကျေးရွာ၊ မှော်ဘီ
ဖုန်း-၀၁-၆၂၀၄၇၃၊ ၀၉-၅၁၉၁၁၉၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/၂)၊မြေကွက်အမှတ်(၂၄၂)၊မြေကွက်တည်နေရာ အမှတ်(၂၄၂)၊(၁၂)လမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးရွှေငိုအမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဖခင်ဦးရွှေငိုနှင့် မိခင် ဒေါ်တင်လှ ကွယ်လွန်သဖြင့် ဦးသန်းလှိုင်[၁၂/မရက(နိုင်)၁၂၆၈၂၃]၊ ဦးဝင်းလှိုင်[၁၂/မရက(နိုင်)၀၈၈၈၈၅]၊ ဒေါ်သန်းသန်းရီ[၁၂/မရက(နိုင်)၀၈၈၄၀၈]၊ ဒေါ်မြင့်မြင့်ဝင်း[၁၂/မရက(နိုင်)၀၈၈၇၆၇]၊ ဒေါ်ဌေးဌေးဝင်း [၁၂/မရက(နိုင်)၀၅၄၁၆၅]၊ ဦးစန်းလှိုင်[၁၂/မရက(နိုင်ငံ)၁၀၄၅၇၂]၊ ဒေါ်စန်းစန်းထွေး[၁၂/မရက(နိုင်)၁၂၆၆၃၈] တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော် မောင်ဆန်းနိုင် [၉/တကန(နိုင်)၁၉၄၂၁၇]၏ passport No.A-407126သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

Ph:09-424249999

လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

Ocean Supercenter (ဥတ္တရသီရိ Center)၏

ဆိုင်သစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၂-၁၀-၂၀၁၃ရက်တွင်

ဇေယျာဌာနီလမ်းနှင့်မန္တလေးလမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၌

အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့်

တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးရဲဝင်းဦး

Managing Director

Bagan Royal Star Construciton Co.,Ltd.

တစ်နှစ်တာအကောင်းဆုံးတေးရေးဆရာနှင့် အနုပညာရှင်ဆုလက်ခံရယူမည့် တေလာဆွစ်ဖ်

ကန်းထရီးတေးသီချင်းဘုရင်မလေးဟု တင်စားခေါ်ဝေါ်ကြသည့် တေးသံရှင် တေလာဆွစ်ဖ်အား တစ်ကိုယ်တော်အနုပညာရှင်ဆုခြောက်ကြိမ်ဆွတ်ခူးရရှိခဲ့



သည့်အတွက် ယခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး တေးရေးဆရာနှင့် အနုပညာရှင်ဆုကို Nashville တေးရေးဆရာအဖွဲ့အစည်းမှ ဂုဏ်ပြုအပ်နှင်းမည်ဖြစ်သည်။

တေလာဆွစ်ဖ်သည် Nashville တေးရေးဆရာအဖွဲ့အစည်းမှ ချီးမြှင့်ခဲ့သည့် တေးရေးဆရာနှင့် အနုပညာရှင်ဆုသမိုင်းတွင် အသက်အငယ်ဆုံးသောဆုရှင်ဖြစ်သည်။

တေလာဆွစ်ဖ်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်နှင့် တေးရေးဆရာဆုရှင်များဖြစ်ကြသည့် Kacey Musgraves သည်လည်း နိုဝင်ဘာလတွင်ကျင်းပမည့် ကန်းထရီးဂီတအဖွဲ့မှချီးမြှင့်သည့် ဆုများကို လက်ခံရယူကြမည် ဖြစ်သည်။

တေးသံရှင် တေလာဆွစ်ဖ်၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလက ထွက်ရှိခဲ့သည့် ၎င်း၏စတုတ္ထမြောက် အယ်လ်ဘမ် Red သည် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အချပ်ရေ ခြောက်သန်းရောင်းချခဲ့ရသည်။

ဖော်မြူလာဝမ်းဝင်ပြိုင်မည့် စပိန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီး ဆီဗီးလ်မြို့၏ ဟိုတယ်တစ်ခုတွင် သေဆုံးနေသည်ကို တွေ့ရှိ

ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စပိန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးတစ်ဦးဖြစ်သည့် မာရီယာဒီဗီလိုတာသည် ဆီဗီးလ်မြို့၏ ဟိုတယ်တစ်ခုတွင် အောက်တိုဘာ ၁၁ ရက်က သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း စပိန်သတင်းဌာနများက သတင်းဖော်ပြခဲ့သည်။

မာရီယာဒီဗီလိုတာ သေဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းသေဆုံးမှုသည် သဘာဝအလျောက်သေဆုံးမှုဖြစ်ကြောင်း၊ အကြမ်းဖက်မှုလက္ခဏာ တစ်စုံ တစ်ရာမတွေ့ရှိခဲ့ရကြောင်းနှင့် သူမ တည်းခိုသည့် အခန်းထဲတွင်လည်း သေစေနိုင်သည့် ဆေးဝါးတစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဖော်မြူလာဝမ်းကားမောင်းသမား အီမီလီယိုဒီဗီလိုတာ၏ သမီးဖြစ်သူ မာရီယာသည် ၎င်း၏ဖခင်ကို ပြိုင်ကားမောင်းနှင်ခြင်းဖြင့်ပင် ကုန်ဆုံးစေခဲ့သူဖြစ်ပြီး စပိန်ဖော်မြူလာသုံး ကားမောင်းပြိုင်ပွဲနှင့် အမေရိကန်၌ ကျင်းပသည့် ဒေတိုနာ ၂၄ နာရီကားမောင်းပြိုင်ပွဲတို့တွင်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်သည်။

ဗီလိုတာ၏ ယခင်အသင်းမှာ ဗြိတိန်အခြေစိုက် မာရုရှားအသင်းဖြစ်ပြီး မျက်လုံးတစ်ဖက်ဆုံးရှုံးခဲ့ရပြီးသည့်နောက်ပိုင်း မီဒီယာလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာခဲ့သူဖြစ်သည်။

TVB ရုပ်သံလိုင်း၏ တီဗွီအလှဘုရင်နှင့် ဘုရင်မရွေးချယ်ပွဲ ဂျူရီစနစ်ဖြင့် ပြန်လည်ကျင်းပမည်

ဟောင်ကောင်ရုပ်သံလိုင်းတစ်ခုဖြစ်သည့် TVB မှ နှစ်စဉ်ရွေးချယ်နေကျဖြစ်သည့် TVB ရုပ်သံလိုင်း၏ နှစ်ပတ်လည်ဆုပေးပွဲနှင့် တီဗွီအလှဘုရင်နှင့် ဘုရင်မရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါရုပ်သံလိုင်းအနေဖြင့် ယင်းပြိုင်ပွဲတွင် ယခင်နှစ်ကဲ့သို့ ပရိသတ်မဲပေးရွေးချယ်မှုအစား ဂျူရီများဖြင့် အမှတ်ပေးရွေးချယ်သည့်စနစ်ကို ပြန်လည်ကျင့်သုံးကာ ရွေးချယ်သွားမည်ဖြစ်သည်။

ယမန်နှစ်က ပရိသတ်များမဲပေးမှုစနစ်ဖြင့် ရွေးချယ်ရာတွင် ပရိသတ်များအနေဖြင့် သရုပ်ဆောင်တစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေးများကိုအကဲဖြတ်ရွေးချယ်ရမည့်အစားမိမိကြိုက်နှစ်သက်သည့်သရုပ်ဆောင်များကို ဦးစားပေးရွေးချယ်ခဲ့ကြသဖြင့် ယင်းကဲ့သို့ ပြောင်းလဲစီစဉ်ရခြင်းဖြစ်ကြောင်းသိရသည်။

TVB ရုပ်သံလိုင်းသည် ယမန်နှစ်က ပရိသတ်မဲပေးမှုစနစ်ကျင့်သုံးခဲ့ရာတွင် အပြုသဘောတန်ပြန်သက်ရောက်မှုများရှိပြီး ပိုမိုတရားမျှတမှုရှိသည်ဟု ယူဆမိသော်လည်း ယခုအခါ ကုမ္ပဏီအနေဖြင့် ဝါရင့်အကဲဖြတ်ဒိုင်များ၏ အဆုံးအဖြတ်ကိုသာ ပိုမိုနှစ်သက်လိုလားသဖြင့် ယင်းကဲ့သို့ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ရွေးချယ်ရာတွင် များစွာသော ဝါရင့်အကဲဖြတ်ဒိုင်များ၏ အတွေ့အကြုံကောင်းများဖြင့် ဆုံးဖြတ်ရွေးချယ်မည်ဖြစ်သည့်အတွက် ဆုရှင်များအတွက်လည်း ပိုမိုကောင်းမွန်မည့်နှစ်ဖြစ်လာမည်ဖြစ်ကြောင်း TVB မှ ထုတ်လုပ်မှုဒါရိုက်တာ ဆန်ဒီယူက ပြောကြားသည်။

မျိုးစန္ဒာမောင် - ရေးသားသည်

မန်ယူအသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှု တိုက်စစ်မှူး ရွန်းနီ ငြင်းပယ်

ငွေကြယ်

မန်ယူအသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူး ရွန်းနီသည် လာမည့်ဘောလုံးရာသီကုန်တွင် မန်ယူအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော်လည်း မန်ယူအသင်းနှင့် စာချုပ်သစ် ထပ်တိုးချုပ်ဆိုရေးဆွေးနွေးမှုနှင့် ပတ်သက်၍ ငြင်းဆိုသွားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးရွန်းနီသည် ယခုသီတင်းပတ်အတွင်း မန်ယူအသင်း၌ ပျော်ရွှင်မှုရရှိနေကြောင်းနှင့် မန်ယူအသင်းကစားဖော်များနှင့် အတူနေသားတကျရှိနေသည်ကို သက်သေပြခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူး ရွန်းနီအနေဖြင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေသည့် မန်ယူအသင်းတာဝန်ရှိသူများ၏ ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့သည်။

ယခုအောက်တိုဘာလအတွင်း အသက်(၂၈)နှစ်ပြည့်တော့မည့် တိုက်စစ်မှူးရွန်းနီသည် ရာသီသစ်တွင် အကောင်းမွန်ဆုံး ခြေစွမ်းပြခဲ့သော်လည်း လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်ယူအသင်းမှ ထွက်ခွာမည့် ရွန်းနီ၏ ကြိုးပမ်းမှုသည် အသစ်တစ်ဖန်ပေါ်ထွက်လာခဲ့ပြန်ပြီဖြစ်သည်။

ရွန်းနီအနေဖြင့် စတမ်းဖို့ဘရစ်ချ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းက ကမ်းလှမ်းမှုနှစ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် အာဆင်နယ်အသင်းကလည်း တိုက်စစ်မှူးရွန်းနီကို ခေါ်ယူနိုင်ရန်အတွက် အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းခါနီးအချိန်အထိ ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့၏ ကမ်းလှမ်းလာမှုများကို မန်ယူအသင်းက ငြင်းဆိုခဲ့ပြီး လက်ရှိမန်ယူအသင်းကစာချုပ်သစ်ချုပ်ဆိုလိုသော်လည်း ရွန်းနီအနေဖြင့် မန်ယူမှ ထွက်ခွာရန် ဆန္ဒရှိနေခြင်း၏ အကြောင်းအရင်းကိုလည်း ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်း ပေါ့ဘာအား ရောင်းချဖွယ်ရှိနေ

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းသည် စီးရီးအေတွင် ငွေကြေးအင်အားနည်းနေခြင်းကြောင့် ပေါ့ဘာကဲ့သို့ ကစားသမားကောင်းများကို ရောင်းချသွားဖွယ်ရှိနေကြောင်း ဂျူဗင်တပ်အသင်းက ပြောကြားခဲ့သည်။ နောက်တန်းကစားသမား ပေါ့ဘာသည် မန်ယူအသင်း အတွက် ပွဲပေါင်း ၄၇ ပွဲတွင် ခုနစ်ဂိုး သွင်းယူပေးခဲ့သည့် ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဂျူဗင်တပ်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဒဏ်ရာပြဿနာကြောင့် ဂျော်ဒီအယ်လ်ဘာ သီတင်းခြောက်ပတ်နားရမည်

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ နောက်တန်းကစားသမား ဂျော်ဒီအယ်လ်ဘာသည် ပေါင်ဒဏ်ရာရရှိခဲ့မှုကြောင့် အသင်းတွင် ပုံမှန်ပွဲထွက်နိုင်မည်မဟုတ်ဘဲ သီတင်းခြောက်ပတ်အနားယူရမည် ဖြစ်ကြောင်း သိရသည်။







မြောက်ဒဂုံ ၄၅/ပ-၁၁၇ မြေကွက်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါမြေကွက်၏ ဂရန်အမည်ပေါက်မှာ ဒေါ်ခိုင်ခိုင်စိုး [၁၂/မဂတ(နိုင်)၀၇၃၀၈၃]ဖြစ်သည်။ ၎င်းမြေကွက်ကိုလက်ဝယ်ရှိပိုင်ဆိုင်သူ ဒေါ်ရှုလျှံ[၁၄/မမန(နိုင်)၁၄၂၃၃၂]ထံမှ ကျွန်တော် ဦးအောင်ကိုက ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် တကွ လူကိုယ်တိုင်လာ၍ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးအောင်ကို
၀၉-၇၃၂၁၃၅၇၃

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
Myanma Motion Picture Development Public Company Limited
(ဖွဲ့စည်းတည်ထောင်ပြီးကြောင်း ကြေညာခြင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ်-၃၇၇၁/၂၀၁၃-၂၀၁၄ (၃၀-၉-၂၀၁၃)ဖြင့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanma Motion Picture Development Public Company Limited) (အများပိုင်)ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ပါ သည်။

၎င်းအများပိုင်ကုမ္ပဏီသည် အနာဂတ်မြန်မာ့ရုပ်ရှင်လုပ်ငန်း ပိုမိုမြင့်မားလာစေရန် ရှေးရှုပြီး ခေတ်မီရုပ်ရှင်ရုံကြီးများ၊ ခေတ်မီရုပ်ရှင်စတူဒီယိုမြို့တော်များ တည်ဆောက်ရန်အပြင် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစသည့် နိုင်ငံတော်မှခွင့်ပြုသည့် အခြားသော စီးပွားရေးကဏ္ဍများတွင်လည်း လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်နှင့် လောကသားများအားလုံး ပါဝင်အကျိုးခံစားခွင့်ရှိစေရန် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် တရားဝင်လုပ်ငန်းစတင် ဆောင်ရွက်ခွင့်လက်မှတ်(Certificate for Commencement of Business) ရရှိသည့်အခါတွင် အစုရှယ်ယာရောင်းချမည့်အစီအစဉ်ကို အသေးစိတ်ထပ်မံကြေညာ သွားမည် ဖြစ်ပါသည်။

Myanma Motion Picture Development Public Company Limited

အမှတ်(၁၆)၊ ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(၉၅-၁)၅၄၄၂၇၀၊ ၅၄၄၂၇၁

တောင်ငူမြို့ရှိ တည်းခိုခန်း တစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာရ

တောင်ငူ အောက်တိုဘာ ၁၁

တောင်ငူမြို့ (၁၇)ရပ်ကွက် ကန်လမ်းရှိ ချမ်းမြေ့ညှော်ရိပ်သာတွင် ယနေ့ ည ၈ နာရီ မိနစ် ၅၀ က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ **(အပေါ်ပုံ)** အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါညှော်ရိပ်သာ၏ အပေါ်ထပ် အခန်းနံပါတ်(၆)မှ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယင်း အခန်းတွင်တည်းခိုသူ နေမျိုးကျော်(၂၉)နှစ် ငှက်ပျောတောကျေးရွာ လယ်ဝေး မြို့နေသူမှာ နေရာတွင်ပင် သေဆုံးခဲ့သည်။ အခန်းအတူနေ မြို့မ (၄)ရပ်ကွက် ညောင်လေးပင်မြို့နေ မယုခိုင်(၂၄)နှစ်မှာ ဆေးရုံ သို့ပို့ဆောင်ကုသခဲ့ပြီးမှ ည ၁၁နာရီခွဲတွင် သေဆုံးခဲ့သည်။ ၎င်းအခန်း (၆)နှင့်ကပ်လျက် အခန်း(B)တွင် တည်းခိုသူ မြို့မ(၄)ရပ်ကွက် ညောင်လေးပင်မြို့နေ မငြိမ်းသီတာ(၂၇)နှစ်မှာ (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို တောင်ငူခရိုင်ပြည်သူ့ဆေးရုံ ကြီးမှ ကြီးကြပ်ကုသပေးခဲ့ကြောင်း သိရသည်။ **(ကျော်စွာ-တောင်ငူ)**

မိုးညှင်းမြို့နယ်၌ အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံး

မိုးညှင်း အောက်တိုဘာ ၁၁

မိုးညှင်းမြို့နယ် ရေကင်းအုပ်စု သက္ကယ်တန်းကျေးရွာ ဦးမျိုးကြီးကိုင်းထဲတွင် ဒေါ်ချော (၆၂)နှစ်နှင့် ဒေါ်လှရီ(၆၁)နှစ်တို့အပါအဝင် ငါးဦးမှာ ခရမ်းချဉ်ပင်များ ပေါင်းဆွနေချိန် အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီခွဲခန့်က မိုးကြိုးပစ်ရာ ဒေါ်လှရီသည် နေရာတွင်သေဆုံးခဲ့ပြီး ဒေါ်ချောမှာ ဦးခေါင်းမူးဝေနေ၍ မိုးညှင်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။ **(၅၀၈)**

အရှိန်မထိန်းနိုင်ဘဲ လမ်းအကာသံတန်းကို ဝင်တိုက်မိ

နေပြည်တော် အောက်တိုဘာ ၁၁

မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် အမှတ်(၂၈၂/၆-၇)ကြားတွင် အောက်တိုဘာ ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန် လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက် အရ ရန်ကုန်မှမန္တလေးသို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေဂသီရိရပ်ကွက်နေ အောင်မင်းထွေး(ခ)ရာဖစ်(၄၃)နှစ်မောင်းနှင်လာသည့် 5F/--မာဇဒါ ဘန်ဂိုပစ်ကပ်အဖြူရောင်ယာဉ်မှာ တိုက်ရေ့ပြုတ်၍ အရှိန် မထိန်းနိုင်ဘဲ လမ်းအရှေ့ဘက်တွင် ကာရံထားသော သံတန်းအား ဝင်ရောက်တိုက်မိခဲ့ပြီး ယာဉ်မှာရှေ့ဝဲဘက် ဘီးကျွတ်ထွက်ကာ ပျက်စီးခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်မင်းထွေး(ခ)ရာဖစ်အား သီးကုန်း အမြန်ရဲစခန်းက ယာဉ် (ပ)၂၂/၂၀၁၃၊ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လမ်းဖြတ်ကူးသူအဘိုးကို ယာဉ်တိုက်မိ

နေပြည်တော် အောက်တိုဘာ ၁၁

မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၉၁/၆-၇)ကြားတွင် အောက်တိုဘာ ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အမြန်လမ်း မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသွား ရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက် အရ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၄)ရပ်ကွက်နေ နေလင်းကျော်(၃၅) နှစ်မောင်းနှင်လာသော ၁ဃ/---- တိုယိုတာဗင်အနက်ရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ အရှေ့မှ အနောက်သို့ လမ်းဖြတ်ကူးလာသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့နယ် ကျောက်ပုံကျေးရွာနေ ဦးဖိုးသာ (၈၆)နှစ်**(ဝဲပုံ)**အား ဝင်ရောက် တိုက်မိခဲ့ရာ ဦးဖိုးသာတွင် ဝဲမျက်ခုံး ညိုမည်း၊ ဝဲလက်ဖျံကျိုး၊ ယာတံတောင် နှင့် ယာဒူးပွန်းပဲ့ဒဏ်ရာများရရှိခဲ့ရာ ယာဉ်မဆင်မခြင်မောင်းနှင်သူ နေလင်း ကျော်အား သီးကုန်းအမြန်လမ်း ရဲစခန်းက ယာဉ်(ပ)၂၃/၂၀၁၃၊ ပြစ်မှု ပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

ရဲပြန်ကြား

အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ဝင်တိုက်မိ

နေပြည်တော် အောက်တိုဘာ ၁၁

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၈၄/၃-၄)ကြား သီးကုန်းယာဉ်ရပ်နားစခန်းအဝင် လမ်းအကွေ့တွင် အောက်တိုဘာ ၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ ကြောင်း သတင်းအရ သီးကုန်းအမြန် လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေး သို့ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်နေ ကိုကိုဝင်းနိုင်(၂၇)နှစ် မောင်းနှင်လာသော ၆/--- ပရို ဘောက်အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း အား ဝင်ရောက်တိုက်မိ၍ ယာဉ်၏ ရှေ့ဝဲ/ယာဘီးကွဲ၊ ရှေ့ဘန်ဘာ ပိန်ချိုင့်ခဲ့သောကြောင့် ယာဉ်မဆင် မခြင်မောင်းနှင်သူ ကိုကိုဝင်းနိုင်အား သီးကုန်းအမြန်လမ်းရဲစခန်းက ယာဉ် (ပ)၂၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တန်ဖိုးရှိလှလှငယ်ဘဝမူးယစ်ကင်းစင်ကျန်းမာမှ



မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ၏ ၁၂-၁၀-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းရှည်ကြာ စိတ်ကြည်လင်စွာ ကျန်းမာ ချမ်းသာစွာဖြင့် အများအကျိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေဟု လှိုက်လှဲစွာ ဆုတောင်း အပ်ပါသည်။

ရိုသေလေးစားချစ်ခင်ကြသော
အထက(၁)ဒလမှ
ဆရာ၊ ဆရာမများနှင့် ရုံးဝန်ထမ်းများ



မကွေးမြို့ သမိုင်းဝင်မြသလွန်ဘုရားပွဲတော် ကျင်းပမည်

မကွေး အောက်တိုဘာ ၁၁

မကွေးမြို့ ကျက်သရေဆောင် သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး (၂၅၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် ကျင်းပတော့မည်ဖြစ်ကြောင်း၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် ဆိုင်းဘုတ်တင်ခဲ့ကြောင်း သိရသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသော ကလေးလူငယ်လူရွယ်များ စိတ်အပန်းဖြေစေရန် ချား၊ ရဟတ်ကြီးများ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ နိဗ္ဗာန်သည်ဆိုင်၊ အဝတ်အထည်ဆိုင်များ၊ အိမ်တွင်းသုံးစတီးပစ္စည်းဆိုင်များ၊ ကလေးကစားစရာအရုပ်ဆိုင်များ၊ ရာဝင်စဉ့်အိုးများနှင့် မြန်မာ့ရိုးရာလက်မှုပညာဖြစ်သော သင်ဖြူး၊ ဖျာကြမ်းနှင့် ကြိမ်နီးပစ္စည်းအမျိုးမျိုးရောင်းချသော ဆယ့်နှစ်ပွဲဈေးသည်များ စုံလင်စွာရောက်ရှိလာပြီးဖြစ်၍ ပွဲတော်ကျင်းပရေးကော်မတီမှ ဆိုင်ခန်းနေရာများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပြီး သမိုင်းဝင်မြသလွန်ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ပျော်ပွဲရွှင်ပွဲများအဖြစ် စေတနာအဆင့်မြင့်ဇာတ်သဘင်ပွဲကြီးနှင့်အတူ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များဖြစ်ကြသော ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင် မေသက်ခိုင်၊ အဆိုတော် မင်းသမီး အေသင်ချိုဆွေ၊ နာမည်ကြီး အဆိုတော် ဩရသ၊ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင် ဇွဲနှင့် အခြားနာမည်ကြီး ဇာတ်သဘင်များ လာရောက်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ခေတ်အဆက်ဆက် အရေအတွက်များစွာ အချိန်အခါ အခြေအနေအလျောက် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် နှလုံးစိတ်ဝမ်းအေးချမ်းစွာကျင်းပခဲ့ကြသည်ကို အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများလေ့လာသိရှိနိုင်ကြောင်း၊ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ သီတင်းကျွတ်လပြည့်နေ့၌ မြို့ပေါ်ရှိသံဃာတော်အားလုံးကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း၊ အရုဏ်တက်ချိန်တွင် သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီးတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြီးမှူး၍ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း၊ ညနေ ၆ နာရီတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို

စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ဌာနဆိုင်ရာပေါင်းစုံနှင့် ရပ်ကွက်အသီးသီးတို့မှ စေတနာရှင် အလှူရှင်များက သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ သမိုင်းဝင် မြသလွန်ဘုရားပွဲတော်ကို အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ရက်ပေါင်း ၂၀ တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း မြသလွန်စေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

ပိုင်ဇေ(မကွေး)

ဖရဲသီးစိုက်ပျိုးရန် မြေငှားထားသောတောင်သူများနှင့် လက်လုပ်လက်စားများ ဝင်ငွေတိုး၍အလုပ်အကိုင်အခွင့်အလမ်းများရရှိ

အရာတော် အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဆင်တလည်ကျေးရွာတွင် စိုက်ပျိုးရေး(ခွာညို)ကုမ္ပဏီအဖွဲ့မှ ကျေးရွာရှိ တောင်သူဦးကြီးများ၏ ယာမြေ ၆၇ ဧကကို ဖရဲသီး သီးနှံ တစ်ရာသီ တစ်ဧက ၁၈၀၀၀၀ ကျပ်ဖြင့်ငှားရမ်း စိုက်ပျိုးထားကြောင်း သိရသည်။

အရာတော်မြို့နယ် ဆင်တလည် ကျေးရွာသည် မိုးကောင်းတောဆည်ရေသောက်ယာမြေများဖြစ်ကြပြီး ယခုနှစ်မိုးဦးကာလတွင် မိုးနည်းပါးမှုကြောင့် စိုက်ပျိုးထားသောသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုနည်းပါးသဖြင့် ဖရဲသီးစိုက်ပျိုးရန် လာရောက်ငှားရမ်းသော စိုက်ပျိုးရေး(ခွာညို)အဖွဲ့အား မြေများငှားရမ်းခဲ့ပြီး ယင်းစိုက်ပျိုးရေးအဖွဲ့မှကျေးရွာရှိ လက်လုပ်လက်စား တစ်ရက် အမျိုးသားတစ်ဦးလျှင် ငွေကျပ် ၂၅၀၀နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် ငွေကျပ် ၁၈၀၀နှုန်းဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့သည်။

ယခု ငှားရမ်းစိုက်ပျိုးသော စိုက်ပျိုးရေးအဖွဲ့သည် ဩဂုတ်လလယ်မှ စတင်ငှားရမ်း၍ ထွန်ယက်စိုက်ပျိုးရာ ဖရဲပင်များ အပင်အတက်များဖြင့် ဝေဆာနေကြောင်းသိရသည်။(ဓါတ်ပုံ)

အဆိုပါ ကျေးရွာရှိ လက်လုပ်လက်စားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျေးရွာတောင်သူများ ဝင်ငွေတိုး၍ အမြတ်ရရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးဦးဝင်းနိုင်က ဆိုသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ ထုတ်လုပ်ရေးလုပ်ငန်း(၂)ခုအား ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မောက်သရက်ဒေသ၊ မြေဖြူထုတ်လုပ်မှုလုပ်ငန်း

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကျေးကုန်းဒေသ၊ ဒိုလိုမိုက် ထုတ်လုပ်ရေးလုပ်ငန်း

၂။ တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၃၁-၁၀-၂၀၁၃ ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းများဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း အသေးစိတ်အချက်အလက်များစုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၁၆၂ နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.16/HPGE/2013-2014

(က) Micom Relay (P 643) (4)Nos

Tender No.17/HPGE/2013-2014

(ခ) စက်ရုံများအတွက် Digital Meter (61)Nos

Tender No.18/HPGE/2013-2014

(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132KV LA (2)Sets

Tender No.19/HPGE/2013-2014

(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280)Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့်၄၁၁၀၇၆

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းဆောင်ရွက်မည့်မြို့အမည်	လုပ်ငန်းအမျိုးအစား
၁။	ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်	-သယ်န်းကျွန်းစာတိုက်၊ရှေ့မျက်နှာစာ ပေ(၇၀)အမြင့်(၆)ပေ ခြံစည်းရိုးကာရံခြင်း၊ ပေ(၆×၆) ချိန်းလင့်ဂိတ်တံခါးနှင့် ပေ(၆×၆) လူဝင်ပေါက်ပြုလုပ်ခြင်း၊ ဘယ်ဘက်မျက်နှာစာ ခြံစည်းရိုးကာရံခြင်း
၂။	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်	-သင်တန်းကျောင်းဝင်းအရာရှိနေအိမ် သုံးထပ်ဆောင်အတွက် ရေလှောင်ကန်ဆောက်လုပ်ခြင်း၊ ဂါလန် (၁၂၅၀၀)ဆံ့ပေ(၂၀×၁၀×၁၀)

(၂) တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင်(၁၀၀၀ိ/-)နှုန်းဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၁၅-၁၀-၂၀၁၃ ရက်မှ ၂၈-၁၀-၂၀၁၃ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၅၀၁၁၀၊ ၃၈၅၈၅၉၊ ၂၅၆၇၆၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)
အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက်
လျှောက်လွှာများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)တွင် အောက်ဖော်ပြပါ အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကြေး	သင်တန်းကာလ	ဖွင့်လှစ်မည့်ရက်	လက်ခံသင်ကြားမည့်ဦးရေ
၁။	Post graduate Diploma in Web Engineering	ကျပ်၃သိန်း	၄၂ပတ်	၂၁-၁၂-၂၀၁၃	၃၀ဦး

၂။ သင်တန်းချိန်များမှာ စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် နံနက်၉နာရီမှ ညနေ၄နာရီအထိ သင်ကြားမည်ဖြစ်ပါသည်။ တနင်္လာနေ့မှသောကြာနေ့အထိ ညနေ ၄ နာရီမှညနေ ၆ နာရီထိ လက်တွေ့ချိန်များ သတ်မှတ်ပေးပြီး သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

၃။ သင်တန်းသားများ၏ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များအတိုင်း လျှောက်ထားနိုင်ပါသည်-

(က)Post graduate Diploma in Web Engineering သင်တန်းကိုကွန်ပျူတာဘာသာရပ်နှင့် ၎င်းနှင့်ဆက်စပ်ဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

(ခ) လုပ်ငန်းခွင်မှဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်း၊ ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် လျှောက်ထားခွင့်ပြုမည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်-

(က)အင်္ဂလိပ်ဘာသာနှင့်ဘာသာရပ်ဆိုင်ရာများအား Online ဖြင့်ဖြေဆိုရမည်ဖြစ်ပါသည်။

နေ့ရက်	အချိန်	နေရာ
၂၃-၁၁-၂၀၁၃(စနေနေ့)	နံနက်(၉း၃၀)မှစတင်၍	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)

(ခ)ဝင်ခွင့်စာမေးပွဲအောင်မြင်သူများသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တွင် ၁၁-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ) ဖုန်း၀၁-၅၃၇၃၉၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရောင်းမည်

မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက် ၆. ၈၅၈ဧကရှိ ရာသက်ပန်ဂရန်မြေ အမည်ပေါက်ပြီး တစ်ကွက်လုံး(သို့) ခွဲရောင်းမည်။ ဈေးနှုန်းညှိနှိုင်း

ဖုန်း-၀၉-၇၃၁၄၉၁၅၉

မွေးမြူရေးအစာစက်များရောင်းမည်

မွေးမြူရေးအစာ ကြိတ်ခွဲစက်၊ အစာမွှေစက်များ ရောင်းရန်ရှိသည်။

ဖုန်း-၅၃၀၁၉၆၊ ၀၉-၅၀၀၃၇၀၇၊ ၀၉ ၅၀၃၅၄၇၁

မဖွံ့ဖြိုးသေးသည့်ဒေသများ ပညာရေးကဏ္ဍလိုအပ်ချက်ဖြည့်ဆည်းပေးမည်ဆိုပါက ပညာတတ်လူငယ်များ ပေါ်ထွက်လာ

ရန်ကုန် အောက်တိုဘာ ၁၁

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေသည်။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ မူဝါဒများချမှတ်၍ ဆောင်ရွက်နေသလို ပြည်သူ့လွှတ်တော်တွင်လည်း ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်း၍ဆောင်ရွက်နေသည်။ အရပ်ဘက်အဖွဲ့အစည်းများကလည်း ပညာရေးကွန်ရက်များဖွဲ့စည်း၍ မြန်မာနိုင်ငံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှဆောင်ရွက်နေကြသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် အိမ်ထောင်စု ၃၈၀ ခန့်ရှိသည့် သမီးကလေးရွာသည် ရန်ကုန်-ပဲခူးကားလမ်းဘေးရှိ ညောင်အင်းရွာထိပ်မှ ၁၃ မိုင်ခန့်သွားရပြီး လှည်းကူး-ဖောင်ကြီးလမ်းပေါ်မှ ၁၀ မိုင်ခန့်သွားရသည်။ ယာဉ်သွားလာမှုနည်းပါးပြီး စီးပွားရေးမဖွံ့ဖြိုးသည့်အတွက် ထိုဒေသ၏ပညာရေးသည် နိမ့်ကျလျက်ရှိသည်။

အဆိုပါသမီးကလေးကျေးရွာ၌ ကိုယ်ထူကိုယ်ထစုပေါင်းဆောက်လုပ်ထားသည့် အလျား အရှည်ပေ ၅၀၊ အနံ ၁၅ ပေခန့်ရှိ တစ်ထပ်သွပ်မိုးထရံကာ ခနိတဲသာသာစာသင်ကျောင်းအတွင်း ကျေးရွာမှငှားထားသော ဆရာမနှစ်ဦးဖြင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၆၂ ဦး ပညာသင်ကြားနေသည်။

သမီးကလေးကျေးရွာ မူလတန်းကျောင်း၌ စာသင်ပြနေသည့် ဆရာမ ဒေါ်သင်းသင်းမြတ်က "ကျွန်မကို ရွာက ကလေးတွေစာသင်ပြပေးဖို့ တစ်လ ခြောက်သောင်းကျပ်နဲ့ ငှားထားပါတယ်၊ ဒီရွာမှာက စတုတ္ထတန်းထိရှိတော့ စတုတ္ထတန်းအောင်တဲ့သူက ဒီရွာနဲ့ လေးမိုင်လောက်ဝေးတဲ့ ကျောင်းကိုသွားတက်ရပါတယ်။ ဒီမှာက သွားရေးလာရေးအဆင်မပြေဘူး၊ ဒီကျောင်းကိုလည်း အနီးအနားကျေးရွာတွေက ကျောင်းသားတွေ ကျောင်းလာတက်ကြတယ်၊ သွားရေးလာရေးခက်ခဲတော့ ပညာရေးအားနည်းတာပေါ့၊ ပိုဆိုးတာက ဒီမှာရှိတဲ့သူတွေက တစ်နေ့လုပ်မှတစ်နေ့စားရတဲ့သူတွေပါ၊ မိဘကအဆင်မပြေတော့ သားသမီးတွေပညာရေးမှာ သိပ်မထောက်ပံ့နိုင်ဘူး"ဟု ပြောသည်။

ယနေ့နိုင်ငံတော်မှ ကျေးလက်မြို့ပြမကျန် ပညာရေးကဏ္ဍများတွင် အားပေးနေပြီး ပညာတတ်လူငယ်များထွက်ပေါ်လာစေရန် မွေးထုတ်ပေးလျက်ရှိသည်။ မြို့ပြနှင့်နီးသော်လည်း သွားရေးလာရေးခက်ခဲပြီး လူအရောက်နည်းသော သမီးကလေးကျေးရွာကဲ့သို့ ပညာရေးမဖွံ့ဖြိုးသေးသည့် ကျေးရွာများသို့ တာဝန်ရှိသူများကိုယ်တိုင်သွားရောက်ပြီး ပညာရေးကဏ္ဍများ၌ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဆိုပါက ပညာတတ်လူငယ်များပေါ်ထွက်လာပြီး တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အားထားရမည့်သားကောင်းရတနာ၊ သမီးကောင်းရတနာများပေါ်ထွက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သီသီမင်း(ကြေးမုံ)

(၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှင့် ထူးချွန်ဆုရတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များအား ကူညီပံ့ပိုးခဲ့ကြသည့် ပုဂ္ဂိုလ်များ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ကျင်းပရာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကြီးသန်းတင်ဆုရ မွန်ပြည်နယ်သတင်းထောက် ဦးကျော်သန်းအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများချီးမြှင့်စဉ်။ (၁၀၇)

ပထမအကြိမ် လူ့ရှင်တော်များ ချစ်ကြည်ရေးဘောလုံးပွဲ ကစားမည်

မန္တလေး အောက်တိုဘာ ၁၁

ရန်ကုန်နှင့်မန္တလေးမြို့မှ လူ့ရှင်တော်များ၏ ပထမအကြိမ် ချစ်ကြည်ရေးဘောလုံးပွဲကို အောက်တိုဘာ ၂၂ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အထက်မြန်မာပြည် မန္တလေးလူ့ရှင်တော်များ ပရဟိတအသင်းဥက္ကဋ္ဌ လူ့ရှင်တော် ဦးချစ်စရာက ပြောကြားသည်။

မန္တလေးမှ လူ့ရှင်တော်များ ရန်ကုန်သို့သွားရောက်ကစားနိုင်ရန်အတွက် ရန်ကုန် လူ့ရှင်တော်များအသင်းက မန္တလေး-ရန်ကုန် အသွားအပြန်စရိတ်နှင့် ရန်ကုန်တွင် တည်းခိုစားသောက်စရိတ်များ အကုန်အကျခံကာ တာဝန်ယူပေးမည်ဖြစ်ပြီး အားကစားဝတ်စုံများအတွက် တေးသံရှင် လီလီနိုင်ကျော်က လှူဒါန်းပေးမည်ဖြစ်သည်။

လူ့ရှင်တော်အသင်းကို သက်ကြီးဟာသလူ့ရှင်တော်များ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးကို ကူညီရန်၊ လူ့ရှင်တော်မိသားစုများ မိုးတွင်းကာလတွင် စားဝတ်နေရေး အဆင်ပြေစေရန်နှင့် လူ့ရှင်တော်မိသားစု၏ ရင်သွေးငယ်များ ပညာသင်ကြားရေးအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း လူ့ရှင်တော်ကြီး ဦးထင်ပေါ်က ပြောကြားသည်။ **ဘဦး(မန်း)**

ကျိုက်ထိုမြို့နယ်တွင် အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံး

ကျိုက်ထို အောက်တိုဘာ ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာတွင် လမ်းလျှောက်စဉ် မြစ်ရေတက်သဖြင့် လျှပ်စစ်မီးတိုင်ထိန်းသွပ်ကြိုးအားကိုင်မိရာမှ ဓာတ်လိုက်၍ အမျိုးသမီးတစ်ဦးသေဆုံးမှု အောက်တိုဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ယင်းနေ့ နံနက် ၆ နာရီခန့်က ကော့ထင်းကျေးရွာ တောင်ပိုင်း(၈)ရပ်ကွက်တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူးကိုကိုဦးနှင့်အတူ တာဝန်မှူး ဒုရဲအုပ်ဇော်ဇော်ထွန်းတို့ ဦးဆောင်သောအဖွဲ့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မခိုင်သဇင်(၂၁)နှစ် တောင်ပိုင်း(၈)ရပ်ကွက်နေသူဖြစ်ပြီး ၎င်း၏နေအိမ် ခေါင်းရင်းခြမ်းရှိ ကိုငွေဌေး၏နေအိမ်ရေတွင်းဘက်သို့ သွားစဉ် ကျေးရွာမှာ စစ်တောင်းမြစ်ကမ်းနားနှင့်နီး၍ ရေလျှံလျက်ရှိရာ ရေမှာ ဒူးခေါင်းထိမြုပ်သဖြင့် ထိန်းကြိုးအဖြစ် ကိုငွေဌေး၏ အိမ်တိုင်ခြေနှင့် သွယ်တန်းထားသော သုံးပင်လိမ်အရှည် ၁၅ ပေရှိ သွပ်ကြိုးကိုကိုင်လိုက်ရာမှ ဓာတ်လိုက်ပြီး ညာလက်ဖဝါးနှင့်လက်ချောင်းတွင် အပူလောင်ညိုမည်းဒဏ်ရာ၊ ဝဲဘက်လက်ဖျံတွင် အပူလောင်ဒဏ်ရာတို့ရရှိပြီး သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းအမှတ် ၁၉/၂၀၁၃ ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲခေါင်ဦး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
သံပြားခင်း သံခုတင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် အခင်းသံပြား အသုံးပြုထားသည့် သံခုတင်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်- ၁၅-၁၀-၂၀၁၃ ရက်နံနက် ၁၀ နာရီ
တင်ဒါပိတ်ရက် - ၂၅-၁၀-၂၀၁၃ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ Equipment for Substation maintenance အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) Testing Instrument
(၂) Accessories for Transformer
(၃) Control Cable
(၄) SF6 gas bottle
(၅) Steel ferrule & rope for kWh meter sealing
(၆) Testing Instrument for Communication

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၁၀-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၁၁-၁၁-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - (၁၄:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်လက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂





ပိုင်ရှင်ထံမှ အမြန်ငှားရမ်းလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ လုံးချင်းအိမ်နှင့်မြေကွက်များအား အမြန်ငှားရမ်းလိုပါသဖြင့် ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်နိုင်ပါသည်။

Ph:09-5134630, 09-31559755(မြတ်တော်ဝင်)

အိမ်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်းမကြီးပေါ် မေတ္တာထိပ်၊ ပေ(၄၀×၆၀) တစ်ထပ်တိုက် ခြံပြည့်ဝင်းပြည့်၊ ရေမီးအစုံ၊ ကားဂိုဒေါင်ပါ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၆၉၁၉၇၊ ၀၉-၇၃၁၆၉၀၇၂

စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကို လက်ခံလျှင်လာခဲ့ပါ။ **ဖုန်း-၀၉-၅၀၇၅၈၂၇**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၈၊ မြေကွက်အမှတ်-၂၂၁၊ မြေကွက်တည်နေရာအမှတ်(၂၂၁)၊ (၁၄၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်အေးသိန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အေးသိန်း[၁၂/မဂတ(နိုင်)၀၃၀၅၀၆]ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်-ဂ)၊ မြေကွက်အမှတ်(၂၈၃/က)၊ မြေကွက်တည်နေရာအမှတ်(၂၈၃/က)၊ ဂန့်ဂော်(၁)လမ်း၊အင်းစိန် (ဒေါ်မေခင်ဦး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မေခင်ဦး ကွယ်လွန်သဖြင့် ဦးမောင်မောင်စိုး[၁၂/အစန(နိုင်)၀၀၅၀၁၄]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးမောင်မောင်စိုးထံမှ GPရသူ ဒေါ်ဥမ္မာမြင့်[၁၂/မရက(နိုင်)၁၃၃၀၂၄]က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/မာန်ပြေ၊ မြေကွက်အမှတ်(၁၂၆၃/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၆၃/က)၊ မာန်ပြေလမ်း(၂၀)၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်နှင်းမယ်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်နှင်းမယ်(မိခင်)နှင့် ဦးတင်ကြိုင်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးသန်းလွင်[၁၂/သကတ(နိုင်)၀၃၂၃၅၃]၊ ၂။ဒေါ်အေးအေးသန်း[၁၂/သကတ(နိုင်)၀၃၄၃၃၂]တို့မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျွဲပွဲမြို့ဝင် မီးရထားဖြတ်ကျော်လမ်း ညီညာစွာသွားလာနိုင်ရေး ပြုပြင်ပေးသင့်

ကျွဲပွဲ အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့၏တစ်ခုတည်းသော မြို့ဝင်မီးရထားလမ်းကျော်မှာ ကုန်ကားကြီးများ ဝင်၊ထွက်သွားလာသော လမ်းဖြစ်သည်။

မီးရထားလမ်းသုံးလမ်းမှာ အနိမ့်အမြင့်မညီသဖြင့် ဆလွန်းကားများ အောက်ပိုက်မလွတ်ဖြစ်နေသည့်အပြင် ပြီးခဲ့သည့်လက မီးရထားအင်ဂျင်နီယာဌာနမှ ကွန်ကရစ်ဇလီဖားတုံးများ လာရောက်လဲလှယ်ပြီး မူလလမ်းအကျယ်အတိုင်း ပြန်မဖို့ဘဲထားသဖြင့် လမ်းသား ၉ ပေ ၄ လက်မသာ ကျန်ရှိသောကြောင့် ကုန်ကားကြီးများ ဘီးခွင်မလွတ်ဖြစ်နေသည်။

အခန့်မသင့်ပါက သွားလာရင်းလေးကျိုး၊ ရှပ်ကျိုးဖြစ်၍ လမ်းပိတ်ဆို့သွားပါက မီးရထားများလည်း ပိတ်ဆို့နိုင်သည့်အပြင် ဆုံးရှုံးမှုများလည်း ရှိလာနိုင်သည်။

၂၀၁၁ ခုနှစ်ကလည်း ထိုနည်းတူ ပြုလုပ်ခဲ့သည့်အတွက် ညအချိန် သတိမမူမိသောယာဉ်နှင့်ဆိုင်ကယ်များ ထိခိုက်ပျက်စီးမှု၊ ဒဏ်ရာရရှိမှုများဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် အန္တရာယ်ရှိသည့် အဆိုပါဖြတ်ကျော်လမ်းအား လုံလောက်သည့်လမ်းအကျယ်နှင့် ညီညာစွာသွားလာနိုင်စေရန် ပြုပြင်ပေးသင့်ကြောင်း ယာဉ်မောင်းများနှင့် လုပ်သားပြည်သူများက ပြောဆိုနေကြသည်။**(အပေါ်ပုံ)**

(၁၅၁)

စက်မှုလက်မှုပညာ သင်တန်းကျောင်း(လပွတ္တာ) အခြေခံစက်ပြင်(အထူး)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ စက်မှုလက်မှုပညာ သင်တန်းကျောင်း(လပွတ္တာ)တွင် ဖွင့်လှစ်ခဲ့သော အခြေခံစက်ပြင်(အထူး) သင်တန်းအမှတ်စဉ် (၃/၂၀၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်နှင့်နည်းပြဝန်ထမ်းများ၊ သင်တန်းသားများ စုစုပေါင်းအင်အား ၁၀၀ ခန့်တက်ရောက်သည်။

အခမ်းအနားတွင် လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဘက်စုံထူးချွန်ဆုရ မောင်ထက်ဝေအောင် သရက်ချောင်းကျေးရွာ မော်လမြိုင်ကျွန်းမြို့နယ်အား ဆုချီးမြှင့်ပေးအပ်သည်။ ဆိုင်ကယ်ပြင်ဘာသာရပ်(စာတွေ့/လက်တွေ့) ထူးချွန်ဆုရ မောင်ဇော်ဦး လပွတ္တာလုပ်ကျေးရွာ မော်လမြိုင်ကျွန်းမြို့နယ်၊ တစ်လုံးထိုး အင်ဂျင်ဘာသာရပ်(စာတွေ့/လက်တွေ့) ထူးချွန်ဆုရ မောင်တင့်နိုင်လင်း (၇)ရပ်ကွက် လပွတ္တာမြို့နယ်နှင့် သံချည်သံကွေး ဘာသာရပ် (စာတွေ့/ လက်တွေ့) ထူးချွန်ဆုရ မောင်သန့်ဇင်ဦး ကြာကန်ကျေးရွာ လပွတ္တာမြို့နယ်တို့အား ခရိုင်ရဲတပ်ဖွဲ့မှူးက ဆုများချီးမြှင့်ပေးအပ်သည်။ ကျောင်းအုပ်ဦးသိန်းဦးက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဩဂုတ်၇ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ရက်သတ္တခုနစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၃၅ ဦး တက်ရောက်ခဲ့ကာ သင်တန်းသားများ၏ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို ဦးစီးဌာနမှ အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှုးသမားများ ပစ်ခတ်မှုကြောင့် စိုက်ပျိုးရေးအလုပ်သမား၏ကလေးငယ် ကျည်ဆန်သင့်ခံရ

မဲဆောက် အောက်တိုဘာ ၁၁

ထိုင်းနိုင်ငံ မဲဆောက်မြို့အနီး ဖုတ်ဖရမြို့နယ်မှ ၃၆ ကီလိုမီတာအကွာ မြန်မာစိုက်ပျိုးရေးအလုပ်သမားများ၏ တဲအိမ်စုတစ်ခုတွင် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက အရက်မူးနေသူတို့၏ ပစ်ခတ်မှုကြောင့် အိပ်ပျော်နေသည့် မြန်မာအလုပ်သမား၏သားငယ်တစ်ဦးတွင် ယာဘက်ပေါင်ရင်းအား သေနတ်ကျည်ဆန်သင့်ခံခဲ့ရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရသိရသည်။

အဆိုပါ ဒဏ်ရာရရှိသွားသည့် အသက် (၁၂)နှစ်အရွယ် ပထမတန်းကျောင်းသား မောင်စိုင်းဝဏ္ဏဖြိုး၏ ဖခင် ကိုဇော်နိုင်က "ကျွန်တော်တို့မှာ ဘာနေထိုင်ခွင့်အထောက်အထားလက်မှတ်မှမရှိပါဘူး၊ ဒီနေ့ မနက်မှာ ကလေး ဒဏ်ရာရတော့ ကျွန်တော်တို့အလုပ်ရှင်သူဌေးရောက်လာတယ်၊ မဲဆောက်ဆေးရုံကြီးကိုပို့ပေးတယ်၊ ညနေမှာ ဆေးရုံကပြန်ဆင်းလာပြီဖြစ်ပါတယ်၊ ထိုင်းလူမျိုးလူငယ်တစ်စုရောက်လာပါတယ်၊ ရဲကိုမတိုင်ဖို့ အမှုမလုပ်ဖို့ အားလုံးကို တာဝန်ယူပါတယ်လို့လာပြောသွားပါတယ်၊ ကလေးကျောင်းတက်နေတဲ့ တို့မိတ်ဆွေကျောင်းကဆရာတွေနဲ့ အဲဒီထိုင်းလူမျိုးတွေနဲ့ မနက်ဖြန်ညှိနှိုင်းကြမယ်လို့တော့ သိရပါတယ်" ဟု ပြောသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မဲဆောက်မြို့ မြန်မာနိုင်ငံသားများအရေးပူးတွဲလှုပ်ရှားမှုကော်မတီမှ ထိုင်းရှေ့နေများကောင်စီ၊ ဥပဒေအထောက်အကူပြုဌာန (LLC)နှင့် တွဲဖက်၍ ဥပဒေကြောင်းအရ အကာအကွယ်ဖြစ်စေနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

(စိုးဝင်း-MLA)

မေတ္တာမွန်စေတနာရှင် ကရုဏာရှင်များသွေးလှူအဖွဲ့သွေးလှူဒါန်း

ကျောင်းကုန်း အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင်စေတနာသွေးအလှူရှင်ပေါင်း ၁၅၀၀ ဖြင့် ၂၀၀၄ ခုနှစ်မှစတင်ဖွဲ့စည်းတည်ထောင်ထားရှိသော မေတ္တာမွန်စေတနာရှင်ကရုဏာရှင်များသွေးလှူအဖွဲ့၏ ကိုးနှစ်ပြည့်အထိမ်းအမှတ်(၈)ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာနခွဲကျင်းပရာ စေတနာရှင်မှန်လုံယာဉ်ဖြင့် ကျောင်းကုန်းမြို့ မေတ္တာမွန်သွေးလှူအဖွဲ့ခေါင်းဆောင် ဦးလှိုင်မျိုးဆွေ ဦးဆောင်၍ စေတနာသွေးလှူရှင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးမြို့နယ်အသီးသီးမှ စေတနာ သွေးလှူရှင် စုစုပေါင်း ၃၀၈ ဦးတို့က သွေးများကိုအောင်မြင်စွာ လှူဒါန်းခဲ့ကြသည်။ စုပေါင်းသွေးလှူဒါန်းပွဲတွင် ရန်ကုန်မြို့နှင့်ကျောင်းကုန်းမြို့တို့မှ စေတနာ သွေးလှူရှင်များအား စေတနာအလှူရှင်များနှင့်လူမှုရေးအသင်းအဖွဲ့တို့မှ နံနက်စာ၊ နေ့လယ်စာ၊ အချိုရည်၊ မုန့်မျိုးစုံ၊ သစ်သီး၊ သောက်ရေသန့်၊ အားဆေးများနှင့် လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးလှူဒါန်းကြသည်။

အဆိုပါ မေတ္တာမွန်သွေးလှူရှင်အဖွဲ့အနေဖြင့် ကိုးနှစ်တာကာလအတွင်း သွေးအိတ်ပေါင်း ၅၀၀၀ ခန့်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(၃၆၅)

စီးပွားရေးကြော်ငြာ

Super Seven Stars

Join the first automotive dealership in Myanmar

Sales Consultants, Marketing Specialists and Drivers

Sales and Marketing (Qualification Requirements :)

- Able to work indepently, Montivated and good working attitude.Able to work in team management.
Overseas experience an advantage, Salary plus high commission, Training Provided

Drivers (Qualification Requirements :)

- At least one year driving experience,Possess valid Myanmar Driving License,Familiar with Yangon road, Attentive,reliable,punctual and good working attitude. Able to speak English,Prefers someone with Red (D) Driving License. High starting pay

How to Apply :

All application must be received not later than 20.10.2013 at 5:30 PM
at Super Seven Stars Motors Industry Co., Ltd address below.
No : 22B, 23 A Kabaraye Pagoda Road, Yankin Township, Yangon.
Ph: +95-01-657866, 657867, 657868

ပျောက်ဆုံးကြောင်း

ကျွန်တော် ရွှေစိုး မှတ်ပုံတင်အမှတ် [၅/အရတ(နိုင်)၁၁၄၈၇၁]ကိုင်ဆောင်သူ၏ PP.241468 ပတ်စ်ပို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉. ၄၂၂၄၈၈၄၃၁



ကားညှိနှိုင်းဈေးဖြင့် ရောင်းမည်

NISSAN VENETTE
TRUCK 2005
G-4, White, 1000 kg
AC, PS, PW, ABS, CD
Ph:0951-99249, 0950-92771

မြေကွက်ဝယ်လိုသည်

09 31589922
09 31268183

Fashion Euphoria (Junction Square) သီတင်းကျွတ်အထူးဈေးရောင်းပွဲ

၁၂-၁၀-၂၀၁၃ရက်(စနေနေ့)မှ ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့)အထိ Fashion Euphoria (Junction Square) ၏ သီတင်းကျွတ်အထူးဈေးရောင်းပွဲတွင် လူကြီးမိဘများ၊ ဆရာသမားများအား သီတင်းကျွတ်ဂါရဝပြုကန်တော့ရန်နှင့် မိတ်ဆွေများအား လက်ဆောင်အဖြစ်ပေးရန်အတွက် ဆန်းသစ်လှပသော ပွဲထိုင်ဇာအမျိုးမျိုးကို အရောင်အသွေး လိုက်ဖက်ညီသော ပိုးထည်များနှင့် တွဲဖက်ပြီးလည်းကောင်း၊ Fashion Euphoria မှ ဖန်တီးတီထွင်ထုတ်လုပ်ထားသော ကွန်ပျူတာပန်းထိုး၊ ချိတ်ဒီဇိုင်း၊ ပန်းဒီဇိုင်းများကိုလည်းကောင်း ၃၀%မှ ၇၀ %ထိ အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား လေးစားချစ်ခင်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

Fashion Euphoria (Junction Square)

ဖုန်း-၀၉ ၅၁၀၅၄၇၁၊ ၀၉ ၄၃၀၃၁၅၂၀

J&B

RIVER VIEW HOTEL

သီတင်းကျွတ်အထူးအစီအစဉ်

20% Discount

10.10.2013 မှ 11.11.2013 ထိ

No.374, Strand Road, Botahtaung Tsp. Yangon, Myanmar.

Tel : 95-01-296731, 95-01-297356

TAXI ငှားမည်

AA/7----Calida

(၃၅)ရပ်ကွက်၊ ဒဂုံ/မြောက်

နေ့/ည မောင်း

ဖုန်း-၀၉-၄၅၀၀၃၀၁၇၅

Lin လင်း

ပလတ်စတစ်ခလောင်းလုပ်ငန်း

UV ဖြင့် ပန်းကွက်ဒီဇိုင်းဖော်ခြင်း

Ph : 01-373140, 09-73029380, 09-73027703

တိဗ္ဗ (1)

ENGLISH Conversation Practice

UNCLE TOMS CABIN

အမြန်ရောင်းလိုသည်

သတို့သမီးလောင်းများအတွက် သတို့သမီးဝတ်စုံလှလှလေးဝတ်လိုရဲ့လား၊ ပန်းကြဲကလေးအတွက် ဂါဝန်လှလှလေးဝတ်လိုပါသလား ချောစုလှိုင်မှာ နောက်ဆုံးပေါ် Design ရှိသည်။ အမြန်လာဝယ်ပါ။ ဆိုင်ဖွင့်လိုသူများအတွက်အထူးဈေးနှုန်းရှိသည်။

ဖုန်း-၀၉-၅၀၃၁၈၆၂၊ ၀၉-၄၄၈၀၁၀၀၆၆

No(21)၊ အိမ်ကြီးလမ်း၊ မြေညီထပ်၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်။

POST

ဖခင် မ/ဥက္ကလာပ၊ (၈)ရပ်ကွက်၊ သုနန္ဒာ(၁)လမ်း၊ အမှတ်(၆၉၁)

အမည်မှန် နေ မနီနီဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ဖြစ်ပါကြောင်း။

Rise and Fall of The Communist Party of Burma

By Bertil Lintner

IT COMPUTER TRAINING CENTER

ENGLISH AutoCAD - 3ds Max VIDEO EDITING WEB DESIGN PROGRAMMING

Computer Basic LCCI I-II-III MYOB Service Technician GRAPHIC DESIGN

HOT LINE - 09-41290778, 383893, 253293 5%

(၂၂.၁၀.၁၃)

LIBERTY EDUCATION

01-50 35 34
09-7321 12 43

Liberty English(Adults age 16+)
Elementary Pre-intermediate Intermediate Upper-intermediate

Liberty Pre-School(age 3-5)

Liberty Young English(age 6-15)
Starters Movers Flyers KET PET

Enroll Now
Limited Seats

Aspect Management (Myanmar) Co.,Ltd

CV Form

Aspect Management (Myanmar) Co.,Ltd
Holiday Restaurant
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ဦးကိုကို[၁၂/တမန(နိုင်)၀၆၇၁၁၃](သစ်အ၀ယ်တာ၀န်ခံ) ခြံအမှတ်(၄၄)၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

၂၀-၉-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြထားသော သတိပေးကြေညာခြင်းနှင့်စပ်လျဉ်း၍ (သစ်အ၀ယ်တာ၀န်ခံ) ဦးကိုကိုနှင့်အများသိစေရန် ဦးစိုးမြင့်၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁။ လွန်ခဲ့သော (၃)နှစ်ကျော်ကာလ ၂၁-၁-၂၀၁၀ ရက်တွင် လုပ်ကိုင်ခဲ့ပြီးသော ပဋိညာဉ်စာချုပ်အား ယနေ့မှ ပြန်လည်ဖော်ပြပြီးကြေညာခြင်းမှာ လွန်စွာလွဲမှားနေပြီး ဖော်ပြသောအချက်များမှာလည်း လွဲမှားချက်များစွာနှင့် အများထင်ယောင်ထင်မှား ဖြစ်စေရန် ပုဂ္ဂိုလ်ရေးအရ ဖော်ပြခြင်းသာဖြစ်ပါသည်။

၂။ (PREMIUM)ဆိုသော စကား၏အဓိပ္ပာယ်မှာ (အာမခံအဖြစ်)သုံးစွဲခြင်းကို ဆိုလိုပါသည်။ အမြတ်ဟု သတ်မှတ်ခြင်းမဟုတ်ပါ။ လုပ်ငန်းအတွက် နှစ်ဖက်ပဋိညာဉ်ပြုလုပ်ရာတွင် အာမခံငွေအဖြစ် သတ်မှတ်သောငွေကြေး ဖြစ်ပါသည်။ စာချုပ်စည်းကမ်းနှင့်ညီညွတ်ပါက အာမခံငွေကို ခံစားနိုင်ပြီး စာချုပ်စည်းကမ်းဖောက်ဖျက်ပါက အဆိုပါအာမခံငွေကို လက်လွှတ်ဆုံးရှုံးခံရမည်ဖြစ်ပါသည်။

၃။ ယခုဖြစ်စဉ်၏ပြဿနာအရင်းခံအစမှာ စာချုပ်စတင်ချုပ်ဆိုရာတွင် (သစ်အ၀ယ်တာ၀န်ခံ)ဦးကိုကိုသည် ဦးစိုးမြင့်ထံ ကော်မရှင်တောင်းခံရာ ဦးစိုးမြင့်မှ ကျပ် ၉ သိန်း ပေးခဲ့ပါသည်။ သို့ရာတွင် ဦးကိုကိုမှ နည်းသည်ဆိုပြီး ထပ်မံတောင်းခံရာတွင် ဦးစိုးမြင့်မှ ထပ်မံမပေးနိုင်ကြောင်း ငြင်းဆိုရာမှ ပြဿနာစတင်ခြင်းဖြစ်ပါသည်။

၄။ ထို့ကြောင့် စာချုပ်စည်းကမ်းချက် အပိုဒ်(၄) အပိုဒ်ခွဲ(က)တွင် ဖော်ပြချက်အရ စာချုပ်ပြီး(၁၄)ရက်ထက် နောက်မကျစေရဘဲ (Premium)ထက်၀က်ကို ဦးစိုးမြင့်သို့ပေးရန် ဖော်ပြထားသော်လည်း မပေးဘဲ အချိန်ဆွဲ၍ ၂၁-၁-၂၀၁၀ ရက်မှ ၃၁-၇-၂၀၁၀ ရက်အထိ (၇)လကြာမြင့်ပြီး (၇)ကြိမ်ခွဲ၍ ပေးခဲ့ပါသည်။ [သတင်းစာတွင် ဖော်ပြသည့် (၅)ကြိမ် မဟုတ်ပါ။]

ထိုသို့အလီလီပေးရာတွင်လည်း ဒေါ်လာ ၅၀၀၊ ၆၀၀၊ ၉၀၀ စသည်ဖြင့် အလီလီခွဲ၍ပေးရာ ဦးစိုးမြင့်မှ လွန်စွာစိတ်ဆိုးပြီး ဦးကိုကို၏ကုမ္ပဏီရုံးခန်းတွင် စကားများရန်ဖြစ်ခဲ့ရာတွင် ၀န်ထမ်းများမှ ဖြန်ဖြေပေးခဲ့ရသည်မှာ (၃)ကြိမ်ခန့်ဖြစ်ပါသည်။

၅။ ထို့အပြင် ထိုသို့အလီလီခွဲပေးသော ငွေများကိုစုပေါင်းပြီး နောက်ကြောင်းပြန်နေ့စွဲဖြင့် တစ်လုံးတည်းပေးသည့် သဘောဖြင့် ပြင်ဆင်ပြီး ငွေရပြေစာရေးပေးရန်တောင်းပန်၍ ဦးစိုးမြင့်အနေဖြင့် လုပ်ငန်းအဆင်ပြေစေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခဲ့ပါသည်။

၆။ အဓိကအချက်မှာ ထုတ်လုပ်ပြီးသော သစ်လုံးများကို လာရောက်ရွေးချယ်ရန် အကြိမ်ကြိမ်ခေါ်ယူသော်လည်း ဦးကိုကိုမှ အကြောင်းအမျိုးမျိုးပြ၍ အချိန်ဆွဲခဲ့ပါသည်။ ထိုသို့အချိန်ဆွဲခြင်းမှာ သစ်လုံးများကို ရွေးချယ်ပြီးပါက စာချုပ်ပါစည်းကမ်းအရ ထပ်မံ၍ ငွေပေးရမည်ဖြစ်ရာ ၎င်းအနေဖြင့် ထပ်မံမပေးလိုခြင်းကြောင့် ဦးစိုးမြင့်နှင့် ရုံးပေါ်တွင် ထပ်မံစကားများကြရပါသည်။

၇။ သို့သော် ဦးစိုးမြင့်မှ သည်းခံပြီး လုပ်ငန်းတာ၀န်ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဦးကိုကို၏ကိုယ်စားလှယ်များ ရွေးချယ်အတည်ပြုခဲ့သော သစ်မာသစ်လုံးတန်(၂၅၀)ကို နိုင်ငံခြားတင်ပို့ခွင့်လျှောက်ထားခဲ့ရာ မြန်မာ့သစ်လုပ်ငန်း၏ ၂၃-၁၁-၂၀၁၀ ရက်စွဲပါ စာချုပ်အမှတ် HLO-828(2010-2011)(D)(MP) ဖြင့် ပြည်ပတင်ပို့ခွင့်စာချုပ် ရရှိခဲ့ပါသည်။

၈။ သို့ရာတွင် ပြည်ပတင်ပို့ခွင့် သစ်မာတန်(၂၅၀)အနက် (၁၅၈)တန်ကိုသာ တင်ပို့ပြီး (၉၂)တန်ကိုချန်လှပ်ထား၍ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေများကို မပေးသွင်းခဲ့ပါ။ ထို့ကြောင့် နိုင်ငံတော်အတွက် ၀င်ငွေနစ်နာပြီး ဦးစိုးမြင့်အနေဖြင့်လည်း များစွာ နစ်နာဆုံးရှုံးခဲ့ရပါသည်။

၉။ ဦးစိုးမြင့်နှင့်အတူ စီးပွားဘက်မိတ်ဆွေရင်းဖြစ်သူ ရိုးသားသော(ဦးစောဘောနီ)၏သားဖြစ်သူ ဦးစောကပေါ်စေးမှ ဦးကိုကို၏ လုပ်ရပ်များကို စိတ်ပျက်ပြီး အခြားကုမ္ပဏီနှင့် သွားရောက်ပူးပေါင်းလုပ်ကိုင်သွားခြင်းကြောင့် ဦးစိုးမြင့်၏အကျိုးစီးပွားကို များစွာ ထိခိုက်စေခဲ့ပါသည်။

၁၀။ ထို့ကြောင့် ဦးကိုကို၏ မမှန်မကန်ဖော်ပြချက်များကြောင့် အများပြည်သူအထင်လွဲမှားပြီး နစ်နာစေနိုင်သည့်အတွက် ဦးစိုးမြင့်အနေဖြင့် ဦးကိုကို၏ဖော်ပြချက်များ မမှန်ကန်ပါကြောင်းနှင့် ခိုင်မာသော စာရွက်စာတမ်းအထောက်အထားများ၊ လူပုဂ္ဂိုလ်သက်သေများဖြင့် အချိန်မရွေးရှင်းလင်းရန် အသင့်ရှိပါကြောင်း ဦးကိုကိုနှင့်အများသိသာရန် ပြန်လည်ရှင်းလင်းအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစိုးမြင့်[၁၂/စခန(နိုင်)၀၁၄၃၈၆]
အမှတ်(၂)အောင်သပြေလမ်း၊ ၀ါဆိုရပ်ကွက်
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

ဦးခင်စိုး BA, H.G.P, D.B.L (အထက်တန်းရှေ့နေ)
အမှတ်-၈၃/၁၈၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၄၀၀၁၈ (ရုံး)

အမည်ပြောင်း

အထက(၄)အလုံ တတိယတန်း(ခ)မှ အဖ ဦးတင်ထွန်း၏သား မောင်ရှင်းသန့်ထွန်းအား ယနေ့မှစ၍ မောင်ဉာဏ်လင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

ဒဂုံမြို့သစ်

မြောက်ပိုင်း၊ အရှေ့ပိုင်း ဆိပ်ကမ်းရှိ မြေကွက်များ ၀ယ်လိုပါသည်။

ဖုန်း-၄၃၀၉၁၅၂၇

ဆရာကြီး Dr.

ဆရာ - ဦး

Essays Letters

Dialogues

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မှီအဆင့်(၁)၊ မြေကွက်အမှတ်(၁၅၀၁) အမည်ပေါက် ဦးဘကို၏ မြေကွက်ကို လက်ရှိလက်၀ယ်ပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့် [၁၂/လမန(နိုင်)၀၁၈၂၃၅]မှ မြေကွက်စလစ်(မူရင်း) ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအ၀ယ်စာချုပ် (မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇စီ၊ မြေကွက်အမှတ်-၁၄၄၊ မြေကွက်တည်နေရာအမှတ်(၆)၊ နွယ်နီလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် (ဦးကြင်သိန်း) (CI 007140) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြင်သိန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်မင်း [၁၂/ပဇတ(နိုင်) ၀၀၅၉၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်-၂၀၃၊ မြေကွက်တည်နေရာအမှတ်-၂၀၃၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဒေါ်အုန်းကြိုင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အုန်းကြိုင်ထံမှ အရပ်စာချုပ်ဖြင့် ၀ယ်ယူထားသူ ဦးကြည်ညွန့် (B/DGNMTT.009148)မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တေဇ (၂၂)

(၁၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ဖိတ်ကြားခြင်း

တေဇ (၂၂) ကျောင်းဆင်းအရာရှိများ၏ (၁၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) ဆည်းဆာရိပ်ဂီလာနဘိုးဘွားရိပ်သာတွင် အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် ရေစက်ချတရားနာယူခြင်း

နေ့ရက်၊ အချိန် -၂၀-၁၀-၂၀၁၃ရက်၊ နံနက် ၉း၃၀ နာရီ

နေရာ -ဆည်းဆာရိပ်ဂီလာနဘိုးဘွားရိပ်သာ၊ အမှတ် (၈၀၃/၈၀၅) မဟော်သဓလမ်း၊ (၁၂) ရပ်ကွက်၊ အရှေ့ဒဂုံ။

ဆုံရပ် -တ/ဥက္ကလာမြို့နယ်လျှပ်စစ်ရုံးသို့ နံနက် ၈နာရီအရောက်စုစည်းရန်

(၂) ရန်ကုန်မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း

နေ့ရက်၊ အချိန် -၂၀-၁၀-၂၀၁၃ရက်၊ နံနက် ၁၁း၃၀ နာရီ

(၃) ညစာစားပွဲ ကျင်းပပြုလုပ်ခြင်း

နေ့ရက်၊ အချိန် -၂၀-၁၀-၂၀၁၃ရက်၊ ညနေ ၁၈း၀၀ နာရီ

နေရာ -မ/ဥက္ကလာ ဂန္ဓမာ Whole Sale (Venus garden) စားသောက်ဆိုင်

ကုသိုလ်ပါဝင် လှူဒါန်းနိုင်ရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းသွားကြပါရန်-

မြဝတီ ဘဏ်စာရင်းအမှတ် - A/C No- S 132K 0011015914 U

မွေး/ရေ ဘဏ်စာရင်းအမှတ် - ဦးစိုးနိုင် SN 83-0201220002252

သစ္စာ ဖုန်း-၀၉ ၈၆၂၁၁၁၁၊ ကျော်ဇေယျ ဖုန်း-၀၉ ၅၁၆၅၆၅၀၊

ဇော်ဇော်ထွေး ဖုန်း-၀၉ ၅၀၂၂၉၉၆၊ ဇော်ဟိန်း ဖုန်း- ၀၉ ၅၁၂၇၀၈၂၊

ရဲဝင့်ကို ဖုန်း-၀၉ ၈၃၅၁၁၆၆၊ ရဲဝင်းရှိန် ဖုန်း-၀၉ ၅၀၅၅၁၁၇၊

အောင်ဇော်မိုး ဖုန်း- ၀၉၅၀၅၀၃၁၇၊ ရဲမိုးထွန်း ဖုန်း-၀၉၅၀၃၂၁၀၇

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၀-၂၀၁၃ရက် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၁၈)ပါ OTS 29 ဖိတ်ကြားခြင်း ကြော်ငြာတွင် ဦးမောင်မောင် ဖုန်း-၀၉-၅၀၀၀၆၅၆၁၊ သူရအောင်ကြည် ဖုန်း-၀၉-၇၃၀၉၁၄၂၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၉)လမ်းနှင့် စံပြ(၄)လမ်းရှိ မြေညီထပ်မှ ဒါးဘာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ အဆင့်မြင့်ပြင်ဆင်ပြီး။

ဖုန်း-၀၉-၅၄၀၁၀၁၁၊

၀၉- ၇၃၀၉၅၆၇၇

CNG TAXI (AA)

နေ့မောင်းအလိုရှိသည်။

(တစ်လက်ကိုင်)

Ph:09 73196530

01-2301567

ကျေးဇူးဆပ်ပါမည်

ကျွန်မနှင်းနှင်းဝေ၏ Passport No M 631775 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ph:095147044

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၃ ရက် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ(ဆ)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံမြောက်မြို့နယ် GP ဦးအောင်စိုးထွန်း၏ မြေပုံကူးတွင် ဒေါ်တင်ရီ(ခ) ဒေါ်တင်တင်ဝင်းအစား ဒေါ်တင်ရီ(ခ) ဒေါ်ခင်ခင်ဝင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကားနှင့် ဖုန်းနံပါတ်အလှ ရောင်းမည်

Light truck ၁တန်ဆံ့၊ သိန်း(၁၁၅) ၀၉ ၇၃-----

ဖုန်း-၀၁- ၅၂၁၁၀၇

Express

ကားများရောင်းရန် ရှိသည်။

၉၁/- Panda Box အသေး (၁)စီး

၈ဆ/- Panda Box အကြီး (၃)စီး

ရောင်းရန်ရှိသည်။

ဖုန်း-09 5066473, 09-5188632, 09 5416476, 09425278273

ကုက္ကိုင်းရေကျော်အသင်းဝင်များသို့ မင်္ဂလာပြောကြားချက်

၁-၁၀-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးအောင်ခင်နှင့် ဒေါ်ခင်ခင်လေးတို့၏ ရှေ့နေဦးဘမော်၏ ပိုင်ဆိုင်ကြောင်းအများသိစေရန် ကြေညာချက်အပေါ်ရှင်းလင်းခြင်းနှင့် အများသိစေရန်ကြေညာချက်

ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဦးအေးကျော်[၁၂/ကမရ(နိုင်)၀၅၆၀၉၀]၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအေးကျော်သည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂-တောင်)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၁၂၉၁/အေ)၊ အကျယ်ပေ(၁၀၀×၈၀)ရှိ ဦးအေးကျော်-ဒေါ်ခင်ပြုံးရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား ၂၀၁၂ခုနှစ်၊ နှစ်ဦးပိုင်းတွင် ဦးအေးကျော်၏မိတ်ဆွေတစ်ဦးသို့ ရောင်းချရန် စရန်ငွေလက်ခံရယူထားပြီးဖြစ်ပါသည်။ စရန်ငွေရယူထားပြီးနောက် ကျန်ငွေထပ်မံမပေးချေရသေးသည့်အချိန်တွင် ဒေါ်ခင်ပြုံးရီ ကျန်းမာရေးအတွက် ဆေးဝါးကုသရန်ငွေလိုအပ်သဖြင့် အချင်းချင်းညှိနှိုင်းကြပြီး အဆိုပါမြေဂရန်နှင့် စာရွက်စာတမ်းအထောက်အထားများကို ဒေါ်အိအိခိုင်[၁၂/မဂတ(နိုင်)၀၈၂၈၃၉]ထံ ငွေကျပ်သိန်း(၃၀၀၀)ဖြင့် ခေတ္တပေါင်နှံထားခဲ့ပါသည်။ ပေါင်နှံခြင်းအတွက် ၃၀-၅-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၉၈၂၀/၂၀၁၂)ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာကို ကြိုတင် ပေးအပ် ထားခဲ့ရပါသည်။ (၂)လအကြာတွင်နောက်ထပ်ယူငွေကျပ်သိန်း(၂၅၀)နှင့် (၂)လစာအတိုး သိန်း(၁၂၀)ပေါင်း၍ ကျပ်သိန်း(၃၇၀)ကိုရှင်းလင်းပြီး စာချုပ်ချုပ်ဆိုပေးခဲ့ပါသည်။ နောက်(၂)လအကြာတွင် ဒုတိယအကြိမ်(၂)လစာအတိုးလည်း ထပ်မံပေးအပ်ခဲ့ပါသည်။ ၎င်းစာချုပ်မှာမိမိလက်ထဲတွင် ရှိနေပါသည်။ နောက်ပိုင်းတွင် မိမိဇနီး၏ ကျန်းမာရေးအခြေအနေကြောင့်လည်းကောင်း၊ မိသားစုအထူးကိစ္စတစ်ခုကြောင့်လည်းကောင်း အတိုးငွေ(၄)လခန့် မပေးဖြစ်ခဲ့ပါ။ ၎င်းနောက်အတိုးရောအရင်းပါယူပြီး သွားရွေးသည့်အခါ ဒေါ်အိအိခိုင်မှ ပြန်အရွေးမခံတော့ဘဲ ယောက္ခမဖြစ်သူ ဦးအောင်ခင်နှင့် ဒေါ်ခင်ခင်လေးတို့အား ရောင်းချပြီးဖြစ်ကြောင်းပြောပါသည်။ ထို့ကြောင့်အဆိုပါမြေကွက်၏ တရားဝင်ပိုင်ရှင်မှာ ဦးအေးကျော်-ဒေါ်ခင်ပြုံးရီတို့သာ ဖြစ်ကြောင်းနှင့် ဦးအောင်ခင်နှင့်ဒေါ်ခင်ခင်လေးတို့မှာ မမှန်မကန်ညွှန်ကြားချက်များပေး၍ ကြေညာခြင်းဖြစ်ကြောင်း ဦးအေးကျော်မှ စည်ပင်သာယာရေးကော်မတီနှင့် အခြားရုံးအသီးသီးသို့လိုအပ်သည့် ဟန့်တားမှုများ၊ ကန့်ကွက်မှုများပြုလုပ်ထားကြောင်း အများသိစေရန်ကြေညာပါသည်။

ဦးအေးကျော်၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ရီရီအေး B.A(Eco:),R.L

တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၅)

အမှတ်(၅၀)၊ E-2/3၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၃၅၈၇၆၊ ၀၁-၄၀၀၅၄၃

အများသိစေရန်ကြေညာချက်

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အရိယမဂ္ဂင် သာသနာ့ရိပ်သာ ကထိန်ပွဲ

အရိယမဂ္ဂင်ရိပ်သာဆိုင်ရာ ဒကာ-ဒကာမအပေါင်းတို့အား အောက်ပါအစီအစဉ်အတိုင်း ကထိန်သင်္ကန်းအလှူကို ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားပါသည်။ (ဖိတ်စာသီးခြား မရရှိသူများအတွက် ရည်ညွှန်းပါသည်။)

နေ့ရက်။	။ ၂၇-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) ၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက်
နေရာ။	။ အရိယမဂ္ဂင်သာသနာ့ရိပ်သာ၊ ရန်ကင်းလမ်းသွယ်(၁)
အချိန်။	။ နံနက် ၉ နာရီမှ ၁၂ နာရီထိ

(သင်္ကန်းကပ်လိုသူများ ကြိုတင်ကြွရောက်ပါရန်။)

ဝေယျာဝစ္စအဖွဲ့
အရိယမဂ္ဂင်ရိပ်သာ
ဖုန်း-၀၁-၅၆၀၇၁၈၊ ၀၉- ၄၂၁၁၀၃၀၇၈

[illegible]

လယ်တီမူ ဝိပဿနာ အနာဂါမ် ဆရာသက်ကြီးနည်းကို သံဃာတော်များ လက်သို့ အရောက်ပေးအပ်မည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ် ပျော်ဘွယ်ကြီးရွာ အနာဂါမ် ဆရာသက်ကြီး၏ ဝိပဿနာမူလ ကမ္မဋ္ဌာန်းဌာနနှင့် ဒုတိယ ကမ္မဋ္ဌာန်းဌာနတို့တွင် နှစ်ပေါင်း (၃၀)ကျော် ကမ္မဋ္ဌာနာစရိယချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဆရာတော် ဘဒ္ဒန္တကုမာရ (အဘညို) မှ တာဝန်ယူ စောင့်ရှောက်ခဲ့သော နည်းအတိုင်း ပို့ချမည်။

၂။ (၄၅)ရက် ကမ္မဋ္ဌာနာစရိယ သင်တန်းဖြစ်သည်။ အကျင့်မြတ်တရားကို ကိုယ်တိုင်ပွားများအား ထုတ်ကြရမည်။

၃။ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းနည်းဖြင့် ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော် မူလိုကြကုန်သော သံဃာတော် အရှင်သူမြတ်တို့သည် ဘဒ္ဒန္တ ဓမ္မဒိန္နာစာရ (ကွဲလူးအိုင်ကျောင်း)၊ ဖုန်း-၀၉ ၇၃၂ ၄၄၆၂၁၊ ဘဒ္ဒန္တ ကုန္ဒက၊ ဖုန်း ၀၉ ၇၃၁၉၀၁၈၅၊ ဘဒ္ဒန္တ သောဘိတ၊ ဖုန်း ၀၉-၂၅၀၁၅၂၅၄၅၊ ဦးသိန်းတိုး ဖုန်း-၀၉ ၅၀၁၃၈၆၃၊ ဦးပိုက်ခြုံ ဖုန်း-၀၉ ၄၂၀၅၈၁၅၇ တို့နှင့် ဆက်သွယ်စာရင်းပေးသွင်းတော် မူကြပါဘုရား။

၄။ (က)ကျောင်းထိုင်ဆရာတော်ဖြစ်ရမည်။ (ခ) ကမ္မဋ္ဌာန်းကိစ္စအတွက် ကျောင်းထိုင် ဆရာတော်မှ တာဝန်လွှဲအပ်ထားသော ဆရာတော်ဖြစ်ရမည်။ (ဂ) ဓမ္မာစရိယ အောင်မြင်ပြီးရမည်။ (ဃ) အနည်းဆုံး အလတ်တန်းအောင်ပြီးရမည်။ (င) ဝါတော် (၅) ဝါ အထက်ရှိရပါမည်။

၅။ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့တွင် အနာဂါမ်ဆရာသက်ကြီး ရိပ်သာ (ပျော်ဘွယ်ကြီး) တွင် လူတွေ့ တွေ့ဆုံရပါမည်။ လူတွေ့ မကြွရောက်နိုင်ကြသော နယ်မှ အရှင်သူမြတ်များသည် ဘဒ္ဒန္တသောဘိတ (ဇေယျာမင်းကျောင်းတိုက်၊ သမိုင်း) နှင့် ဖုန်းဖြင့် ကြိုတင်ဆက်သွယ်တော်မူကြပါ။ လူတွေ့ တွေ့ဆုံပြီးမှသာ သင်တန်း တက်ခွင့် ရ/မရကို ဆုံးဖြတ်ပါမည်။ သင်တန်းကာလမှာ နတ်တော်လပြည့်နေ့မှ ပြာသိုလကွယ်အထိဖြစ်သည်။ **(နှစ်စဉ် ထိုရက်များ၌ ဆရာဖြစ်ကမ္မဋ္ဌာန်း သင်တန်းရှိပါသည်။)**

လယ်တီနည်းဖြင့် ကမ္မဋ္ဌာန်းဆရာဖြစ်လိုသော သီလရှင်နှင့်လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးများလည်း ဆရာတော်များနှင့် ဆက်သွယ်တော်မူကြပါ။

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ၃ ဦး ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

မြင့်ကျော်သူ(သောင်ကြီးရဲစခန်း လှိုင်သာယာမြို့နယ်) အတွက် မွေးနေ့ဆုတောင်း

ချစ်သောမောင်လေး

၈-၁၀-၂၀၁၃ရက်မှာ ကျရောက်ခဲ့တဲ့ မွေးနေ့မှသည် နောင်အသက်ရှင်နေသရွေ့ကာလ တစ်လျှောက်လုံးမှာ ဖြစ်ချင်သောဆန္ဒနှင့် ဖြစ်လာသောဘဝ တစ်ထပ်တည်း ရရှိပိုင်ဆိုင်နိုင်ပါစေ။

မကုန်ဆုံးတဲ့အချစ်များစွာနဲ့
မမနွယ်

၁၉၈၄ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ

၁၉၈၄ခုနှစ်၊ ဩဂုတ်လတွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ ဘူမိဗေဒဘာသာရပ်သို့ ဝင်ခွင့်ရပြီး ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်းများအားလုံး ဆုံဆည်းနိုင်ဖို့အတွက် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို အောက်ပါ သူငယ်ချင်းများထံတွင်လည်း ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်နေ့ရက်။	။ ၂၄ နိုဝင်ဘာလ ၂၀၁၃ခုနှစ်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ။	။ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ
ကျင်းပမည့်အချိန်။	။ နံနက် ၁၀နာရီမှ ၁၂နာရီ

Dr.ဝင်းမင်းဦး	- ၀၉-၄၂၀၁၁၂၆၃၇
ကျော်စွာဝင်း(မျောက်မ)	- ၀၉-၅၀၃၉၆၇၂
သီဟစိုး(လယ်ဝေး)	- ၀၉-၄၅၀၀၀၄၈၄၆
ထွန်းထွန်း(ပဲလျော်)	- ၀၉-၄၉၃၄၀၂၁၆
မြသန္တာဦး(အီကြာကွေး)	- ၀၉-၅၀၃၉၁၁၁
အိမွန်သန့်	- ၀၉-၄၂၁၁၆၁၀၆၄

၁၉၈၂ခုနှစ်၊ တတိယနှစ်၊ ၁၉၈၃ခုနှစ် စတုတ္ထနှစ်၊ ဘူမိဗေဒ ကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ်မြောက်၊ အာစရိယပူဇော်ပွဲနှင့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးဆောင်မှ ခွဲခွာခြင်း အနှစ်(၃၀)ပြည့် အထိမ်းအမှတ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်။

နေ့ရက်။	။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက်(စနေနေ့)
အချိန်။	။ (ထပ်မံကြေညာပါမည်)
နေရာ။	။ (ထပ်မံကြေညာပါမည်)
ဆက်သွယ်ရန်။	။ ကိုအောင်မိုး-မမူမူရှိန်(၀၉-၅၀၄၄၅၆၆)၊ မစန်းယုမေ (၀၉-၅၀၅၇၉၄၅)၊ ကိုကျော်လွင်ဦး-မခင်ဝါဇော်(၀၉-၄၉၂၂၀၂၄၄)၊ ကိုဒေဝ(၀၉-၅၃၂၁၉၈၉)၊ ကိုတင်အောင်ဝင်း(၀၉-၅၀၀၆၉၈၁)၊ ကိုသိန်းပိုင်(၀၉-၅၁၅၅၆၁၄)၊ ကိုဉာဏ်ဝင်း-မသန္တာအေး(၀၉-၇၃ ၁၉၁၇၈၁)၊ ကိုမျိုးသန့်(၀၉-၅၅၀၀၄၁၃)၊ မအေးအေး(ပိစိ) (၅၀၀၈၂၃)၊ မချိုချိုအေး(၀၉-၅၁၈၆၄၀၃)၊ ကိုချင်းချောင်(၀၉-၇၃ ၀၀၂၈၃၄)၊ မစန်းစန်းလဲ့(မိတိုး) (၀၉-၅၀၃၄၀၆၇)၊ ကိုဗိုလ်ကြည် သောင်း(၀၉-၇၃၂၀၃၉၀၇)

(ဆဌမ)အကြိမ် ငွေစာရင်းမင်းကြီးရုံး(A.G)ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ယခင်ငွေစာရင်းမင်းကြီးရုံး(A.G)မှ အငြိမ်းစားယူပြီးသော ဝန်ထမ်းဟောင်းများ၏ (ဆဌမ) အကြိမ်တွေ့ဆုံပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၁၆ရက် (စနေနေ့)တွင် (M3. Food Center) ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အလှူငွေ ထည့်ဝင်လိုသူများသည် ဦးခင်စိုး၊ ဦးရဲမြင့် ဖုန်း-၀၉-၄၉၂၁၆၆၆၆၊ ဦးမြင့်သိန်း ဖုန်း-၂၀၃၄၉၉၊ ဦးစိုးလှိုင် ဖုန်း-၀၉-၇၃၀၂၃၉၄၆၊ ဦးအေးသန်း ဖုန်း-၅၃၅၅၄၉၊ ဦးစိန်လှိုင် ဖုန်း-၅၄၆၂၈၉၊ ဦးပန်းအေး ဖုန်း-၀၉-၇၃၀ ၅၉၂၀၃၊ ဦးခင်ထွေး ဖုန်း-၃၉၄၃၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/က)၊ မြေကွက်အမှတ်(၁၁/က)၊ မြေကွက်တည်နေရာအမှတ် (၅၉၀)၊ မေဃဝတီကျောင်းလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ မောင်လှခင်၊ မကြေ့ အမည်ပေါက် Bလ/န-၃၉ မြေအား အမည်ပေါက် မောင်လှခင်၊ မကြေ့ ကွယ်လွန်သဖြင့်(၁) ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၅/၈၇ (၅-၂-၈၇)၊ (၂)မြေလှူဒါန်း စာချုပ်အမှတ်-၆၃/၈၇ (၆-၂-၈၇)၊ (၃)အမှားပြင်စာချုပ်အမှတ်-၅၈၃/၈၉(၁၂-၇-၈၉)၊ (၄)အမှားပြင်ဆင် ဖြည့်စွက်စာချုပ်အမှတ်-၉၀/၈၈ (၁၆-၂-၈၈) စာချုပ်မိတ္တူမှန်များ တင်ပြ၍ ဦးကျော်သိန်း(ISN-၁၅၇၄၄၃)မှ ပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျော်သိန်း(ကွယ်လွန်)သဖြင့် ဇနီးဒေါ်သန်းတင်[၁၂/သဃက(နိုင်)၀၆၈၈၈၃] ထံမှGPအမှတ် ၄၄၀၀/၂၂-၂-၁၂ ဖြင့် GPရသူ ဒေါ်မြင့်မြင့်ဌေး(ခ)ဌေးဌေး(ခ)မဌေး[၁၂/သဃက(နိုင်) ၀၆၅၈၇၃]မှ သေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ ပါဝါပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာများ တင်ပြ၍ ဦးကျော်သိန်းမှ မောင်လှအုန်းသို့ ကတိစာချုပ်ဖြင့် ရောင်းချထားသောမြေကွက်အစိတ်အပိုင်းအားချန်လှပ်၍ ကျန်အစိတ်အပိုင်းအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-သုဝဏ္ဏ၊ (ရွှေဝါဆန်မြေ)၊ မြေကွက်အမှတ်(၈၅)၊ မြေကွက်တည်နေရာအမှတ်(၈၅)၊ သစ္စာပန်းလမ်း၊(၂၉)သုဝဏ္ဏ၊ သယ်န်းကျွန်း၊ ဦးလှရှိန်[၁၂/မရက(နိုင်)၀၇ ၉၀၉၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှရှိန်(ဖခင်)နှင့်ဒေါ်လှလှရီ(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်တင်တင်ရှိန်[၆/ထဝန(နိုင်)၁၁၇၈၃၃]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-D၊ မြေကွက်အမှတ်-၇/အီး/၁/ အာရ် မြေကွက် တည်နေရာအမှတ်(၈)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ အိုလံပစ်ကုမ္ပဏီလီမိတက် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် အိုလံပစ်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက် အစိမ်းရောင်မြစ်ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်နှင့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းတို့ဖြင့် ဒေါ်ထွန်းပပလင်း[၁၂/အလန(နိုင်)၀၄၉၆၅၇]မှ ၂၀၀၇ခုနှစ် အရောင်းမြေပုံကူး ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ/ဝန်ခံကတိတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ တေးဥယျာဉ်(၂)လမ်း၊ အမှတ်(၁၇၆/က)တွင်နေထိုင်သူ ဦးမောင်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ လွန်ခဲ့သော (၁၂)နှစ်ခန့်(၃၀-၁၂-၂၀၀၁)ရက်တွင်ဦးသက်လွင်ပိုင်ဆိုင်သော အမှတ်(၄၁၂/က)သောင်ကြီးလမ်း၊ (၇)ရပ်ကွက်၊ တိုးချဲ့(၁)လှိုင်သာယာမြို့နယ်၊ မြေပေါ်ရှိ(၁၀×၆၀)ပေမြေကွက်အား ဦးသက်လွင်ထံမှ ဦးမောင်နိုင်သည် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီးဖြစ်သဖြင့် ၃၀-၁၂-၂၀၀၁ရက်မှစ၍ ယနေ့အချိန်ကာလအထိ လက်ရှိလက်ရောက် ပိုင်ဆိုင်နေဆဲဖြစ်၍ ဦးမောင်နိုင်သာလျှင် (၁၀×၆၀)ပေမြေ၊ မြေ၏ပိုင်ဆိုင်သူပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာမြင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၆၉)
အမှတ်(၂၇၃/ခ)၊ တေးဥယျာဉ်(၁၂)လမ်း၊(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
ဖုန်း-၀၉-၄၂၀၀၈၅၃၁၆

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၂၂၅) အမည်ပေါက် ဦးသန်းဝင်း၏ မြေကွက်ကိုလက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်လွင်၊ မှတ်ပုံတင်အမှတ်[၁၂/ကတန(နိုင်)၀၇၀၃၉၀]မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊မြေကွက်အမှတ်-၉၈၇၊ မြေကွက်တည်နေရာ အမှတ်(၉၈၇)၊ အင်းဝ(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဒေါ်လှစိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှစိန်နှင့် (ပထမခင်ပွန်း)ဦးချစ်ရင်+(ဒုတိယခင်ပွန်း)ဦးစံရင် တို့အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်အုံးသီ[၁၂/ဥကတ(နိုင်)၀၅၇၆၇၇]၊ ဦးအောင်ငြိမ်း[၁၂/ဥကတ(နိုင်)၀၅၃၈၃၉]တို့က သမီးနှင့်သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရှေ့၊ မြေကွက်အမှတ်-၈၆၇၊ မြေကွက်တည်နေရာ အမှတ်(၈၆၇)၊ အောင်သပြေအနောက် (၁၆)လမ်း၊ ၇/ရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသိန်းဖေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းဖေ(ဖခင်)နှင့်ဒေါ်မြမြ(မိခင်)ကွယ်လွန်ခြင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါက်တာ ကြူကြူသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်ကြပါသဖြင့် ကျန်သားသမီးနှင့် မောင်နှမတော်စပ်သူ ဒေါ်ခင်စန်းဝင်း[၇/တငန(နိုင်) ၀၀၈၉၀၄]၊ ၂ဒေါ်ခင်ခင်ကြည်[၇/တငန(နိုင်)၀၀၃၈ ၇၁]၊ (၃)ဦးမြသိန်း[၁၂/အလန(နိုင်)၀၄၉၃၃၃] တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၊ မြေကွက်အမှတ်-၃၂၇/ခ၊ မြေကွက် တည်နေရာအမှတ် (၃၂၇/ခ)၊ (၁၁)ရပ်ကွက် တောင်ဥက္ကလာပ (ဦးတင်ကြိုင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးတင်ကြိုင် ကွယ်လွန်သဖြင့် ဒေါ်ခင်မွေး[၁၂/ဥကတ(နိုင်) ၀၁၃၀၈၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ်(၁၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁/ခ)၊ လယ်ယာ(၇)လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကံညွှန့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကံညွှန့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၉၆၄/၁၃)ရရှိသူ ဦးတင်ဝင်း[၁၂/ဥကတ(နိုင်)၀၆၅၆၃၃]မှ ပါဝါရုပ်သိမ်းထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၉၄)၊ မြေကွက်အမှတ်(၁/ခ B)၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာ အမှတ်(၇၄၉)၊ မာဃလုလင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်(ရွာမြေ)အမည်ပေါက် ရွာမြေအား အမည်ပေါက် ရွာမြေကို အရပ်ကတိ အရောင်းအဝယ်စာချုပ်တင်ပြ၍ ဒေါ်သန်းသန်းဌေး[၁၃/လရန(နိုင်)၀၀၈၄၄၇]က အထူးဝန်ဆောင်ခနှုန်းဖြင့် ဂရန်သစ်လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ အာစိဏ္ဏ

သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၇၄)နှစ်

ပဓာနနာယကဆရာတော်ကြီး

စက္ကဝဠာကျောင်းတိုက်၊ (၂/က) စံပြရပ်ကွက်၊ မင်္ဂလာဒုံ

အနန္တကျေးဇူးတော်ရှင် မင်္ဂလာဒုံမြို့နယ်၊ (၂/က)၊ စံပြရပ်ကွက်၊ စက္ကဝဠာကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏ[မြို့နယ်ဝန်ဆောင်၊ မာန်ပြေ-ရန်ပြေဘုရား၊ မြို့နယ် ဥပဋ္ဌာပကအဖွဲ့၊ ပုညကာရီအဖွဲ့၏ဩဝါဒါစရိယ၊ အမှတ်(၅)မွေ့စကူး(လ်)ကျောင်း၏ ကျောင်းအုပ် ဆရာတော်] သိက္ခာတော် (၅၄)ဝါ၊ သက်တော်(၇၄)နှစ်သည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်) ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် မြောက်ဥက္ကလာပရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်းကို ရပ်နီးရပ်ဝေးရှိ ဆရာတော်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
စက္ကဝဠာကျောင်းတိုက်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ချင်းတွင်းအသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အသင်းဝင်များ
ချင်းတွင်းအသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းညွန့်(ခ)ဦးကောက် (ခနောင်တို) (၈၆)နှစ်

လ/ထ မန်နေဂျာ(ငြိမ်း) MFTB၊ မန်နေဂျာ(ငြိမ်း) A.W.B

သူငယ်ချင်း မအေးအေးလှိုင်၏ဖခင် ဦးသန်းညွန့်သည် ၄-၁၀-၂၀၁၃ ရက် နံနက် ၂ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

စီးပွားရေးတက္ကသိုလ်(၁၉၉၄-၉၅)
ဘွဲ့ရများအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန်ဒါယကာကြီး

ဦးဌေး(မန္တလေး) အသက်(၉၅)နှစ်

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ ဒု-ဥက္ကဋ္ဌ(၁)ဦးကျော်မြင့်-ဒေါ်မြင့်မြင့် အေးတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးဌေးသည် ၅-၁၀-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း
အလုပ်အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

[illegible]

အသက်([illegible])နှစ်

[illegible] (Managing Director, Shwe Me Co.,Ltd.) [illegible] ၂၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Diamond Mercury Group of Companies
National Resources Development Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဦးကီး

အသက်(၁၀၀)

(မော်လမြိုင်၊ ဒိုင်းဝန်းကွင်း)

ဒေါ်မိုးနှင်းဖြူ၏အဘိုးဖြစ်သူ ဦးကီး အသက်(၁၀၀)သည် ၇-၁၀-၂၀၁၃ ရက်တွင် မော်လမြိုင်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

Tin Tun Oo & Brothers Trading
နှင့်
Summit Plastic မိသားစု

အောက်မေ့ဖွယ်ရာဝတ်ပြုကျေးဇူးတော်ချီးမွမ်းခြင်း

ကိုကိုဦး

အသက်(၂၆)နှစ်

၁၃-၁၀-၂၀၁၂ ရက်(စနေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သည်မှာ တစ်နှစ်ပြည့်မြောက်ပြီး ဖြစ်ပါ၍ မိသားစုမှ အောက်မေ့ဖွယ်ရာဝတ်ပြုကိုးကွယ်ကျေးဇူးတော်ချီးမွမ်းခြင်း။

၁၃-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့)

ဖေဖေ	- အက်စ်သောမတ်စ်
မေမေ	- ဒေါ်ခင်မော်ဝင်း
အစ်ကို	- ဝေလင်းထွန်း
ညီ	- မောင်ဝင်းဟန်၊ မောင်မင်းဟန်
ဇနီး	- ဒေါ်သိင်္ဂီဆန်း

ကျန်ရစ်သူမိသားစု

အိမ်နှင့်ခြံ

ရောင်းမည်

မင်္ဂလာဒုံ၊ ရွှေနံ့သာ၊

စံပြ (80 x 130)'

ဂရန်၊ L ကွက်

Ph:09-5031621,
09-73900927

ခြံရောင်းမည်

ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက် ရွှေယင်းမာလမ်း၊ ပေ(၂၂ × ၅၅) ဘိုးဘွားပိုင်၊ ပိုင်ရှင်အမည်ပေါက်၊ ရေ၊ မီး။

Ph:09-250278845

သွေးသည်အသက်

---

(၆)နှစ်ပြည့်မြောက်အမှတ်တရ ...

(၆)နှစ်ပြည့်မြောက်အမှျပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဗိုလ်ချုပ်ကြီးမဟာသရေစည်သူစိုးဝင်း

(၁၂-၁၀-၂၀၀၇)မှ(၁၂-၁၀-၂၀၁၃)

"အချိန်"ဟူသောကာလပညတ်(၆)နှစ်သို့တိုင်သော်လည်း "အကြောင်းအရာ"တို့သည်
"မဟောင်း" "သတိရခြင်း"တို့သည် "မပြောင်း"

'ရည်စူး'၍လည်းကောင်း၊ 'သတိ'ကပ်၍လည်းကောင်း၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်၊ 'မမေ့မလျော့'ပြုမြဲ၊ ပြုဆဲဖြစ်သော 'ဒါနကောင်းမှုအစုစု'ကောင်းသောစိတ်ထား၊ ကောင်းသော ကိုယ်ကျင့်တရားတို့ကို ကြိုးစား၊ မွေးမြူ စောင့်ထိန်းခြင်းဟူသော 'သီလကောင်းမှုအစုစု' မြတ်ဘုရား၏အဆုံးအမများကို ကောင်းစွာနာယူ၊ သင်ကြား၊ မှတ်သား၊ လိုက်နာကျင့်သုံး ခြင်းဟူသော 'ဘာဝနာမှုအစုစု'တို့ကို ကျေးဇူးရှင်ခင်ပွန်း(ဖခင်ကြီး)နှင့်တကွ ကြားနိုင်၊ သိနိုင်၊ ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်အပေါင်းတို့အား အမြဲမပြတ် အမျှပေးဝေအပ်ပါသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေ။

ကျေးဇူးတရားရိပ်မှ
ဇနီး-ဒေါ်သန်းသန်းနွဲ့
သား၊သမီး၊ မြေးများ မိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရအမှျဝေခြင်း

ဗိုလ်ကြီးရဲထွဋ် B.Sc (D.S.A)

သားငယ်ရေ. . .

မိသားစုနဲ့ခွဲခွာသွားတာ ၁၀-၁၀-၂၀၁၃ ရက်ဆို တစ်လပြည့်ခဲ့ပြီ။ ယူကျုံးမရဖြစ်စွာနဲ့ သတိတရရှိနေဆဲပါ။ မိသားစုတွေ ပြုသမျှကုသိုလ်တွေအားလုံး သားငယ်ရောက်တဲ့ဘုံဘဝက အမျှရ၍ သာဓုခေါ်နိုင်ပါစေ။

ဖေဖေ-ဦးဝင်းစိန်-မေမေ-ဒေါ်မြစန်း
မမ-ဒေါ်ဖြူဖြူသန့်(ခေတ္တ-စင်ကာပူ)
တူလေး-မောင်ဟိန်းသူအောင်၊ တူမလေး-မသွန်းသံသာကျော်

ဝမ်းနည်းကြေကွဲခြင်း

ရဲမှူးတင်ထွန်း ရဲ-၂၃၅၈(ဗလတပ်ခွဲ)

အသက်(၅၈)နှစ်

ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး

သူငယ်ချင်းသည် ၇-၁၀-၂၀၁၃ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၆/၈၄)
သာရေး၊ နာရေးအဖွဲ့(ရန်ကုန်၊ မန္တလေး)

ဝမ်းနည်းကြေကွဲခြင်း

ဦးစစ်ထွန်း

အသက်(၈၈)နှစ်

တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၏အကျိုးတော်ဆောင်၊ ဂုဏ်ထူးဆောင်နာယက ဦးစစ်ထွန်းသည် ၄-၁၀-၂၀၁၃(သောကြာနေ့)နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစစ်ထွန်း ကောင်းရာသုဂတိရောက်ပါစေ။

အကျိုးတော်ဆောင်အဖွဲ့(တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ ရက် နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မျိုးမင်းဒင်-ဒေါ်အေးအေးမြင့်
Adventure Myanmar Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ ဒု-ဥက္ကဋ္ဌ(၁)ဦးကျော်မြင့်-ဒေါ်မြင့်မြင့် အေးတို့၏ကျေးဇူးရှင် ဖခင်ကြီး ဦးဌေး၊ အသက်(၉၅)နှစ် (မန္တလေး)သည် ၅-၁၀-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ဝင်း၊ ဦးကျော်မြင့်
နှင့် ဦးထုံရွှေပန်းထိမ်ဆိုင်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မေဦး

အသက်(၆၄)နှစ်

အလယ်တန်းပြ(ငြိမ်း)၊ ကျောင်းအကျိုးတော်ဆောင်

အလက(၂)ဒဂုံ

အလက(၂)ဒဂုံကျောင်းအပေါ်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အစ်မကြီး ဒေါ်ခင်မေဦး ၃-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။ အစ်မကြီးကောင်းရာ သုဂတိလားပါစေ။

ဆရာကြီးနှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ
အလက(၂)ဒဂုံ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး အမေစိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသက်လွင်ဦး(စီးပွား/ကူးသန်း)
နန်နင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးဝင်း(Managing Director)-ဒေါ်မိုးမိုး
ဝန်ထမ်းမိသားစု
ထိုက်စင်ကုမ္ပဏီလီမိတက်

အထူးကျေးဇူးတင်ရှိခြင်း

ဦးထွန်းဦး

ကပရ(ငြိမ်း)COSMO(ငြိမ်း)

အသက်(၇၇)နှစ်

၂၈-၉-၂၀၁၃ ရက်(စနေနေ့)တွင် သည်းခြေအိတ်ကင်ဆာဝေဒနာဖြင့် ကွယ်လွန်သွားသော ဦးထွန်းဦး(ခ)ဦးမောင်မောင် နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့ပါသော အသည်းအထူးကုဆရာဝန်ကြီး ဦးသံစစ်၊ စေတနာရှေ့ထား၍ ခွဲစိတ်ကုသပေးခဲ့ပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင် အမှတ်(၁၃)၊ (၁၄)မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ၊ ဌာနမှူးဆရာ ဦးသိန်းမြင့်နှင့်တကွ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ အောင်ရတနာဆေးရုံကြီးမှဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများ နေမကောင်းဖြစ်သည်မှစ၍ ရက်လည်ဆွမ်းကျွေးကိစ္စပြီးစီး သည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းနှစ်သိမ့်ကူညီအားပေးကြသူ ညီအစ်ကိုမောင်နှမများ၊ အိမ်နီး ချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ ရပ်ကွက်လူကြီးများ၊ လမ်းသူလမ်းသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်နီး၊ ရပ်ဝေးမှ တယ်လီဖုန်းဖြင့်အားပေးနှစ်သိမ့်ကြသူများ၊ လှူဖွယ်ဝတ္ထုအစုစုပေးပို့လှူဒါန်းကြသူများ နာရေး ကူညီမှုအသင်း(ရန်ကုန်)နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင့်ဆန်း

ရေကြောင်းပြမှူးကြီး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မီးပြလမ်း၊ အမှတ် (၁၅)နေ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ ဦးတင့်ဆန်း အသက်(၅၉)နှစ်သည် ၉-၁၀-၂၀၁၃ ရက် နံနက် ၀၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရေကြောင်းဌာနဝန်ထမ်းများနှင့်
ရေကြောင်းပြမှူးကြီးများ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်စိန်
အသက် (၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ် မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း မိသားစု

ဦးထွန်းရီ
အသက်(၆၈)နှစ်
(ဗိုလ်တထောင်သတင်းစာတိုက်-ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၉၆၃)နေ (ဦးလှမြိုင်-ဒေါ်စောကြည်)တို့၏ သား၊ ဒေါ်မြသိန်း၏ ခင်ပွန်း၊ ကိုသန်းကြိုင်-မပြုံးပြုံးဦး၊ ကိုကျော်လှ-မအေးအေးမြင့်၊ ကိုအောင်ကျော်သိန်း-မသိန်းသိန်းထွေး၊ (ကိုဝင်းငွေ)-မစန်းစန်းမော်၊ မစန်းစန်းရီ(ကြေးမုံသတင်းစာတိုက်)၊ ကိုဟန်တင်-မမြမြအုန်းတို့၏ မွေးသဖခင်သည် ၁၁-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်စိုး (၆၂)နှစ်
Training Manager (S.H Shipping)
(ပြည်သူ့ပုလဲနှင့်ရေလုပ်ငန်း-ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၈)၊ လေးလွှာ၊ သီလလမ်း၊ ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်နေ (ဦးဘိုးညဏ်-ဒေါ်မြ)တို့၏ သား၊ (ဦးကျော်လွင်- ဒေါ်သိန်းနု)တို့၏သားသမက်၊ (ဦးအောင်မြင့်-ဒေါ်ခင်နွယ်မြင့်)၊ ဗိုလ်ချုပ်ခင်မောင်ဝင်း(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးသိန်းငွေး-ဒေါ်တင်အုန်း၊ ဗိုလ်မှူးဖေစိန်(ငြိမ်း)-ဒေါ်တင်တင်ကြည်၊ ဗိုလ်ကြီးဖေတင်(ငြိမ်း)-ဒေါ်မြရွှေ၊ (ဦးညဏ်ဝင်း- ဒေါ်တင်တင်သိန်း)၊ ဦးမြင့်ဦး-ဗိုလ်ကြီးဒေါ်တင်သန်း(ငြိမ်း)၊ ဦးမြင့်သိန်း-(ဒေါ်တင်တင်နွဲ့)၊ ဦးမောင်မောင်-ဒေါ်တင်တင်နု၊ ဗိုလ်ကြီးလှဝင်း(ငြိမ်း)-ဒေါ်တင်တင်ခိုင်တို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်၏ခင်ပွန်းသည် ၁၁-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအောင်ရွှေ(ပဲခူး)
နန္ဒာဝန်မိုးကုတ်ဝိပဿနာနာယကကြီး
အသက်(၉၀)

ထားဝယ်မြို့၊ ဆင်ဆိပ်ရပ်နေ (ဦးသင်း-ဒေါ်မြခိုင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်ဖေ-ဒေါ်အေးသင်)တို့၏ ညီ/မောင်၊ ထားဝယ်မြို့ ဆင်ဆိပ်ရပ်နေ (ဦးမိုး-ဒေါ်တင်ညွန့်)တို့၏ အစ်ကို၊ ပဲခူးမြို့၊ ရုံကြီးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၉၉)နေ (ဒေါ်အေးစိန်)၏ ခင်ပွန်း၊ ပဲခူးမြို့နေ ဒေါ်တင်မြင့် (အထက-၂ ငြိမ်း၊ ပဲခူး)၊ ရန်ကုန်မြို့နေ ဦးထွန်းဝေ-ဒေါ်စန်းမြင့်၊ ကျိုက်ထိုမြို့နေ ဦးထွန်းမြင့်-ဒေါ်ထွေးထွေး၊ ပဲခူးမြို့နေ ဒေါ်ထူးထူးလွင်၊ ထားဝယ်မြို့နေ ဦးအုန်းမြင့် (Uniteam Marine)- ဒေါ်မြင့်မြင့်ဝင်း၊ ပဲခူးမြို့နေ ဒေါ်ရီရီငွေ၊ ဦးဝင်းငွေ-ဒေါ်စန္ဒာအောင်၊ မရမ်းချောင်းကျေးရွာနေ ဦးယဉ်ထွေး-ဒေါ်သန်းသန်းငွေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုး ဦးအောင်ရွှေသည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်(ထားဝယ်)
အသက်(၇၆)နှစ်

ထားဝယ်မြို့နေ (ဦးအောင်သင်-ဒေါ်စိန်ပို)တို့၏ သမီး၊ (ဦးထွန်းဖေ-ဒေါ်ခင်မေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၃၃)၊ မြေညီထပ်(A)နေ (ဦးဖေသန်း)၏ဇနီး၊ ဦးမောင်သန်း-(ဒေါ်ထွေး)၊ ဦးကျော်သန်း-ဒေါ်မြကြည်၊ ဦးသန်းညွန့်-ဒေါ်အေးအေး၊ ဦးကျော်စိန်-ဒေါ်သန္တာတို့၏အစ်မကြီး၊ ဦးအေးသန်း-ဒေါ်စမ်းစမ်းမာ(တိုင်းရင်းသား ဒီဂရီကောလိပ်-ရန်ကုန်)၊ ဒေါ်မာမာချို (ထ/၁၀၊ တာမွေ)၊ ဦးခင်မောင်ချို (ခေတ္တ-ဘရူနိုင်း)-ဒေါ်ငွေငွေမြင့်၊ ဦးအောင်မင်းကျော်-ဒေါ်အေးအေးလှ၊ ဦးမျိုးနန်း-ဒေါ်မေမေထွေးတို့၏ မိခင်၊ မြေး၄၊ယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၃(ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမိုး B.Sc (For)
အသက်(၇၅)နှစ်
အထွေထွေမန်နေဂျာ၊ သစ်လုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဗိုလ်ညဏလမ်း၊ အမှတ်(၂၂၂/A)နေ (ဦးသန့်-ဒေါ်အေးကြည်)တို့၏ သား၊ စစ်ကိုင်းမြို့နေ (ဦးခင်မောင်လေး-ဒေါ်ရွှေမှတ်)တို့၏သားသမက်၊ ဒေါ်ခင်လေးညို၏ ချစ်လှစွာသောခင်ပွန်း၊ စကုမြို့နေ (ဦးလှမောင်-ဒေါ်စန်း)၊ မကွေးမြို့နေ (ဦးတင်အုန်း)- ဒေါ်ခင်ဥ (အလပြ-ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး)-[ဒေါ်မြမြနွဲ့ (အထပြ-ငြိမ်း)]၊ မကွေးမြို့နေ ဦးတင်ရွှေ-ဒေါ်ခင်မော်တို့၏ မောင်/အစ်ကို၊ တူ/တူမ ၁၅ယောက်တို့၏ ဦးကြီး/ဦးလေး ဦးလှမိုးသည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၁၀-၂၀၁၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်မြင့်သန်း(ဟသ်ာတ)
(ရဲတံခွန်ပို့ဆောင်ရေးလုပ်ငန်း)
အသက်(၄၃)နှစ်

ဟသ်ာတမြို့၊ ရွှေကူရပ်၊ အေးရိပ်သာလမ်းနေ ဦးကျော်ဟန်-ဒေါ်သိန်းမြင့်တို့၏ သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊စပယ်မာဃလမ်း၊ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် (၂၂၁)နေ ဦးအေးကြူ (ဆကာကြီးအေးကြူ)-ဒေါ်ခင်မဝင်း (အထပြ-ငြိမ်း၊ဆကာကြီး)တို့၏ သားသမက်၊ ဒေါက်တာခင်မျိုးအေး(ကထိက၊ သင်္ချာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၏ခင်ပွန်း၊ မောင်ရဲကျော်စွာ၊ မောင်ရဲနန္ဒ(T.T.C)တို့၏ဖခင်၊ ဦးစိန်ပိုက်-ဒေါ်ညိုညိုဝင်းတို့၏မောင်၊ ကိုအောင်မျိုးသန်း-မဆွေဆွေ (ငွေဇင်ယော်နဝလီပို့ဆောင်ရေး)၊ မဝင်းဝင်းမော်၊ ကိုသန်းနိုင်-မခိုင်ခိုင်ဝင်းတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီး ဦးအောင်မြင့်သန်းသည် ၁၀-၁၀-၂၀၁၃ရက် ည ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှမိုး (၇၅)နှစ်
အထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ညဏလမ်း၊ အမှတ်(၂၂၂-အေ)နေ (ဦးသန့်-ဒေါ်အေးကြည်)တို့၏သား၊ စစ်ကိုင်းမြို့နေ (ဦးခင်မောင်လေး-ဒေါ်ရွှေမှတ်)တို့၏ သားသမက်၊ ဒေါ်ခင်လေးညို၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်သူမိုး-ဒေါ်ခင်မာချို၊ ဒေါ်ကျော့ကျော့မိုး-ဦးခင်မောင်ကြည် (ဒုတိယအထွေထွေမန်နေဂျာ၊ သစ်ထုတ်ရေး၊ ကချင်ပြည်နယ်)၊ ဦးလှခိုင်မိုး (E Lite Tech Co., Ltd.)၊ ဦးအောင်ခိုင်မိုး၊ ဦးသန့်စင်မိုးတို့၏ချစ်လှစွာဖခင်၊ မမိမိလွင်၊ မောင်ပြည့်နဒီမိုး၊ မယုယုမွန်၊ မထက်ဝတီမိုးတို့၏အဘိုးသည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမန်းစံအဲလ်ဖရက် (၇၅)နှစ်
(ရဲအုပ်-ငြိမ်း၊ လသာ)
ဓမ္မအမှုတော်ဆောင်-လေးဘက်သွားရွာ၊မြောင်းမြမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သာယာကုန်းကျေးရွာနေ (မန်းဘိုးသာ-ဂွိချောရွှေ)တို့၏ သားကြီး၊ ဒေါ်နန်းအေးအေး၏ ခင်ပွန်း၊ ဂျီယောခေါ်-ဒေါ်ခင်ငြိမ်း (လယ်-ပြ၊ အထကပန်ဝါ)၊ ဒေါ်နန်းအေးမိစံ(ဦးစီးအရာရှိ၊ အား/က)၊ စစည်သူစံတို့၏ဖခင်၊ မခေါဝေါန်၊ မောင်ခေါ်ယောတို့၏ အဘိုး၊ မန်းဂေါ်ဒင်-ဒေါ်စနိုးရှိုက်ဒင်၊ မန်းထန်းလီယို-(ဂွိမာမာစိန်)၊ မန်းထိုင်းဂယ်-ဂွိမူမူစိန်၊ မန်းညီညီထွန်း-ဒေါ်ခင်အေးနုတို့၏ အစ်ကိုကြီးသည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၆း၂၅ နာရီတွင် တိုက်(၃)အခန်း(၃၀၄)၊ အား/ကဝန်ထမ်းအိမ်ရာ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးရဲတင့် (၅၅)နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးကျော်အေး-ဒေါ်စန်းလှ)တို့၏ သား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နေ (ဦးအုန်းလှိုင်)-ဒေါ်သောင်းတို့၏ သားသမက်၊ ဦးရဲမြင့်၏ညီ၊ ဒေါ်ခင်ကျော်စီ၊ ဦးဇော်ထွန်းချစ်-ဒေါ်ခင်ကျော်ရီ၊ ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၃၈)၊ အခန်း(၁၀၃)နေ (ဒေါ်မူမူလှိုင်)၏ခင်ပွန်း၊ ကိုဝင်းဦး-မသဇင်၊ မသီရိတို့၏ဖခင်၊ မမေသူသက်ထား၏ အဘိုး ဦးရဲတင့်သည် ၁၁-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းထွေး(ခ)သံလုံး (၃၉)နှစ်
ပြေးခုန်ပစ်မြန်မာ့လက်ရွေးစင်ဟောင်း
ဈေးတာဝန်ခံ(၂)၊ ဈေးများဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရွာသစ်ပိုင်း၊ အမှတ်(၃၃၉/ဂ)၊ စိတ္တသုခလမ်းနေ ဦးအောင်မြင့်-ဒေါ်မြရီတို့၏သား၊ ဒေါ်တင်ဝါလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မနန်းဦးဝေ (အထက၊ တပ်ကြီးကုန်း)၊ မောင်ကောင်းဆက်ဟိန်းတို့၏ မွေးသဖခင်သည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် မှော်ဘီမြို့ တပ်ကြီးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်စိန်
အသက် (၉၂) နှစ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက် (၉၂) နှစ်သည် ၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိန်နှင့် ဇနီး ဒေါ်အေးအေးမြင့်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း၊ ရေဆိပ် ဒါယကာကြီး
ဦးနိုင်အေး(ကျိုက်ထော်) (၇၃)နှစ်
နိုင်လင်းအေးသံဆိုင်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၅၃/စီ)၊ (၅၆)လမ်းနေ ဒေါ်မြသောင်း၏ခင်ပွန်း၊ ဒေါ်ချိုချိုဝင်း(အထက-၂၊ တာမွေ-ငြိမ်း)၊ ဦးဝင်းဇော်-ဒေါ်သင်းသင်းအေး [နိုင်လင်းအေး-သံဆိုင်၊ တ/ဒဂုန် စက်မှုဇုန်(၃)]၊ ဦးအေးနိုင်စိုး-ဒေါ်စုစုလှိုင်(Winning Security Group Co., Ltd.)၊ ဦးကျော်ရင်-ဒေါ်ခင်အေးကြိုင် (Happy Guest House-ကျိုက်ထို)၊ ဦးရန်လင်းအေး-ဒေါ်တင်ဇာဘုန်း (ခေတ္တ-UK)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးသန်းမြင့်(ငြိမ်း)(မာန်အောင်) အသက်(၆၀)
ကြည်း - ၁၉၈၅၇

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပုလင်-ပုန်းဆိုးရွာနေ ဦးကဝိန္ဒ-(ဒေါ်အေးမှုန်)တို့၏သားကြီး၊ (ဦးသာထင်-ဒေါ်ငွေမှုန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၂၆၂)၊ စံပယ်လမ်း၊ အမှတ်(၃)လမ်းမကြီး၊ ပုလဲ(၃)ရပ်ကွက်၊ ပုလဲမြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ငွေတင်၏ခင်ပွန်း၊ ကိုဝဏ္ဏထွန်းဖေ (MRG Mobile Repairing Training)-မခင်သန္တာမြင့် (Marketing Officer, IMPACT Co., Ltd.)၊ တင်မာလာမြင့် (ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဗိုလ်ကြီးမျိုးဝင်း(လက်ထောက်ကထိက၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)-မခင်သဇင်မြင့် (ဒုတိယဦးစီးမှူး၊ ရန်ကုန်တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးရုံး) ၃-ပါရဂူ(IR)၊ ဒေါက်တာတင်မောင်အေး (လက်ထောက်ဆရာဝန်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး)၊ ဗိုလ်လောင်းအောင်ပြည့်စုံတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းမြတ်မင်း၊ မအေးပွင့်ဖြူ မောင်ဘုန်းမြင့်ဝင်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးသန်းမြင့်(ငြိမ်း) အသက်(၆၀)
ကြည်း-၁၉၈၅၇၊ မာန်အောင်(သူရ-၇၂)

ဒေါ်ငွေတင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးသန်းမြင့်(ငြိမ်း)သည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗသက(၇၂)၊ သူရတပ်ခွဲမိသားစုများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဝင်းမောင် (၇၁)နှစ်
ကုန်သွယ်-ဆောက်/လျှပ်(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ခန့်(၂)လမ်း၊ အမှတ်(၁၁၄/က)နေ (ဦးဘဇင်-ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ (ဦးချစ်တီး-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဒေါ်ယဉ်ကြည် (ကုန်သွယ်-ဆောက်/လျှပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်မိုးမြင့်-ဒေါ်ခင်သူဇာဝင်း၊ ဦးညီထွဋ်ဝင်း-ဒေါ်သီတာအေး၊ ဦးသီဟအောင်-မသီရိဝင်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး ဦးဝင်းမောင်သည် ၁၁-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၈း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လှရွှေ (၇၁)နှစ်
(ခြောက်ရွာ)

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ခြောက်ရွာနေ (ဦးမောင်သိန်း-ဒေါ်ခင်အုပ်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၂၀၈)နေ (ဦးလှကြည်)၏ ဇနီး၊ ဦးသက်နိုင်ဝင်း(မထသ၊ အဝေးပြေး)-ဒေါ်တင်မိုးခိုင်(ဘူမိ/ဆည်မြောင်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွားရာသက်ပန်အသင်းဝင် ဒေါ်လှရွှေသည် ၁၀-၁၀-၂၀၁၃(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး
ဒေါ်ရင်စိန်(ခ)ဒေါ်ကျင်ပု
အသက်(၉၉)နှစ်
(တွံတေး)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ (၂)ရပ်ကွက်၊ အမှတ် (၁၆၆)၊ ဒုတိယထပ်နေ (ဦးခွန်ပေါ်-ဒေါ်နီ)တို့၏သမီးကြီး၊ [ဦးမောင်ကို(ခ)တြော်ကျွီကို]၏ ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်ဝင်း(ခေတ္တ-USA)၊ ဒေါ်ခင်တင့်(ခ)မအမ်းတူး(သံဈေး)၊ ဒေါ်ခင်ခင်အေး (အထက-၂၊ လသာ၊ အလယ်တန်းပြ-ငြိမ်း)၊ [ကိုဝင်းလွင်(ခ)အစိမ်း]၊ ကိုအေးနိုင်-ဒေါ်ခင်ခင်စိုး(ခ)အနီးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်လင်းမြတ်အောင်၊ မသဲစုနိုင်တို့၏ အဘွားသည် ၁၁-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်စိုး (၆၂)နှစ်
Training Manager (S.H Shipping)
(ပြည်သူ့ပုလဲနှင့်ရေလုပ်ငန်း-ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၈)၊ လေးလွှာ၊ သီလလမ်း၊ ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်နေ (ဦးဘိုးညဏ်-ဒေါ်မြ)တို့၏ သား၊ (ဦးကျော်လွင်- ဒေါ်သိန်းနု)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ မချိုချိုမာ၊ နောင်နေထွန်းလင်း (Idea Digital Inkjet Printing)၊ မောင်ကျော်သီဟတို့၏ ဖခင်သည် ၁၁-၁၀-၂၀၁၃ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကရင်ပြည်နယ် သံဃနာယကအဖွဲ့ဝင်၊ရန်ကုတ်နောင်နိုင်းကျောင်းဆရာတော်
ဘဒ္ဒန္တ ဝါယမ
သိက္ခာတော်(၃၉)ဝါ၊ သက်တော်(၆၀)

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ပြည်နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်ဖြစ်တော်မူသော ခမည်းတော် ဦးမန်းအောင်ငွေ-မယ်တော် ဒေါ်နန်းသင့်ပျံ့တို့၏သားတော် ဘဒ္ဒန္တ ဝါယမသည် (၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) ၉-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်)၁၂-၁၀-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ပါမည်။ (အန္တိမအဂ္ဂိစျာပနပွဲတော်ရက်ကို ထပ်မံကြေညာပါမည်။)

စျာပနကျင်းပရေးကော်မတီ

ရဟန်းဒါယိကာမကြီး
ဒေါ်အုန်းကြည်(မြောင်းတကာ) (၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ (ဦးမောင်ဖေ-ဒေါ်မယ်ခက်)တို့၏သမီးထွေး၊ ဒေါ်တင်လှိုင်(ခ)ဒေါ်ပု၏ ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အမှတ်(၁၃၅၄)၊ မဟော်သဓာလမ်းနှင့် အောင်ဆုပန်လမ်းထောင့်နေ ဦးလှထွန်း (ဘဏ်ခွဲမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးငွေဝင်း (ဦးစီးအရာရှိ၊ လွှတ်တော်ရုံး၊ နေပြည်တော်)-ဒေါ်ခင်မာငွေ၊ ဦးတင်အောင်ငွေ (ကပစ၊ ဆိတ်ဖြူ)-ဒေါ်သန်းသန်းအေး (ကြီး/မှူး၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြောက်ဥက္ကလာ)၊ (ဦးအောင်မြင့်သိန်း)-ဒေါ်သန်းသန်းငွေးတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အုန်းကြည်(မြောင်းတကာ)သည် ၁၁-၁၀-၂၀၁၃ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြောက်ဒဂုံနေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အဆိုတော် မေမြို့ခင်မောင်မြင့်(ခ)ဦးအုန်းဖေ (၈၄)နှစ်
အင်/ယာ(စ)ထူး (အငြိမ်းစား)
(စာရေးဆရာ၊ သိပ္ပံမဂ္ဂဇင်းအယ်ဒီတာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၃၇)၊ အခန်း(၆)နေ (ဦးလေးမောင်-ဒေါ်စောမေ)တို့၏ သား၊ ဒေါ်ခင်ထားထား၏ခင်ပွန်း၊ (ရဲမှူးကြီးသန်းတင်)-ဒေါ်မြမေ၊ သိပ္ပံမှူးတင်-(ဒေါ်ခင်ညွန့်)၊ (ရဲမှူးအောင်မြင့်)- ဒေါ်ရီရီတို့၏ညီ၊ ဦးတင်ထွန်း-ဒေါ်ငွေ၊ (ဦးတင်အောင်)၊ (ဒေါ်ညွန့်ညွန့်)၊ (ဦးရဲမြင့်)၊ ဒေါ်လဲ့လဲ့တို့၏ အစ်ကို၊ ဦးညွန့်ရွှေ-ဒေါ်သင်းခွာညိုလှိုင်၊ ဒေါ်စပယ်ဖြူ ဒေါ်စကားဝါ၊ ကိုစိုးညွန့်ဇော်တို့၏ဖခင်၊ မောင်ချမ်းမြေ့ကိုကို၏အဘိုးသည် ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးသိန်း(ဘိုကလေး) (၇၈)နှစ်
(အထက-၂၊ အလယ်တန်းပြဆရာ-ငြိမ်း)

ဘိုကလေးမြို့နေ (ဦးလင်ပိုကန်-ဒေါ်ကျင်ဆိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၂၁)၊ ငါးလွှာ၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်နုနုခိုင်၏ခင်ပွန်း၊ (မောင်မျိုးမင်း)၊ မယုယုမင်း (HWA YANG TRADING Co., Ltd.)တို့၏ မွေးသဖခင် ဦးစိုးသိန်းသည် ၁၁-၁၀-၂၀၁၃ ရက် နံနက် ၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်၁၃-၁၀-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအီးကုတ်(ဖျာပုံ) (၇၈)နှစ်

ရန်ကုန်မြို့နေ ဦးအီးဟို၏ညီ၊ အမှတ် (၁၄၈)၊ ပထမလမ်း၊ (၄)ရပ်ကွက်၊ ဖျာပုံ မြို့နေ ဒေါ်ကီး၊ ဒေါ်ရှု၊ ဒေါ်မွီး၊ ရန်ကုန်မြို့နေ ဦးဇော်နိုင်-ဒေါ်ခင်မျိုးနွယ်၊ ဒေါ်သက်သက်ခိုင်-ဦးစိန်ဝင်း၊ ဒေါ်ကွေ့တှာ-ဦးစိုးနိုင်၊ ဦးမျိုးနိုင်-ဒေါ်အေးပု၊ ဦးသောင်းငွေး-ဒေါ်အေးအေးမြင့်၊ ဒေါ်ချယ်ရီတို့၏ဦးလေးသည် ၁၀-၁၀-၂၀၁၃ ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် လိပ်ဥကုန်း တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကွာဟင်လိုင်(ခ)ဒေါ်ကြင်မြင့် (၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၈၉)နေ (ဦးစူပန်း)၏ ဇနီး၊ ဦးသန်းအောင်-ဒေါ်အေးအေးခိုင်၊ ဦးမောင်မောင်၊ ဦးမောင်မြင့်-ဒေါ်လှလှရီတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၁-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၆း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြတ်မြတ်ဇော် (၆၉)နှစ်
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၂) ကြည့်မြင်တိုင်၊
အလက (လမုတန်းကြီး)၊ အလက(၈) လှိုင်၊ အလက(၆) သာကေတ
B.Sc(Phy), (B.Ed)

ရန်ကုန်မြို့၊ အမှတ်(၄)၊ သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းနေ ဦးဇော်ဖေ(ရုပ်ရှင်ကော်ပိုရေးရှင်း-ငြိမ်း)-(ဒေါ်အေးကြည်)၏သမီးကြီး၊ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏ သမီးချွေးမ၊ ဦးဝင်းမြင့်အောင်၏ဇနီး၊ ဦးသန်းထွဋ်-ဒေါ်ဝါဝါဝင်းရွှေတို့၏အစ်မ၊ ကိုဝေလင်းအောင်-မဝင်းဝင်းသန်း (Emperor၊ အမျိုးသားအဆင့်မြင့်ဆံသ)၊ ကိုဇော်ဆန်အောင်တို့၏ ချစ်လှစွာသောမိခင်၊ တူ/တူမ လေးယောက်တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၀-၁၀-၂၀၁၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ကဏ္ဍအလိုက် စီမံကိန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ထည့်သွင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ကျင်းပသည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အဖြစ်သတ်မှတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို နိုင်ငံတော်အဆင့် အထိမ်းအမှတ်အခမ်းအနားတစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပခဲ့ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အတွက် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးမဟာဗျူဟာ (UNISDR) ကသတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "သဘာဝဘေးလျော့ပါးရေး၊ မသန်စွမ်းလည်း ပူးပေါင်းပေး" "A Not So Obvious Conversation; Living with Disability and Disasters" ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲ ထုတ်လွှင့်မည့်စီမံချက် မိဘပြည်သူများသို့ အသိပေး
စာမျက်နှာ ✧ ၅

မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန် သတိပေးချက် ထုတ်ပြန်
စာမျက်နှာ ✧ ၉

သိမ်းဆည်းထားသော လယ်ယာမြေများအား ဥပဒေနှင့်အညီ ဆောင်ရွက်
စာမျက်နှာ ✧ ၁၀

ဥပဒေပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဆက်သွယ်ရေးဥပဒေ နှင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (က၊ ခ၊ ဂ၊ ဃ) အပို လေးမျက်နှာ ပါရှိပါသည်။

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (င၊ စ၊ ဆ၊ ဇ) အပို လေးမျက်နှာ ပါရှိပါသည်။

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဥပဒေနှင့်အညီ ကျင်းပပေးမည်

ရန်ကုန် အောက်တိုဘာ ၁၁

"ကမ္ဘာပေါ်တွင် ယခုအချိန်အထိ ဒီမိုကရေစီစနစ်သည်သာ အကောင်းဆုံး ဖြစ်နေသေးကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဥပဒေနှင့်အညီ ကျင်းပပေးမည်ဖြစ်ကြောင်း၊ ကျင်းပမည့်နေ့ရက်ကို အချိန်မီ ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် မညီညွတ်သည်များကို လက်ခံမည်မဟုတ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ်ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း" ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံညှိနှိုင်းပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက "ဘယ်အရာမဆို တစ်ဦးတစ်ယောက်တည်းလုပ်ကိုင်သည်ထက် စုစည်းလုပ်ကိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ 'စုပေါင်းညီညာအောင်ကြောင်းဖြာ' ဆိုသည့် ဆောင်ပုဒ်အတိုင်း ပူးပေါင်း၍ ဆွေးနွေးတိုင်ပင်မှုဖြင့် ဆောင်ရွက်ချင်ပါကြောင်း၊ နိုင်ငံရေးပါတီများဆိုသည်မှာ နိုင်ငံတော်ကို ကောင်းအောင်လုပ်ကြမည့်သူများဖြင့် စုဖွဲ့ထားခြင်းပင်ဖြစ်သည်ဟု ယူဆကြောင်း၊ ပြည်သူလူထုကို စည်းရုံးပြီး နိုင်ငံတော်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည့်အဖွဲ့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရဖို့ဆိုသည်မှာ ပြည်သူက လက်ခံထောက်ခံမှ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

၂၀၁၃ ခုနှစ်အတွက် နိုဘယ်ဆုရှင်များ ထုတ်ပြန်ကြေညာ

စတော့ဟုမ်း အောက်တိုဘာ ၁၁

၂၀၁၃ ခုနှစ်အတွက် ဘာသာရပ်ဆိုင်ရာနိုဘယ်ဆုရှင်အသီးသီးကို အောက်တိုဘာ ၇ ရက်ကတည်းက ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းနေ့က ထုတ်ပြန်ကြေညာခဲ့သည့် ဆေးပညာဆိုင်ရာနိုဘယ်ဆုကို အမေရိကန်ဆေးပညာရှင်များဖြစ်သည့် ဂျိန်းစ် ရော့သ်မန်၊ ရန်ဒီရှိတ်ခ်မန်နှင့် ဂျာမန်ဆေးပညာရှင် သောမက်စ်ဆူဒေါ့ဖ်တို့သုံးဦးက ပူးတွဲဆွတ်ခူးရရှိသွားကြသည်။

ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များတစ်နေရာမှ တစ်နေရာသို့ မည်သို့လှုပ်ရှားသွားလာကြသည်ကို ၎င်းတို့သုံးဦးက ပူးတွဲလေ့လာသုတေသနပြုခဲ့ကြကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

အောက်တိုဘာ ၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ရူပဗေဒပညာဆိုင်ရာ နိုဘယ်ဆုအတွက် ဘယ်လ်ဂျီယံနိုင်ငံသား ဖရန်ကိုစစ် အင်လတ်နှင့် ဗြိတိန်နိုင်ငံသား ပီတာဟစ်တို့ကို

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ဆက်သွယ်ရေးဥပဒေ ပြဋ္ဌာန်း

ဆက်သွယ်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆက်သွယ်ရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုတို့ပါဝင်သော နယ်နိမိတ်အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့်မဆို သက်ဆိုင်စေရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပရောက် မည်သည့်အရပ်ဒေသ၌မဆို ရှိနေသော မြန်မာနိုင်ငံသားများနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဆက်သွယ်ရေး (Telecommunication)** ဆိုသည်မှာ သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုး တစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ခေတ်ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကိုဆိုသည်။

(ခ) **သတင်းအချက်အလက်**ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဌာန်၊ အသံ၊ သင်္ကေတ(Code)၊ လက္ခဏာသင်္ကေတ(Sign)၊ အချက်ပြသင်္ကေတ (Signal)နှင့် အချက်အလက်အစုအဝေး တစ်ရပ်ရပ်တို့အပြင် ယင်းတို့တစ်ခုထက်ပို၍ ပေါင်းစည်းထားသောအရာများနှင့် အလားတူကိစ္စရပ်များကိုဆိုသည်။

(ဂ) **ကြိုးမဲ့ဆက်သွယ်ရေး**ဆိုသည်မှာ ထုတ်လွှင့်သည့် ကိရိယာနှင့် ဖမ်းယူသည့် ကိရိယာတို့အကြားတွင် ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးမပြုဘဲ သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရေဒီယိုလှိုင်း၊ အလင်းတန်း၊ လျှပ်စစ်သံလိုက်ခေတ် ထုတ်လွှတ်ခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးကွန်ရက်**ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာ တစ်ခုခုကို အသုံးပြုပြီး ကွန်ရက်အထောက်အကူပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ၊ ကွန်ပျူတာကဲ့သို့သော အလားတူပစ္စည်း၊ ယင်းတို့နှင့် တွဲဖက်အသုံးပြုနိုင်သည့်စနစ်နှင့် ပစ္စည်းကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အချင်းချင်းချိတ်ဆက်အသုံးပြုသော စနစ်ကို ဆိုသည်။

(င) **အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်**ဆိုသည်မှာ ဆက်သွယ်ရေးပစ္စည်း ကနဦးချိတ်ဆက်သည့် နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူတစ်ဦးဦးထံမှ သတင်းအချက်အလက်များ လက်ခံရရှိသော နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူထံသို့သတင်းအချက်အလက်ပေးပို့သော ကွန်ရက်အထောက်အကူပြုပစ္စည်း၏ နေရာကိုသော် လည်းကောင်း ဆိုသည်။

(စ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကိုဆိုသည်။

(ဆ) **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါ ကွန်ရက်အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို ဆိုသည်။

(ဇ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန် ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဈ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းတွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ည) **ဆက်သွယ်ရေးပစ္စည်း**ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန် အလို့ငှာ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးဈေးကွက်**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် သက်ဆိုင်သော ဈေးကွက်ကိုသော်လည်းကောင်း၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုနှင့် တွဲဖက်အသုံးပြုရသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ဈေးကွက်ကိုသော် လည်းကောင်း ဆိုသည်။

(ဌ) **အချက်အလက်အကြောင်းအရာ**ဆိုသည်မှာ ဖန်တီးနိုင်သော၊ ပြုပြင်နိုင်သော၊ သိမ်းဆည်းထားနိုင်သော၊ ပြန်လည်ဖော်ထုတ်နိုင်သော သို့မဟုတ် အီလက်ထရောနစ် နည်းပညာဖြင့် ဆက်သွယ်ပေးပို့နိုင်သော စာသား၊ အသံ၊ ပုံရိပ်ငြိမ်နှင့် ပုံရိပ်ရှင်တို့ကို သော်လည်းကောင်း၊ ယင်းတို့ကို အခြားသော ရုပ်သံဖြင့် ပြန်လည်ဖော်ပြခြင်း၊ ထိတွေ့ခြင်းဖြင့် ဖော်ပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပေါင်းစပ်ဖော်ပြထားခြင်းကိုသော် လည်းကောင်း ဆိုသည်။

(ဍ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ဎ) **လှိုင်းနှုန်းစဉ်**ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ် လှိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(ဏ) **ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်**ဆိုသည်မှာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်သွယ်ခေါ်ဆိုမှုအတွက် အသုံးပြုရန် သတ်မှတ်သော နိုင်ငံတော်၏ ဆက်သွယ်ရေး နံပါတ်လျာထား သတ်မှတ်ချက်ကို ဆိုသည်။

(တ) **အီလက်ထရောနစ်လိပ်စာလျာထားသတ်မှတ်ချက်**ဆိုသည်မှာ သတင်းအချက်အလက်ဆိုင်ရာစနစ်များအကြား အပြန်အလှန်ဆက်သွယ်ရာတွင် အသုံးပြုရန် အက္ခရာ သို့မဟုတ် ဂဏန်း သို့မဟုတ် အက္ခရာနှင့် ဂဏန်းပေါင်းစပ်၍ အသုံးပြုသော အစီအစဉ်တကျ ဖော်ပြသည့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်ကို ဆိုသည်။

(ထ) **ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆက်သွယ်ရေးပစ္စည်းတစ်မျိုးမျိုး လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းအတွက် ထုတ်ပေးသော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဓ) **လိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဖ) **အယူခံခုံရုံး**ဆိုသည်မှာ ဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အယူခံဝင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ဆက်သွယ်ရေးဆိုင်ရာ အယူခံခုံရုံးကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊

(ခ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်း တူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေး မြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(င) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်။

အခန်း (၃)
ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း
တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်

၅။ အောက်ဖော်ပြပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်လုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၊

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်း။

၆။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ရွေးချယ်ခြင်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများကို အများသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည်။

၇။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ လျှောက်ထားချက်ကို ပုဒ်မ ၆ အရ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၇ အရ တင်ပြချက်ကိုရရှိသည့်အခါ ပြည်တွင်းမှ လျှောက်ထားချက်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရန် လိုအပ်သောလုပ်ငန်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍သော်လည်းကောင်း၊ ထိုသို့ သဘောတူညီချက်ရယူရန် မလိုအပ်သော လုပ်ငန်းအတွက် ဝန်ကြီးဌာန၏ အဆုံးအဖြတ်ဖြင့် သော်လည်းကောင်း ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၇ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်ပမှလျှောက်ထားချက်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ) အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ လုပ်ငန်းလိုင်စင်၏ သက်တမ်းကို တစ်ကြိမ်လျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံး အနှစ် ၂၀အထိ လုပ်ကိုင်ရန် ခွင့်ပြုသည့် လုပ်ငန်းလိုင်စင် ထုတ်ပေးရေးအတွက် ဦးစီးဌာနသို့ ညွှန်ကြားရမည်။

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ခေါ်ဆိုမှု၊ ချိတ်ဆက်မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားလာပါလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး ယင်းလုပ်ငန်းအတွက် သီးခြားသတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(င) လုပ်ငန်းလိုင်စင် သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို ဦးစီးဌာနက စိစစ်တင်ပြလာလျှင် သက်တမ်းတိုးရန် ခွင့်ပြုပေးနိုင်သည်။

၉။ ဦးစီးဌာနသည် ပုဒ်မ ၈ ပုဒ်မခွဲ (ဂ)အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်ရရှိသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများအား သက်ဆိုင်ရာလုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပ၊ ပုဂ္ဂိုလ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးနှင့် အောက်ပါကိစ္စရပ်များအတွက် သဘောတူစာချုပ်ချုပ်ဆို၍ ဆောင်ရွက်နိုင်သည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအချင်းချင်း ဤဥပဒေအခန်း (၁၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း၊

(ခ) ကွန်ရက်အထောက်အကူပြု ပစ္စည်းများကို ခွဲဝေအသုံးပြုခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်တွင် သီးခြားဖော်ပြသတ်မှတ်ထားသည့် အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၂။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

အခန်း (၄)
ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်

၁၃။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူပြီးမှသာ အသုံးပြုရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိလိုလျှင်ဖြစ်စေ၊ အသုံးပြုလိုလျှင်ဖြစ်စေ လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်လျှောက်ထားရန်မလို-

(က) လုပ်ငန်းလိုင်စင်ရရှိသူက မိမိအသုံးပြုရန် ဝယ်ယူရင်းနှီးထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရရှိသူထံမှ ရယူထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း။

၁၄။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၃ အရ သက်ဆိုင်ရာဆက်သွယ်ရေးပစ္စည်းအတွက် လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရာတွင် စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်းကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

အခန်း (၅)
လိုင်စင်ရရှိသူ၏ တာဝန်များ

၁၅။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ အသုံးပြုခ၊ ဝန်ဆောင်ခတို့အပြင် နည်းပညာအရသော်လည်းကောင်း၊ အချိန်အခါလိုအပ်ချက်အရသော်လည်းကောင်း ကောက်ခံမည့် အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဃ) သက်ဆိုင်သည့်လုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့၏ ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာရမည်။

(င) လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် ထိခိုက်နစ်နာမှုမရှိစေရန် ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) ဤဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် လှိုင်းနှုန်းစဉ်လျာထားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းလိုင်စင်မရရှိသေးသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တိုးချဲ့လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ အခြားလုပ်ငန်းလိုင်စင်ရရှိသူနှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ ပူးပေါင်း၍လုပ်ကိုင်လိုလျှင်ဖြစ်စေ အခန်း (၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ကို ထပ်မံရယူရမည်။

(ဂ) အခြားဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား စက်မှုပိုင်းဆိုင်ရာအရ အနှောင့်အယှက်ပြုကြောင်း စစ်ဆေးတွေ့ရှိချက်အရ သို့မဟုတ် အကြောင်းကြားချက်အရ လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်စေရန်ဖြစ်စေ၊ ယင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား ယာယီရပ်ဆိုင်းစေရန်ဖြစ်စေ ညွှန်ကြားသည့်အခါ လိုက်နာဆောင်ရွက်ရမည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသည့်ကိစ္စမှအပ သက်ဆိုင်ခြင်းမရှိသူအား ထုတ်ဖော်အသိပေးခြင်းမပြုရ။

၁၈။ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရရှိသူသည်-

(က) မိမိပိုင်ဆိုင်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများအား လိုင်စင်တွင် သတ်မှတ်ပေးထားသည့် နေရာ၌သာ ထားရှိအသုံးပြုရမည်။

(ခ) လိုင်စင်အရ မိမိအား အသုံးပြုခွင့်ပေးထားသည့် ဆက်သွယ်ရေး စက်ပစ္စည်းမှတစ်ဆင့် နိုင်ငံတော်၏လုံခြုံရေးကို မထိခိုက်စေရန် ဆောင်ရွက်ထားရှိရမည်။

(ဂ) မိမိအသုံးပြုသည့် စက်ပစ္စည်းများနှင့် စပ်လျဉ်းပြီး ဦးစီးဌာနမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်။

အခန်း (၆)
လှိုင်းနှုန်းစဉ်နှင့် ဂြိုဟ်တုပတ်လမ်းကြောင်းတည်နေရာတို့ကို စီမံခန့်ခွဲခြင်း

၁၉။ ဝန်ကြီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကွန်ဗင်းရှင်းများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ခွဲဝေသတ်မှတ် ပေးထားသော ဂြိုဟ်တုပတ်လမ်းကြောင်း တည်နေရာကို လည်းကောင်း စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

စာမျက်နှာ (ခ) သို့

စာမျက်နှာ (က) မှ

၂၀။ ဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက်ပါ လှိုင်းနှုန်းခွင်များအား ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများထံသို့ စည်းကမ်းချက်များသတ်မှတ်၍ အသုံးပြုခွင့်ပေးနိုင်သည်။

အခန်း (၇)
ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်

၂၁။ ဦးစီးဌာနသည် ဝန်ကြီးဌာနက အတည်ပြုထားသော ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်တို့ကို လိုက်နာအသုံးပြုရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားရမည်။

၂၂။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအတွက် မိမိ၏ ဆက်သွယ်ရေးဝန်ဆောင်မှုတွင် အသုံးပြုရန် ဆက်သွယ်ရေးနံပါတ်များနှင့် အီလက်ထရောနစ်လိပ်စာများကို စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပြီး အသုံးပြုခွင့်ပေးနိုင်သည်။

၂၃။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူက ဆက်သွယ်ရေးနံပါတ်နှင့် အီလက်ထရောနစ် လိပ်စာတို့ကို ပုဒ်မ ၂၁ အရ ညွှန်ကြားချက်နှင့်အညီ အသုံးပြုခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း (၈)
နည်းပညာဆိုင်ရာစံချိန်စံညွှန်းများ

၂၄။ ဦးစီးဌာနသည် လိုင်စင်များနှင့် စပ်လျဉ်း၍ လုပ်ငန်းအလိုက် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားရမည်။

၂၅။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို လိုင်စင်ရရှိသူများက လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲရမည်။

၂၆။ ဦးစီးဌာနသည် ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ပြုနိုင်ရန်အတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်း အမျိုးအစားများ၏ စံချိန်စံညွှန်းကို သတ်မှတ်ရမည်။

၂၇။ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း တစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း အမျိုးအစား၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်း ထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်း ထောက်ခံချက်လျှောက်ထားလာခြင်းကို စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း (၉)
အသုံးပြုသူကို အကာအကွယ်ပေးခြင်း

၂၉။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဆဲဝန်ဆောင်မှုအတွက်ဖြစ်စေ၊ ဆောင်ရွက်မည့် ဝန်ဆောင်မှုအသစ်အတွက် ဖြစ်စေ အဆိုပြုသည့်ဝန်ဆောင်ခနှုန်းထားကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် အဆိုပြုတင်ပြသည့် ဝန်ဆောင်ခနှုန်းထားများကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးရမည်။

၃၀။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

(ခ) ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်လိုပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူပြီးမှ ဆောင်ရွက်ရမည်။

၃၁။ (က) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၁၀)
ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၃၂။ ဦးစီးဌာနသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၃၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိသော အခြားသူတစ်ဦးအား ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ ပြုလုပ်နိုင်ရန် တောင်းဆိုလာလျှင် ယင်းတို့အချင်းချင်း သဘောတူညီချက်နှင့် ဦးစီးဌာန၏ အတည်ပြုချက်တို့ဖြင့် ဆောင်ရွက်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်းက မိမိ၏ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်အသုံးပြုခွင့်ပြုရာ၌ -

(က) သာတူညီမျှမှုရှိစေပြီး ခွဲခြားနှိမ့်ချမှုမရှိစေရ၊ ကွန်ရက်အတွင်းရှိ မူလဝန်ဆောင်မှု အရည်အသွေး စံချိန်စံညွှန်းအောက် နိမ့်ကျမှုမရှိစေရ။

(ခ) အရည်အသွေးစံချိန်စံညွှန်းတို့ကို လိုအပ်ချက်အရ ဦးစီးဌာနက စစ်ဆေးလျှင် စစ်ဆေးမှုကို ခံယူရမည်။

အခန်း (၁၁)
ပြိုင်ဆိုင်မှုကိုဆန့်ကျင်သည့် လုပ်ဆောင်ချက်များအား တားမြစ်ခြင်း

၃၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဈေးကွက်အတွင်း လွတ်လပ်စွာပြိုင်ဆိုင်မှု သဘောသဘာဝကိုပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်းမပြုရ။

၃၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတို့နှင့် နားလည်မှုရယူဆောင်ရွက်ခြင်း၊ သဘောတူညီမှုရယူခြင်း၊ အစီအစဉ်များပြုလုပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုခြင်းများ မပြုလုပ်ရ-

(က) မိမိဆန္ဒအတိုင်း နှုန်းထားပြင်ဆင်သတ်မှတ်ရန် ဆောင်ရွက်ခြင်း၊

(ခ) ပြိုင်ဆိုင်မှုကို လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် ဈေးကွက်အား ခွဲဝေရယူရန် ဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးပစ္စည်းထောက်ပံ့သူ၊ ရောင်းချသူတစ်ဦးဦးထံမှ ဝယ်ယူခြင်းမပြုရန် ဆောင်ရွက်ခြင်း၊

(ဃ) မိမိပြိုင်ဘက်တစ်ဦးဦးအား မတရားသော နည်းလမ်းဖြင့် ဆန့်ကျင်မှုပြုခြင်း။

၃၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိထံမှသော်လည်းကောင်း၊ အခြားသူတစ်ဦးထံမှသော်လည်းကောင်း ဆက်သွယ်ရေးပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုကိုသာ ရယူသုံးစွဲရေးအတွက် အသုံးပြုသူအား ချုပ်ချယ်ကန့်သတ်ခြင်းမပြုရ။

၃၈။ ဦးစီးဌာနသည် ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့တွင် တားမြစ်ထားသော ဆက်သွယ်ရေးဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကိုဟန့်တားသည့် လုပ်ဆောင်မှုများဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရယူကာ လုပ်ငန်းလိုင်စင်ရရှိသူကို ယင်းလုပ်ဆောင်မှုများကို ရပ်စဲရန် ညွှန်ကြားနိုင်သည်။

အခန်း (၁၂)
စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၃၉။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ပြုရမည်။

(ခ) လိုင်စင်ရယူထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရစစ်ဆေးခြင်းအတွက် လိုအပ်ပါက သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဦးစီးဌာနသည်-

(၁) လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ လိုအပ်သော သတင်းအချက်အလက်နှင့် အထောက်အထားများ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို တင်ပြစေခြင်းတို့ကို ပြုနိုင်သည်။

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် အဆောက်အအုံနှင့် နေရာများ၊ စက်ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း ပြုနိုင်သည်။

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ စာရင်းဇယားနှင့် စာရွက်စာတမ်းများ၊စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကောက်နုတ်ချက်ရယူခြင်းနှင့် မိတ္တူကူးခြင်းတို့ကို ပြုနိုင်သည်။

(၄) လုပ်ငန်းဆိုင်ရာ စာရင်းဇယားများနှင့် စာတမ်းအမှတ်အသားများကို ပြုစုထားရှိခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းသည့် စစ်ဆေးရေးအဖွဲ့သည် ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးချက်အရ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

အခန်း (၁၃)
ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်း

၄၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင် သို့မဟုတ် ယင်းမြေနှင့် အဆောက်အအုံကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက် ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်နေရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) လုပ်ငန်းမြေနေရာမှာ သင့်လျော်မှုရှိ မရှိ ရွေးချယ်ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းနေရာသို့ ဝင်ရောက်ခြင်း၊ စစ်ဆေးကြည့်ရှုခြင်း၊ တိုင်းတာခြင်း၊ အနိမ့်အမြင့် မှတ်တမ်းယူခြင်း၊ မြေနမူနာရယူခြင်း၊ ကျင်းတူးခြင်း၊ အပေါ်ယံမြေလွှာကို စစ်ဆေးခြင်းတို့အပါအဝင် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ အဆိုပါ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်တွင် လိုအပ်သော ကွန်ရက်အထောက်အကူပြုပစ္စည်းများကို နေရာချထားခြင်း၊ ထားရှိခြင်း၊ တပ်ဆင်ခြင်း၊ ချိတ်ဆက်ခြင်းနှင့် ပစ္စည်းလုံခြုံရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် ပြုပြင်မွမ်းမံခြင်း။

၄၂။ လုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၄၁ ပါ လုပ်ငန်းကိစ္စများဆောင်ရွက်ရန် သဘောတူညီမှု ရရှိထားသည့်မြေနှင့် အဆောက်အအုံပိုင်ရှင် ပြောင်းလဲမှုဖြစ်ပေါ်ပါက အဆိုပါမြေနှင့် အဆောက်အအုံတွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီမှုရယူထားရမည်။

၄၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်းနှင့် ဖယ်ရှားခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူ အသုံးပြုသည့်လမ်း သို့မဟုတ် ယာဉ်လမ်းကြောင်း သို့မဟုတ် ရေလမ်းကြောင်း သို့မဟုတ် လေလမ်းကြောင်းတို့ကို အနှောင့်အယှက် သို့မဟုတ် အဟန့်အတားမဖြစ်စေရ။

၄၄။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့အား ပြုလုပ်ရန်အလို့ငှာ ကြိုတင်လေ့လာဆန်းစစ်မှုများအတွက် ပိုင်ရှင်အား ကြိုတင်အသိပေးခြင်းမရှိဘဲ မည်သည့်မြေနေရာကိုမျှ ဝင်ရောက်ခြင်းမပြုရ။

၄၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုလုပ်ရာတွင် ထိခိုက်ပျက်စီးမှုနည်းပါးစေရန် လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ရမည်။

၄၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ ကွန်ရက်အထောက်အကူပြုပစ္စည်း တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်းပြုရာတွင် ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်းကြောင့် တစ်ဦးတစ်ယောက်သောသူအား ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်လျှင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နစ်နာသူသည် လုပ်ငန်းလိုင်စင်ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့်ရှိသည်။

၄၇။ ဤဥပဒေအရလိုင်စင်ရရှိသူသည် လမ်းမကြီး၊ လမ်း၊ ရထားလမ်း၊ မြစ်၊ တူးမြောင်း၊ အခြားသော ရေလမ်း၊ ရေသွင်းစိုက်ပျိုးရေးစနစ်၊ ရေမြောင်း၊ ရေပေးရေးစနစ်၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်း သို့မဟုတ် အခြားသောအများပြည်သူနှင့်သက်ဆိုင်သည့် သို့မဟုတ် ပုဂ္ဂလိကနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းတစ်စုံတစ်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက်တို့တွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများကိုအသုံးပြုပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းများထူထောင်ခြင်းပြုရာတွင် လူနှင့် ပစ္စည်းတို့၏ လုံခြုံရေးကို အလေးဂရုပြု၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ ဦးစီးဌာနသည် ဆောက်လုပ်ဆဲ သို့မဟုတ် ဆောက်လုပ်ပြီးအဆောက်အအုံနှင့် မြေကွက်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုအတွက် လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ အဆောက်အအုံနှင့် မြေကွက်အတွင်းရှိ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၏ အရည်အသွေးအား မြှင့်တင်ပေးရန် လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း -

(က) အရင်းအနှီးစိုက်ထုတ်သူ သို့မဟုတ် အဆောက်အအုံနှင့် မြေပိုင်ရှင်အားၓင်း၏ အဆောက်အအုံအတွင်း သို့မဟုတ် အပေါ်တွင်ဖြစ်စေ၊ မြေကွက်တွင်ဖြစ်စေ ကွန်ရက်အထောက်အကူပြုပစ္စည်းများကို သတ်မှတ်ထားသည့် အချိန်အတွင်း တပ်ဆင်နိုင်ရေးအတွက် နေရာပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ခ) သတ်မှတ်ထားသည့်အချိန်အတွင်း ကွန်ရက်အထောက်အကူပြုပစ္စည်းကို တပ်ဆင်ပေးရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ကုန်ကျမည့် စရိတ်ငွေကြေးများကို လုပ်ငန်းလိုင်စင်ရရှိသူက အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကျခံရန် ညွှန်ကြားနိုင်သည်။

၄၉။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူများ၏ ကွန်ရက်အထောက်အကူပြုပစ္စည်းများ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းတို့တွင် မလိုအပ်ဘဲ ဘဏ္ဍာငွေကြေးကုန်ကျမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်သည်။

အခန်း (၁၄)
အငြင်းပွားမှုများကို ဖြေရှင်းခြင်း

၅၀။ လုပ်ငန်းလိုင်စင်ရရှိသူများသည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင်ဖြစ်စေ အငြင်းပွားမှုပေါ်ပေါက်သည့်အခါ အချင်းချင်းညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိပါက ထိုအငြင်းပွားမှုကို ဦးစီးဌာနသို့ တင်ပြနိုင်သည်။

(ခ) ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ပေါ်ပေါက်ပါကဦးစီးဌာနသို့ တင်ပြနိုင်သည်။

၅၁။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်း အငြင်းပွားမှုနှင့် စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရန် ပုဒ်မ ၅၀ အရ တင်ပြချက်ကိုသော်လည်းကောင်း၊ ထိုသို့တင်ပြခြင်းမရှိသော်လည်း အငြင်းပွားမှုမှာ အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေနိုင်လျှင်သော်လည်းကောင်း စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရမည်။

၅၂။ (က) ပုဒ်မ ၅၁ အရ ဦးစီးဌာနက စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည်-

(၁) ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်ပါက ထိုဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(၂) ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့် သက်ဆိုင်ခြင်းမရှိသည့်ကိစ္စဖြစ်ပါက မိမိ၏နစ်နာမှုအတွက် သက်သာခွင့်နှင့် အခွင့်အရေးများကို ရရှိရန် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာ တရားရုံးတွင် တောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည်-

(၁) လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်။

(၂) ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၄၅ ရက်အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အယူခံခုံရုံးသို့ အယူခံနိုင်သည်။

အခန်း (၁၅)
အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း

၅၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ရယူသုံးစွဲခွင့်ရရှိစေရန်အတွက်နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသေးသည့် နယ်မြေဒေသများ (underserved area)တွင် အခြေခံဆက်သွယ်ရေး အဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်စေရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များ ချမှတ်ရန် ဦးစီးဌာနအား ညွှန်ကြားနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းရေးအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိပြီး ရန်ပုံငွေကို ကြီးကြပ်ရမည်။

၅၅။ ဦးစီးဌာနသည် ပုဒ်မ ၅၄ အရ တည်ထောင်ထားသည့် ရန်ပုံငွေကို အသုံးပြု၍ အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရမည်။

၅၆။ ဦးစီးဌာနသည် ပုဒ်မ ၅၅ ပါ အောက်ပါအစီအစဉ်များ ချမှတ်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေဒေသများကို သတ်မှတ်ခြင်း၊

(ခ) အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ ရည်မှန်းချက် (universal target) ချမှတ်ခြင်း၊

(ဂ) လိုင်စင်ရသူများမှ လိုက်နာဖြည့်ဆည်းပေးရမည့် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာတာဝန်ဝတ္တရားများ(universal service obligation)သတ်မှတ်ခြင်း။

အခန်း (၁၆)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၇။ ဦးစီးဌာနသည် လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ အခန်း(၅)ပါ တာဝန်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပုဒ်မ ၃၈ အရ ညွှန်ကြားချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၁ အရ ဦးစီးဌာန၏ စေ့စပ်ညှိနှိုင်း ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၂ ပုဒ်မခွဲ (ခ)အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ကိုချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

စာမျက်နှာ (ဂ) သို့

ဥပဒေ

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပြဋ္ဌာန်း

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဦးဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဆိုသည်။

(ဂ) **လုပ်ငန်းအဖွဲ့**ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့အသီးသီးကို ဆိုသည်။

(ဃ) **တောင်သူလယ်သမား**ဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည် -

(၁) မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော် လည်းကောင်း၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုး ထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီးမတည် စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

စာမျက်နှာ (ဃ)သို့

စာမျက်နှာ (ခ) မှ

၅၈။ (က) ဦးစီးဌာနက ပုဒ်မ ၅၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည်-

(၁) လိုအပ်ပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။

(၂) ဦးစီးဌာန၏ အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း (၁၇)
အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ ဤဥပဒေအရ ချမှတ်သည့် အငြင်းပွားမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ နစ်နာသူက တင်ပြလာသည့်အခါတွင် ထပ်မံ၍ အယူခံနိုင်ခွင့်ရရှိစေမည့် အယူခံခုံရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အယူခံခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၀။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အယူခံခုံရုံး ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။

(ခ) အယူခံခုံရုံးအဖွဲ့ဝင်များသည် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်၊ ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ်တို့နှင့် စပ်လျဉ်း၍ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ကျွမ်းကျင်သူပညာရှင်များ ဖြစ်ရမည်။

၆၁။ (က) အယူခံခုံရုံးသည် ကြားနာမည့်နေ့ရက်ကို ကြိုတင်ကြေညာ၍ သတ်မှတ်သည့် နေ့ရက်တွင် ကြားနာရမည်။

(ခ) တင်ပြချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတို့၏ လျှောက်လဲချက်ကို ကြားနာနိုင်သည်။

(ဂ) အပြီးသတ်ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အယူခံခုံရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၂။ အယူခံခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၆၃။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆၄။ အယူခံခုံရုံး၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အပြီးသတ်ဆုံးဖြတ်ချက် အစီရင်ခံစာတင်ပြီးသည့်ကာလအထိသာဖြစ်သည်။

အခန်း (၁၈)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၅။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားသုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဆက်သွယ်ရေးကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်ကို ဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ခ) ဆက်သွယ်ရေးကွန်ရက်ကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ ဗိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်စေခြင်း၊

(ဂ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊

(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

၆၇။ မည်သူမဆို လိုင်စင်ရယူပြီးမှသာ အသုံးပြုရန်သတ်မှတ်ထားသော ဆက်သွယ်ရေး ပစ္စည်းတစ်ခုခုကို လိုင်စင်မရှိဘဲလက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှင့်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) သတင်းအချက်အလက် ပို့လွှင့်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(ဂ) ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် တားမြစ်ထားသော ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် နေရာအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းလိုင်စင်ရရှိသူက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်ဝတ္တရားထမ်းဆောင်မှုကို တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း။

၆၉။ မည်သူမဆို ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့်အရ ထုတ်ဖော်ပြသရန် ခွင့်ပြုထားသည့်ကိစ္စများမှအပ ယုံကြည်စိတ်ချရသော စနစ်ဖြင့် ဖြစ်စေ၊ လျှို့ဝှက်စနစ်ဖြင့်ဖြစ်စေ ထားရှိသောသတင်းအချက်အလက်ကို ယင်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးသို့ တစ်နည်းနည်းဖြင့် ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၀။ လိုင်စင်ရရှိသူ မည်သူမဆို သတ်မှတ်ထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော ကွန်ရက်အထောက်အကူပြုပစ္စည်းကိုဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းကိုဖြစ်စေ အသုံးပြုကြောင်း၊ လက်ဝယ်ထားရှိကြောင်း၊ ဖြည့်ဆည်းပေးကြောင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ဤဥပဒေအရ ဦးစီးဌာနကသော်လည်းကောင်း၊ ဦးစီးဌာနကဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကသော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အခန်း (၁၉)
အထွေထွေ

၇၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် နည်းပညာစံချိန်စံညွှန်းကိစ္စများ၊ လှိုင်းနှုန်းစဉ်များ စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စများ၊ အသုံးပြုသူကို အကာအကွယ်ပေးခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် မဟာဗျူဟာများ ချမှတ်ခြင်းစသည့်ကိစ္စများတွင် အကြံပြုပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြေညာချက်ထုတ်ပြန်ပြီး ဝန်ကြီး သို့မဟုတ် ဝန်ကြီးမှ တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ အသုံးပြုသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဦးစီးဌာနစသည်တို့မှ ကိုယ်စားလှယ်များကအဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် အမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို သီးခြားပြဋ္ဌာန်းပေးရမည်။

၇၅။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော မည်သည့်သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာအဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်သည်။

၇၆။ ဝန်ကြီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သောဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက်သော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူတစ်ဦးဦးက လုပ်ကိုင်လျက်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွင်း ဝန်ဆောင်မှုပြုလုပ်နေမှုကို လိုအပ်ပါက ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စာတမ်းအမှတ်အသားတို့ကို တင်ပြစေခြင်း ပြုနိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် အခြေအနေပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှု အမျိုးအစားတစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကို ရရှိနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ် သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

၇၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၇၇ ပါကိစ္စရပ်များအနက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား လုံခြုံရေးဆိုင်ရာကိစ္စအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ကြိုတင်စီမံဆောင်ရွက်ထားရှိရမည်။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သောပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၁။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခ၊ လှိုင်းနှုန်းစဉ်အသုံးပြုခ၊ ဆက်သွယ်ရေး နံပါတ်သတ်မှတ်ချက်နှင့် အီလက်ထရွန်နစ်လိပ်စာ သတ်မှတ်ချက်တို့အတွက် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ကို သတ်မှတ်ရမည်။

၈၂။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူခြင်းမှလည်းကောင်း၊ လိုအပ်ပါက အခကြေးငွေများကို ပေးဆောင်ရခြင်းမှ လည်းကောင်းအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်အရေးပေါ် အခြေအနေနှင့် ဆက်နွှယ်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန် မလိုဘဲ ဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၃။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ၊ လုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့် လိုအပ်သောစံချိန်စံညွှန်းများကို ဝန်ကြီးဌာန ၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၈၄။ ဦးစီးဌာနသည်-

(က) နိုင်ငံတော်က လက်ခံအတည်ပြုထားသော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကွန်ဗင်းရှင်းများနှင့်အညီ ဆက်သွယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ စာမေးပွဲများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ကျင်းပပြီးအောင်လက်မှတ်များ ထုတ်ပေးနိုင်သည်။

၈၅။ The Myanmar Telegraph Act, 1885 နှင့် The Myanmar Wireless Telegraphy Act, 1934 တို့အရ-

(က) ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသောလိုင်စင်ကို ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဟု မှတ်ယူရမည်ဖြစ်ပြီးထိုလိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။ ထိုလိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ဤဥပဒေနှင့်အညီ လိုင်စင်လျှောက်ထားရယူရမည်။

(ခ) ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို ဤဥပဒေ အာဏာတည်သည့်နေ့မှ နှစ်နှစ်အတွင်း သတ်မှတ်ဖွဲ့စည်းရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ စကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပေးရန်လိုအပ်လာပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၉။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) The Myanmar Telegraph Act, 1885.

(ခ) The Myanmar Wireless Telegraphy Act, 1934.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ (၇) မှ

(၄) မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော် လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွှယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကို အသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော် လည်းကောင်း ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။

(င) **လုပ်ကွက်ငယ်**ဆိုသည်မှာ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်သည့် လုပ်ကွက်ငယ်ကို ဆိုသည်။

(စ) **လယ်ယာထုတ်ကုန်**ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဆ) **သွင်းအားစု**ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့် အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများအားလုံးကို ဆိုသည်။

(ဇ) **လယ်ယာကုန်ထုတ်အရင်းအနှီး**ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် သွင်းအားစုများ အပါအဝင် လယ်ယာမြေများ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ မွေးမြူရေးခြံများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသုံးချပစ္စည်းကိရိယာများ အားလုံးကို ဆိုသည်။

(ဈ) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော် လည်းကောင်း၊ ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော် လည်းကောင်း၊ မြေနုကျွန်းမြေဟု သော်လည်းကောင်း သတ်မှတ်သည့် မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများ မပါဝင်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

(ခ) ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်။

အခန်း(၃)
တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊

(ခ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။

၅။ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသောသီးနှံပုံစံမှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့် အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့် သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(စ) တောင်သူလယ်သမားများအား လယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စနစ်တို့နှင့် အလေ့အကျင့်များ ရရှိစေရန် အားပေးကူညီခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရန် ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဇ) လယ်ယာထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန် အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာထုတ်ကုန်ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် အချိန်မီသိရှိရန် ဆက်စပ်ဆောင်ရွက်ခြင်း၊

(ည) တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးတို့နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း၊

(ဋ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များရှိပါက ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြဆောင်ရွက်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားသော အကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ် တောင်သူလယ်သမားအား အထူးဦးစားပေး ကူညီထောက်ပံ့ခြင်း၊

(ဍ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

၆။ ဦးဆောင်အဖွဲ့သည်-

(က) လိုအပ်ပါက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ခ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်။

၇။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

အခန်း(၄)
တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း

၈။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါအခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည် -

(က) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်မြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊

(ခ) သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာသယ်ယူခွင့်နှင့် ရောင်းချခွင့်၊

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

၉။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အောက်ပါ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည် -

(က) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ လိုအပ် သလို ဆက်စပ်ဆောင်ရွက်ပေးခြင်း၊

(ခ) တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများရရှိစေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်း ခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊

(င) လယ်ယာလုပ်သားများ၏ ရထိုက်သော အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

၁၀။ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိရောက်စွာမြှင့်တင်နိုင်ရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၁၂။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်းမျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ရမည်။

အခန်း(၅)
ချေးငွေနှင့် အကူအညီများပေးခြင်း

၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သော အကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၄။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၁၃ အရ ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမည့် ငွေပမာဏ၊ သက်သာသော အတိုးနှုန်း၊ ပြန်ဆပ်ရမည့် ကာလနှင့် စည်းကမ်းချက်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၁၅။ ဦးဆောင်အဖွဲ့သည် ချေးငွေများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်ချိန်တွင် ထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း၊ လယ်ယာထုတ်ကုန်များရောင်းချနိုင်သည့် သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဦးဆောင်အဖွဲ့သည် ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို အမှန်တကယ် ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

၁၇။ ဦးဆောင်အဖွဲ့သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍ သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ယင်းတို့၏ ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ သက်သာမှုရစေရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သော ပမာဏတစ်ရပ်ကို ကျခံနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တွက်ချက် တင်ပြရမည်။

၁၈။ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းသုံး အခြားဓာတုဆေးတစ်မျိုးမျိုး၏ အာမခံစံချိန်စံညွှန်း ချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့် လယ်ယာကုန်ထုတ် အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ဖြစ်ပေါ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

၁၉။ ဦးဆောင်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခု ကျရောက်ခြင်းကြောင့် အများပြည်သူ ကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သောအကူအညီများနှင့် ထိုက်သင့်သော အထောက်အပံ့များ ရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

အခန်း(၆)
နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီခြင်း

၂၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးမီသည့် ပုဂ္ဂလိကမျိုးစေ့ သုတေသနလုပ်ငန်းများနှင့် ပုဂ္ဂလိက မျိုးစေ့ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်တင်ရေးဆိုင်ရာ နည်းပညာများရရှိရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊

(ဂ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးအတွက် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက်စသည့် လယ်ယာသုံး စက်ကိရိယာများကို လယ်သမားများ အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိစေရေးနှင့် အာမခံချက်မပါသော၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

အခန်း(၇)
လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း

၂၁။ ဦးဆောင်အဖွဲ့သည် လိုအပ်ပါက ပုဒ်မ ၆ ပုဒ်မခွဲ (က)အရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၂။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရန်အလို့ငှာ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန် လိုအပ်လျှင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ်အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်။

၂၄။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ဝယ်ယူရာတွင် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။

၂၆။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

အခန်း(၈)
အထွေထွေ

၂၇။ မည်သူမဆို ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၂၈။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများအတွက် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးဆောင်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Congratulation

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံစွမ်းအင်ဗဟိုဌာန (ACE) တို့ ပူးပေါင်းပြုလုပ်သော အာဆီယံ စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပေးအပ်ပွဲတွင် ASEAN Energy Awards 2013 (Energy Management - Special Submission Industry Category) ပထမဆု (Winner) ဆုတံဆိပ်ကို FAME Pharmaceuticals မှ လက်ခံရရှိခဲ့ကြောင်းသိရသဖြင့် ဒေါက်တာခင်မောင်လွင်နှင့် ဝန်ထမ်းများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုထက်ပိုမို၍ အောင်မြင်မှုများ ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိန်မြင့် (Director) နှင့် ဝန်ထမ်းများ
ရွှေစကားဆေးဝါးရောင်းဝယ်ရေး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၅၂၅/ခ၊ မြေကွက်တည်နေရာအမှတ်-၅၂၅/ခ၊ သူရ(၂)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးဇော်စိုးဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဇော်စိုးဝင်း(လူပျိုကြီးဘဝ)နှင့် (ဖခင်) ဦးပီယာစီတို့ကွယ်လွန်သဖြင့် ဒေါ်တင်ကြည် [၁၂/သဃက(နိုင်)၀၁၀၇၇၅]၊ ဒေါ်စိုးစိုးဝင်း [၁၂/သဃက(နိုင်)၀၁၁၁၈၀]၊ ဒေါ်ခိုင်စိုးဝင်း [၁၂/သဃက(နိုင်) ၀၁၁၁၈၇]တို့က မိခင်နှင့် အစ်မ၊ ညီမများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပြင်သင်တန်း

ညှပ်နည်းကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spa နှင့်မိတ်ကပ်၊ ဆံထုံး၊ လက်သည်းပန်းချီ၊ လက်မွေး၊ ခြေမွေးအရောင်သွင်း ပန်းအလှပြင်အခြေခံနှင့် အထက်ပါဘာသာရပ်(၃၄)မျိုးကို သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် (၂)လအတတ် သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်းဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာ စုံသင်တန်းကြေး(တစ်သိန်း)နယ်မှလာသူများကိုများကို အဆောင်စီစဉ်ပေးပါသည်။ ညအချိန် ပိုင်းသင်တန်းရှိသည်။

ဖုန်း-၀၉ ၄၉၂၆၈၃၀၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ်-၆၂/ခ၊ မြေကွက်တည်နေရာအမှတ် (၆၂/ခ)၊ အနော်မာ(၃)လမ်း၊ (၁၃)ရပ်ကွက်၊ တ/ဥ (ဦးကာ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကာ ကွယ်လွန်သဖြင့် ဒေါ်သန်းခင် [၁၂/ဥကတ(နိုင်) ၀၅၉၄၉၉]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၀၂ (၂၀-၆-၁၃) ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်နီနီမြ[၁၂/သဃက(နိုင်) ၀၈၁၅၁၉]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၂၇၇၇ (၁၁-၇-၁၃) ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၈၂၊ မြေကွက်တည်နေရာအမှတ်(၈၂)၊ (၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးသန်းအောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းအောင် ကွယ်လွန်သဖြင့် ဒေါ်စန်း [၁၂/ဥကတ(နိုင်) ၁၄၀၇၁၃] က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၆၈၁ (၁၀-၁-၁၂)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း [၈/တတက(နိုင်)၁၄၁၇၀၉]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၄၈၃ (၂၆-၈-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေညီထပ်တိုက်ခန်းရောင်းရန်

မြေနုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အကျယ် (၂၀×၆၅) ပေ၊ ကြိုးဖုန်း (၃)လုံး၊ A/C (၄)လုံး၊ Master (၁)ခန်း၊ Single (၂)ခန်း၊ အဆင့်မြင့် ပြင်ဆင်ပြီး၍ အသင့်နေနိုင်၊ ကုမ္ပဏီရုံးခန်း ဖွင့်ရန် ကားပါကင် ကျယ်ဝန်းကောင်းမွန်သော မြေညီထပ်တိုက်ခန်း ရောင်းရန်ရှိပါသည်။

ရောင်းဈေးနှုန်း-ကျပ်သိန်း ၂၈၀၀

ဆက်သွယ်ရန် ဖုန်း- ၀၉ ၄၀၂၆၂၃၆၈၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၉)၊ မြေညီထပ်၊ ခြေရင်းဘက်ခြမ်း၊ တိုက်ခန်း၏ အကျိုးခံစားခွင့်များကို ပိုင်ရှင်ဒေါ်နီနီနှင့် ဒေါ်ဘေဘီသန်း [၁၀/ရမန(နိုင်)၀၄၀၁၂၆]ထံမှ ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေက စရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်တော့်ထံ ပိုင်ဆိုင်ကြောင်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ခဲ့ပါလျှင် တိုက်ခန်းအရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်သော်တာလင်း	**ဦးစိုးအောင် (၆၉၁၄)**
LL.B (စဉ်-၃၃၀၇၄)	B.A, R.L, D.B.L
အထက်တန်းရှေ့နေ	**(တရားလွှတ်တော်ရှေ့နေ)**
အမှတ်-၄၈၊ ပြည်လမ်း၊ လမ်းဆုံရပ်ကွက်၊	အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊
ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့	အလုံမြို့နယ်၊ ရန်ကုန်မြို့
	ဖုန်း-၀၉ ၇၃၀၀၂၆၀၇

အမြန်ရောင်းမည်

လားရှိုးမြို့
ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ
ပေ(၄၀×၆၀) RC 2½၊ ဘဏ်၊ ရုံး
Showroom သင့်၊
ဖုန်း-၀၉ ၄၀၃၇၀၈၀၈၃

ရင်ခုန်သံ(အမျိုးသား/သမီး)

နာကျင်မှုမရှိဘဲ ထာဝရလှပသော 3D မျက်ခုံးမွေး၊ အိုင်းလိုင်နာထိုးသည်။ ၂၀၊ မာလာမြိုင် ၅ လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ **ဖုန်း-၀၉ ၅၂၇၅၄၉၃**

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
09-73005053
09-5122010

"ဒုံးပျံ"အမည်ဖြင့်ထုတ်လုပ်ဖြန့်ချိသော ဒီဗွီဒီ-ကာရာအိုကေ သီချင်းခွေပါတေးသီချင်း(၁၈ပုဒ်)နှင့်စပ်လျဉ်း၍ အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၅၂၄)တွင် တည်ရှိသော Charr Multimedia Production(CMP)မှ ဦးဇော်ထူးအောင်[၁၂/ကမတ(နိုင်)၀၁၉၂၇၁]သည် အောက်ဖော်ပြပါ တေးသီချင်းများကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တေးရေး၊ တေးဆိုများထံမှ အပြီးအပြတ်ဝယ်ယူခဲ့ပြီး ယင်းတေးသီချင်းများနှင့်ပက်သက်၍ တစ်ဦးတည်းသာသက်ဆိုင်သော အကြွင်းမဲ့အကျိုးခံစားခွင့်(Exclusive rights)ရှိသူ ဖြစ်ပါသည်။ အောက်ဖော်ပြပါတေးသီချင်းများကို သီဆိုတီးခတ်အသံဖမ်းယူပြီး အနုပညာရှင်များ၏သရုပ်ဆောင်ပြကွက်ရိုက်ကူးမှုများနှင့်ပေါင်းစပ်၍ ဒီဗွီဒီကာရာအိုကေအခွေအဖြစ် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် တွဲဖက်ဖန်တီးကာ "ဒုံးပျံ"ဟူသောအမည်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ချိခွင့်ပြုပါရန် "ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဗီဒီယိုဆင်ဆာအဖွဲ့"နှင့် "မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟို"တို့ထံ လျှောက်ထားတောင်းခံခဲ့ရာ ခွင့်ပြုမိန့်အမှတ်(၇၉၉/၂၀၁၃)ကို ၆-၉-၂၀၁၃ရက်စွဲဖြင့် ထုတ်လုပ်ဖြန့်ချိခွင့်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

"ဒုံးပျံ"အမည်ဖြင့် ထုတ်လုပ်ဖြန့်ချိသော ဒီဗွီဒီကာလာအိုကေတေးသီချင်းခွေတွင် ပါဝင်သောတေးသီချင်း(၁၈)ပုဒ်မှာ- (၁)ဆိုရင်းကမယ် -တေးရေး/ဆို-လွှမ်းပိုင်၊ Bobby Soxer၊ (၂)ယုံကြည်လိုက်-တေးရေး/ဆို-လွှမ်းပိုင်၊ Bobby Soxer၊ fear-နီနီခင်ဇော်၊ (၃)ဘိုကေ- တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၄)အာရုံ-တေးရေး/ဆို-အိမ့်ချစ်၊ Bobby Soxer၊ (၅)မဝေးဘူး-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၆)စွာတေးလန်-တေးရေး/ဆို-Bobby Soxer၊ (၇) စနေနေ့-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၈)မြန်မြန်ချစ်ရင်ချစ်တယ်ပြော-တေးရေး/ဆို-စိုးဖြိုး၊ Bobby Soxer၊ (၉) စိတ်ပျက်နေတဲ့သူ-တေးရေး/ဆို-လွှမ်းပိုင်၊ Bobby Soxer၊ (၁၀)ဒုံးပျံ-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၁၁)စုံထောက်007-တေးရေး/ဆို-Bobby Soxer၊ (၁၂)တုန်-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၁၃)တိတ်တခိုး-တေးရေး/ဆို-ရဲလေး၊ Bobby Soxer၊ (၁၄) (အယ်လ်စီဒီ)LCD-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၁၅)အရိပ်ကလေးလို-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၁၆) ကောင်မလေး-တေးရေး/ဆို/တီး-လွှမ်းပိုင်၊ (၁၇) ဒီလိုမျိုးချစ်သူတွေ-တေးရေး/ဆို-လွှမ်းပိုင်၊ Bobby Soxer (၁၈) မဖြစ်နိုင်ဘူး-တေးရေး/ဆို-လွှမ်းပိုင်တို့ ဖြစ်ကြပါသည်။

အထက်ဖော်ပြပါတေးသီချင်းများကို စုစည်း၍ ဒီဗွီဒီကာရာအိုကေတေးသီချင်းခွေအဖြစ် အများပြည်သူတို့ ကိုယ်တိုင်ကြည့်ရှုနားသောတဆင်ရန် ဦးဇော်ထူးအောင်က တစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆိုပါ တေးသီချင်းများကို အခြားနည်းသုံးစွဲခွင့်ပြုပေးနိုင်ရန် အခွင့်အာဏာလွှဲအပ်ထားခြင်း လုံးဝမရှိကြောင်း သတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါတေးသီချင်းများကို ဦးဇော်ထူးအောင်၏ တရားဝင်သဘောတူခွင့်ပြုချက်မရှိဘဲ ကူးယူဖြန့်ချိခြင်း၊ ကူးယူရောင်းချနိုင်ရန်အလို့ငှာ စီစဉ်ဆောင်ရွက်ပေးခြင်း၊ မူလပိုင်ရှင်၏အကျိုးပျက်စီးစေရန်ရည်ရွယ်ဆောင်ရွက်ခြင်း၊ အသံဖိုင်များခွဲထုတ်ကူးယူခြင်း၊ ခွဲထုတ်ကူးယူထားသော အသံဖိုင်များနှင့် အခြားသောလှုပ်ရှားမှုရုပ်ပုံများဖြင့်ဖြစ်စေ၊ ရုပ်ငြိမ်ဓာတ်ပုံများဖြင့်ဖြစ်စေ ပေါင်းစပ်ကူးယူပြုပြင်ခြင်း၊ အခပေးရုပ်သံမီဒီယာများတွင် အများပြည်သူသို့ပြသခြင်း၊ အခမဲ့ထုတ်လွှင့်နေသည့် ရုပ်သံမီဒီယာများတွင် အများပြည်သူသို့ပြသခြင်း၊ စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ တေးသီချင်းသံစဉ်တီးလုံးများကို ကူးယူအသုံးပြုခြင်းနှင့် ပြုပြင်ရောစပ်အသုံးပြုခြင်း စသည်တို့ကို မည်သူမျှပြုလုပ်ဆောင်ရွက်ခွင့်မရှိကြောင်း အတိအလင်းသတိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ "ဒုံးပျံ"အမည်ဖြင့် ဖြန့်ချိထားသော ဒီဗွီဒီကာရာအိုကေတေးသီချင်းခွေပါ တေးသီချင်း(၁၈)ပုဒ်တို့အား အသုံးပြုလိုသူမည်သူမဆို တစ်ဦးတည်းသာသက်ဆိုင်သော အကျိုးခံစားခွင့်ရှိသူ ဦးဇော်ထူးအောင်ထံမှ ခွင့်ပြုချက်ရယူရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းများကို တွေ့ရှိရလျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မည်သူ့ကိုမဆို ထိရောက်စွာအရေးယူ တရားစွဲဆိုသွားမည်ဖြစ်သည့်အပြင် ထိခိုက်နစ်နာမှုပမာဏနှင့်အညီ လျော်ကြေးများကိုပါ တောင်းခံရယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

Charr Multimedia Production မှ
ဦးဇော်ထူးအောင်၏လွှဲအပ်ခန့်ထားညွှန်ကြားချက်အရ
ဦးရဲသော် (LL.B, D.B.L, DL-WIPO)
အထက်တန်းရှေ့နေ (စဉ်-၂၄၀၃၈)
အမှတ်(၂၇-အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၇၃၄၂၉

အခမဲ့

IT Company ZEUS မှ ဂျပန်ဘာသာနှင့် Web Designer အခမဲ့သင်တန်းသားများခေါ်ယူခြင်း

- IT (Web Development) နှင့်ပတ်သက်၍ အလုပ်လုပ်ချင်ပေမယ့် ဘယ်လိုစရမှန်းမသိ။
- ဂျပန်စာနှင့်ပတ်သက်၍ သင်ချင်ပေမယ့် ဘယ်မှာသင်ရမည်မသိ။
- တစ်ချိန်တွင် မြန်မာနိုင်ငံ၌ ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်လိုသော လူငယ်များအတွက် . . .

CHANCES NEVER COME TWICE.

IT Company ZEUS မှ မြန်မာနိုင်ငံတွင် ဂျပန်ဘာသာနှင့် IT (Web Development) သင်တန်းများကို သင်တန်းကြေးအခမဲ့အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေပါသည်။ လိုအပ်သော အရည်အချင်းများမှာ-

[အသက် ၁၆ နှစ်မှ ၂၂ နှစ်အတွင်း ပညာအရည်အချင်း အထက်တန်းအောင်မြင်ပြီးသူ၊ အင်္ဂလိပ်စာ (Intermediate 4 Skill)၊ ဂျပန်ဘာသာနှင့် IT ပညာရပ်ကို သင်ယူချင်စိတ်ရှိသူ(1st Step Web designer, 2nd Step Programing)၊ သင်တန်းကာလ(၁)နှစ် ပြီးဆုံးအောင် တက်ရောက်နိုင်သူ]

-ထို့ပြင် IT ပညာရပ်နှင့်ပတ်သက်၍ ဂျပန်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်လိုသူများ(လစာသည် ဘွဲ့ရအလုပ်သင်ဝန်ထမ်းကဲ့သို့ ခံစားခွင့်ရှိမည်)

- သတ်မှတ်ကာလအတွင်း သင်တန်းများပေး၍ သင်တန်းပြီးဆုံးချိန်တွင် စာမေးပွဲစစ်မည်ဖြစ်ပြီး ထိုစာမေးပွဲမှ ရလဒ်ပေါ်မူတည်၍ အလုပ်ခန့်မည်ဖြစ်ပါသည်။
- ခေါ်ယူမည့်အရေအတွက်မှာ (၂၀)ဦးသာဖြစ်၍ လက်လွတ်မခံသင့်သော အခွင့်အရေးဖြစ်ပါသည်။
- လျှောက်ထားသူအရေအတွက်မှာ သတ်မှတ်ဦးရေထက်များပြားပါက လူတွေ့အင်တာဗျူးဖြင့် ရွေးချယ်သွားပါမည်။ သင်တန်းသားအားလုံးအား တစ်ချိန်တည်းတွင် အလုပ်ခန့်မည်မဟုတ်ပါ။

လျှောက်လွှာများကို ၂၈-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာရေးထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ Myanmar Takafuju Co.,Ltd, No.256-266,4-A, Shine Condominium Seikkanthar Street, Upper Block, Kyauktada Township, Yangon. Tel:01-250617, 09-5076625, 09-73072314

CHEMLAB

Contact to 09420010788,09420010789, 09420100178, 01534644
Email:thetsuwai9@gmail.com, pcy2860@gmail.com

Senior Business Development Executive
(Based in Yangon)

- B.Sc in Chemistry or related Sciences or Marketing
- Minimun 3 years experience in sales/marketing/business development preferably gained in the chemical industry, oil & gas, food or environment-related industries.
- Strong interpersonal and communication skills.
- Proficient in written & spoken English.
- Possess own transport and willing to travel.

We offer competitive remuneration package(Salary+ commission) and career advancement opportunities to the successful candidate.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၉/ခ၊ မြေကွက်တည်နေရာအမှတ်-၅၉/ခ၊ သုတ(၂)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးချစ်စိန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးချစ်စိန် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၉၅၃(၂၂-၅-၂၀၁၃)ဖြင့် ရရှိသူ ဒေါ်ခင်ကြည် [၁၂/ဥကတ(နိုင်)၀၈၂၈၂၀]က ဂရန်ခြံကိုက်ပျက်ဆီးနေခြင်းအားတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူမှန်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-၆၄/က၊ မြေကွက်တည်နေရာအမှတ် (၆၄/က)၊ စွယ်တော်လမ်း၊ ၂၀ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း (ဦးစောသိန်း) [၁၂/မရက(နိုင်)၀၁၉၇၅၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဦးစောသိန်းမှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျန်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်း(အမြန်)အလိုရှိသည်

မြတ်အိန္ဒြေ Group of Companies

(နယ်ဆိုက်များ၌ခန့်ထားရန်)

အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ဝန်ထမ်းများ အလိုရှိသည်။

၁။ B.E (Civil)/ (Mining)	ကျား (၁၅)ဦး
၂။ B.Tech (Civil)/ (Mining)	ကျား (၁၅)ဦး
၃။ AGTI (Civil)/(Mining)	ကျား (၁၅)ဦး
၄။ B.E (Mechanical)- (Beckhoe, Dozer)	ကျား (၁၅)ဦး
၅။ AGTI (Mechanical)- (Beckhoe, Dozer)	ကျား (၁၅)ဦး
၆။ ယန္တရားမှူး	ကျား(၁၅)ဦး
၇။ မော်တော်ယာဉ်မှူး	ကျား(၅)ဦး
၈။ မော်တော်ယာဉ် (စက်ပြင်) (Transporter, Tipper)	ကျား(၁၀)ဦး
၉။ ယာဉ်/စက် (Spare Parts ပစ္စည်း) စတိုစာရင်းကိုင်	ကျား(၁၅)ဦး
၁၀။ စိုက်ပျိုးရေးကျွမ်းကျင် (B.Arg/ ဒီပလိုမာ)	ကျား/မ (၂၀)ဦး
၁၁။ Checker/ စိစစ်ရေးဝန်ထမ်း (၁၀တန်းအောင်/ဘွဲ့ရ)	ကျား(၂၀)ဦး
၁၂။ Computer စာစီစာရိုက်(DTP), A+ (Networking)(ကျွမ်းကျင်)	ကျား/မ (၁၅) ဦး
၁၃။ B.Com CPA	ကျား/မ (၁၀)ဦး
၁၄။ LCCI (Level-1,2,3) ACCA	ကျား/မ(၅)ဦး
၁၅။ စာရင်းကိုင်ဘွဲ့ရ	ကျား/မ(၂၀)ဦး
၁၆။ စားဖိုမှူး	ကျား (၅)ဦး
၁၇။ Driver (ရုံးကား) မြို့တွင်းကျွမ်းကျင်ရမည်။	ကျား (၅)ဦး

- အထက်ပါရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံ (၃)နှစ် ရှိရပါမည်။
- အမှတ်စဉ် (4,5) (Hydraulic Excavator နှင့် Dozer) များကို ကျွမ်းကျင်စွာ ပြုပြင်နိုင်ရမည်။
- အမှတ်စဉ် (၆) (ဆိုက်ရှိ ယာဉ်/စက်များနှင့် အုပ်ချုပ်ရေးအပိုင်းကို လုပ်ဆောင်နိုင်ရမည်။)

(Excavator, Dozer, Dump Truck)

- အမှတ်စဉ် (၇) (Transporter နှင့် Tipper) များ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အမှတ်စဉ် (၉) အတွက် (ယာဉ်/စက် Spare Parts) ပစ္စည်းများ တတ်ကျွမ်းနားလည်သူ ဦးစားပေးမည်။
- ၃၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထားလျှောက်ထားရပါမည်။
- အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရပါမည်။
- ဆက်သွယ်ရန်လိပ်စာ- အမှတ်(၃၅၈/ဘီ)၊ ဇေယျာခေမာလမ်း၊ (၆) ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁- ၆၆၁၅၅၂၊ ၆၅၆၂၄၁၊ ၆၅၆၈၀၅၊ ၀၉- ၅၁၅၄၀၀၄

ဖြတ်ထုံးများဒိုင်ဂျက်
ဦးကျော်ဝေယျ

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(I၁)၊ မြေကွက်အမှတ်-ပထမတန်းစား(၈၆)၊ အတိုင်းအတာအကျယ်အဝန်း ပေ(၅၀×၅၈)ရှိ မြေကွက်(မြေငှားမြေ) မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၃၄/၃၆)၊ (၅၂)လမ်း၊ ဗိုလ်တထောင်မြို့နယ် မည်တွင်သည့် လူနေအိမ်ခန်း(၁၂)ခန်း၊(ခေါင်မိုး)ပါလေးခန်းတွဲ သုံးထပ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး [အခန်း(၁၂)ခန်းအနက် အပျောက်စနစ်ဖြင့်ရောင်းချထားပြီးဖြစ်သော အခန်း(၁၁)ခန်းမှာ အခန်းလွတ်များမပါ လူနေထိုင်လျက်ရှိသည်]ကို အမည်ပေါက် ဒေါ်ခင်ကြည် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်စိုး[၁၂/ဗတထ(နိုင်)၀၁၇၉၃၅]၊ မဆုမွန်[၁၂/ဗဟန(နိုင်)၀၇၅၃၇၄]၊ ဒေါ်ကြည်ကြည်ဝင်း [၁၂/ဗတထ(နိုင်)၀၁၈၇၆၁]၊ ဒေါ်မူမူ[၁၂/ဗတထ(နိုင်)၀၁၉၆၇၉]၊ ဒေါ်သန်းသန်းအေး [၁၂/ရပသ(နိုင်)၀၂၄၁၀၅]တို့က ချွေးမ၊ မြေး၊ သမီးများတော်စပ်ကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်က ဝယ်ယူရန်မြေကွက်နှင့် အဆောက်အအုံ၏ အကျိုးခံစားခွင့်များအတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၉၃၉၅၂]
အမှတ်(၃၇/၃၉)မြေညီ၊ သီရိမိသားစုဆောက်လုပ်ရေးရုံးခန်း၊ (၅၆)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉ ၅၁၃၉၀၂၁၊ ၀၉-၇၃၁၉၉၁၉၈

[illegible]

National Management College

[illegible] Diploma in IT [illegible]

[illegible] Diploma in Information Technology [illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှု အမှတ်-၃၇၀

ဦးမျိုးမြင့်လွင် နှင့် ဒေါ်ဝင်းကလျာ

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၆၂-လမ်း၊ အမှတ်-၁၆ (၇-လွှာ)နေ ဒေါ်ဝင်းကလျာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၂-၁၂-၂၀၁၂ ရက်စွဲပါ လက်ဖက်ခြောက်ဝယ်ယူပေးရန် ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်အရယူထားသော ငွေကျပ်သိန်း(၃၀၀)နှင့် ဥပဒေအရခွင့်ပြုသော နစ်နာကြေးငွေရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အမှတ်(87/B_3)၊ ဗဟိုလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်နွယ်နွယ်ဦး [၁၂/လမန(နိုင်)၁၄၆၇၃၄]ကိုင်ဆောင်သူ ပိုင်ဖြစ်သော တိုက်ခန်းကို ရောင်းချမည်ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံတိကျသော အထောက်အထားမှုရင်းများနှင့်တကွ တစ်ပတ်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နွယ်နွယ်ဦး
[၁၂/လမန(နိုင်)၁၄၆၇၃၄]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၀၀/က၊ မြေကွက်တည်နေရာအမှတ်(၁၀၀/က)၊ အနော်မာ(၃)လမ်း၊ (၁၃)ရပ်ကွက်၊ တ/ဥ (ဦးကျော်စိန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန် (S/OKA-002898)က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးထွန်းဝေ[၁၄/အမန(နိုင်)၀၁၅၁၁၅]နှင့်အများသိစေရန်
ပြည်လည်ရှင်းလင်းသတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗဟိုလမ်း (ခိုင်ရွှေဝါအပိုင်း)၊ အမှတ်-၁၇၁(မြေညီထပ်)အခန်းမှာ ဦးထွန်းဝေနှင့်ဒေါ်စန်းစန်းဝင်းတို့ နှစ်ဦးပိုင်အခန်းမဟုတ်ပါ။

ဦးထွန်းဝေသည် ဒေါ်စန်းစန်းဝင်း သဘောတူညီမှုမရှိဘဲ နောက်အိမ်ထောင်ပြုသွားပြီးနောက် ဦးထွန်းဝေနှင့်ဒေါ်စန်းစန်းဝင်းတို့ပိုင်ပစ္စည်းများမှ အုတ်၊ သဲ၊ ကျောက်တင် ဒိုင်နာကား(၂)စီးနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း(၄)မျိုးတို့၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ဦးထွန်းဝေတောင်းဆိုချက်အရ ၎င်း၏ပထမအိမ်ထောင်မှ သမီးဖြစ်သူ မခင်မျိုးဝေကိုယ်တိုင် အသိသက်သေနှင့်တကွ ဒေါ်စန်းစန်းဝင်းထံမှ လက်မှတ်ရေးထိုး ရယူသွားခဲ့ပြီးဖြစ်ပါသည်။ ဦးထွန်းဝေကိုယ်တိုင်မှလည်း ၁၈-၇-၂၀၁၂ ရက်မှစ၍ အထက်ဖော်ပြပါ အခန်းသည် ၎င်းနှင့်လုံးဝမသက်ဆိုင်တော့ကြောင်း၊ အမှတ်(၁၇၁) အိမ်သို့လည်း ဝင်ထွက်သွားလာခြင်းမပြုတော့ပါကြောင်း၊ လုပ်ငန်းကိစ္စအဝဝနှင့်လည်း ပတ်သက်စပ်ဆိုင်မှုမလုပ်တော့ပါကြောင်း ကိုယ်တိုင်ရေးသားလက်မှတ်ရေးထိုးပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဒေါ်စန်းစန်းဝင်း လက်ရှိနေထိုင်ပိုင်ဆိုင်သော အထက်ဖော်ပြပါ အခန်း၏ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ထိပါးနှောင့်ယှက်သူမည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း
(လွှဲအပ်ညွှန်ကြားသူ)

ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန်းမြင့် B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၆၉)
တိုက်-၁/၈၊ မြကန်သာအိမ်ရာ၊ (၂)ရပ်ကွက်
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၇၃၁၄၊ ၀၉-၄၃၀၈၄၃၂၃

[illegible]

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်လှလှနွယ်[၁၂/ပဇတ(နိုင်)၀၃၀၀၅၄]သည် ဦးဝင်းရှိန်[၁၂/ဗတထ(နိုင်)၀၁၅၁၆၄]နှင့် ၁၁-၇-၂၀၁၀ ရက်မှစတင်၍ လင်မယားနှစ်ဦးပေါင်းသင်းခြင်း မပြုတော့သည့်အပြင် နှစ်ဦးပေါင်းသင်းစဉ်က ကျန်ရှိခဲ့သော လက်ထပ်ပွားပစ္စည်းနှင့်ပတ်သက်၍ ဦးဝင်းရှိန် ရပိုင်ခွင့်ရှိသောပစ္စည်းဝေစုအား ၂၈-၉-၂၀၁၃ ရက်တွင် ခွဲဝေပေးပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာသည့် ရက်မှစ၍ ဦးဝင်းရှိန်[၁၂/ဗတထ(နိုင်)၀၁၅၁၆၄]နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝအားလုံးတို့သည် ကျွန်မ ဒေါ်လှလှနွယ်နှင့် လုံးဝပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်းနှင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှနွယ်[၁၂/ပဇတ(နိုင်)၀၃၀၀၅၄]

မပွင့်ဖြူခိုင်(ခ)ဖြူဖြူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/မဂတ(နိုင်) ၀၇၃၆၀၄၊ ယခုအမှတ်-၁၄၊ မြယာကုန်းလမ်း၊ ၇-လွှာ/ယာ၊ အမြွာညီနောင်စတိုးအပေါ်၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ]နှင့်အများသိစေရန်

ဒေါ်တင်တင်ဦး[နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/မဂတ(နိုင်)၀၂၁၈၇၃၊ အမှတ်-၃၉၊ လမ်း (၁၃၀)၊ ၈လွှာ/ယာ၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မုဆိုးမဖြစ်သူ ဒေါ်တင်တင်ဦး၏ တစ်ဦးတည်းသော သမီးရင်းဖြစ်သူ မပွင့်ဖြူခိုင်(ခ)ဖြူဖြူသည် မိခင်မုဆိုးမကြီးအပေါ်တွင် ကြမ်းတမ်းစွာပြောဆိုခြင်း၊ ရိုင်းစိုင်းစွာ ပြုမူဆက်ဆံခြင်း၊ မိခင်မုဆိုးမကြီး၏ ဖြူစင်သောမေတ္တာကို ဥပေက္ခာပြု၍ အကြိမ်ကြိမ်နှုတ်အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း ကြမ်းတမ်းစွာပြောဆိုစော်ကားခြင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူမှလည်း ယောက္ခမဖြစ်သူကို ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ မူးယစ်ရမ်းကားခြင်း၊ သမီးဖြစ်သူနှင့် ၎င်း၏ ခင်ပွန်းတို့ပူးပေါင်းပြီး ယုတ်ရင်းကြမ်းတမ်းစွာပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်လာ၍ မိခင်တစ်ယောက်အနေဖြင့် ကိုယ်စိတ်နှစ်ပါးကြီးစွာ စိတ်ဆင်းရဲခြင်းတို့ကြောင့် ဆက်လက်သည်းမခံနိုင်တော့ပါ၍ သမီးဖြစ်သူ မပွင့်ဖြူခိုင်(ခ)ဖြူဖြူအား သမီးအဖြစ်မှ ယနေ့သတင်းစာတွင် ပါသည့်နေ့မှစ၍ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်တင်တင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုဝေဇင် **ဦးဝင်းစိန်**
(စဉ်-၇၈၉၉/၂၀၁၁) **(စဉ်-၁၃၃၅/၁၉၇၂)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၉/၁၁၊ အခန်း(၁၀၆)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ တိုက်အမှတ်(၄၂)၊ အခန်းအမှတ်-၆(ဘီ)ဟု ခေါ်တွင်သော (၆)ထပ်အခန်းဖြစ်သည့် (၁၇၃၆) စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော အဆင့်မြင့်အိမ်ထောင်ပရိဘောဂနှင့် တယ်လီဖုန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ဦးမောင်ကြီး[၁၂/လမန(နိုင်)၁၀၆၉၆၆]မှ တရားဝင်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပြီး အရှုပ်အရှင်းကင်းရှင်းကာ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး(B.A, R.L)	**ဒေါ်ဆွေဆွေညွန့်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**

ဒေါ်ဆုမြတ်မွန်	**ဒေါ်ခင်ကြည်မွန်**	**ဒေါ်အေးခိုင်ဇင်**	**ဒေါ်မို့မို့သက်ထား**
(စဉ်-၂၅၇၇၆)	**(စဉ်-၂၇၃၈၆)**	**(စဉ်-၃၀၈၁၁)**	**(စဉ်-၃၅၈၅၅)**

အထက်တန်းရှေ့နေများ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

၆-၁၀-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ အထက်တန်းရှေ့နေ [illegible] အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ခြင်း

[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င-၁၃၊ မြေကွက်အမှတ်(၁၉၇)၊ ပေ(၆၀×၆၀)ရှိ ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း(KPW-၀၈၃၀၄၄)အမည်ပေါက်ပါမစ်မြေအမျိုးအစား မြေကွက်အား စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်စိုးမင်း[၁/မခဘ(နိုင်)၀၁၀၁၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ငွေငွေဝင်း
LLB,WIPO(GENEVER)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၃၃)
အမှတ်-၉/၁၁၊ အခန်း(၂၀၃ B)၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်ဝေ
(LL.B)
အထက်တန်းရှေ့နေ(စဉ်-၁၅၉၁၃)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၈၈၀)၊ ဇေယျာမြိုင်လမ်းရှိ အကျယ်အဝန်းအလျား ၄၇ပေ×အနံပေ၆၀ ရှိ ဦးတင်ဝင်း CG-018065 အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ ခေါင်းရင်းခြမ်းအလျား ၃၃ပေ×အနံ ပေ၆၀ရှိ မြေကွက်နှင့်၎င်းပေါ်ရှိရေမီးစုံအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကိုတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းအဆိုပြုသူ ဦးသိန်းထိုက်အောင်[၁၂/ဗဟန(နိုင်)၀၁၅၉၅၀]ပါ မောင်နှမလေးဦးတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ဒေါ်ဖြူဖြူဝင်း[၁၂/ဒဂမ(နိုင်)၀၀၃၅၁၇]က စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့် ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှသီ(စဉ်-၇၃၄၆)
B.A (Law)LL.B
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၇၂၄၄၂



အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အာသောကလမ်း၊ အမှတ်(၁၂၇)ဟုခေါ်တွင်သော တိုက်၏ အနောက်ဘက်ရှိ မြေအကျယ်အဝန်း (၂၅×၅၀)ပေရှိမြေနှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ရှင်ဟုဆိုသူ ဦးလှမိုး[၁၂/လမန(နိုင်)၁၀၉၆၁၂]နှင့် ဒေါ်လဲ့လဲ့ဝင်း [၁၂/လကန(နိုင်)၁၀၇၉၁၆]တို့က မိမိတို့၏ ပိုင်ဆိုင်မှုဆက်စပ်စာချုပ်စာတမ်းများကို ပြသ၍ အရောင်းအဝယ်ပြုရန် ကမ်းလှမ်းလာသည်ကိုကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ အိမ်နှင့်မြေ၏ တန်ဖိုးငွေကို ပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဤအိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထွန်းမြင့် (H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၇၅)
မင်္ဂလာဒုံမြို့နယ်တရားရုံး၊ မင်္ဂလာဒုံရှေ့နေများ နားနေခန်း
ဖုန်း-၀၉-၇၃၀၈၇၁၉၈

ဦးကျော်နိုင်ဝင်း(အဖ)ဦးကျော်သိန်း[၁၂/တမန(နိုင်)၀၀၄၁၅၈]နှင့် အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ ရွှေဖီခိုင်ညွှာလမ်း၊ အမှတ်(၄၇၄)နေ ဦးစောသွင် [၁၂/တမန(နိုင်)၀၄၅၇၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ-

ဦးကျော်နိုင်ဝင်း(အဖ)ဦးကျော်သိန်းသည် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄)၊ မှန်ခန်းတိုက်ခန်းအား တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟုဆိုကာ ငွေကျပ် ၁၉၅၀၀၀၀၀/-(ငွေကျပ်တစ်ရာကိုးဆယ့်ငါးသိန်းတိတိ)နှင့် ရောင်းချမည်၊ ၁-၃-၂၀၁၃ ရက်တွင် တိုက်ခန်းအားဝယ်သူသို့ လက်ရောက်အပ်နှံမည်ဟုဆိုကာ ၂၇-၂-၂၀၁၃ရက်ထိ ငွေကျပ် ၁၉၅၀၀၀၀၀/- အား သုံးရစ်ခွဲ၍ တိုက်ခန်းဖိုးအဖြစ် ကျွန်ုပ်၏အမှုသည်ထံမှ လက်ခံရယူသွားပါသည်။

ကိုကျော်နိုင်ဝင်း၏ ကတိအတိုင်း တိုက်ခန်းလက်ရောက်အပ်နှံရန် ၁-၃-၂၀၁၃ ရက်မှ ယနေ့အချိန်ထိ အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း လက်ရောက်အပ်နှံခြင်းမရှိပါ။ ကိုကျော်နိုင်ဝင်း၏ ပြုလုပ်ပျက်ကွက်မှုသည် ကျွန်ုပ်၏ အမှုသည်အဖို့ များစွာနစ်နာရသည် သဘောသက်ရောက်နေ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိုက်ခန်းအားနေသူမဲ့ဖြင့် လက်ရောက်အပ်နှံရန် (သို့မဟုတ်)လက်ခံရယူပြီးသော တိုက်ခန်းဖိုးငွေ ၁၉၅၀၀၀၀၀/- အားနစ်နာကြေး သိန်း(၁၀၀)ပေါင်း၍ တစ်လုံးတစ်ခဲတည်းပေးလျော်ရန် ပျက်ကွက်ပါက အဆိုပါတိုက်ခန်းဖိုးငွေနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်အမှုသည်မှ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကိုကျော်နိုင်ဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်စိုး(ညောင်ဦး)(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၅၈)
အမှတ်(၁၀၈)၊ ခရေပင်ရိပ်မွန်(၁)လမ်း၊
၁/က စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉-၇၃၁၂၈၈၀၅၊ ၀၉-၄၉၃၃၀၃၆၇

ဦးသက်နိုင်ဖြိုး(LL.B,D.I.L)
အထက်တန်းရှေ့နေ(စဉ်-၂၉၁၂၁)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၇၈)၊ သုမင်္ဂလာလမ်းမ၊ (၂)ရပ်ကွက်ရှိ အကျယ်အဝန်း ပေ(၄၀×၆၀) ဒေါ်စန်းစန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ+အိမ်ကို ဦးစိန်မြိုင်[၁၂/ဥကမ(နိုင်)၁၆၆၂၂၁]+ဒေါ်စန်းစန်းမြင့် [၁၂/ဥကမ(နိုင်)၁၇၇၅၃၁]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်မောင်အေး-ဒေါ်ခင်ခင်ရီ
မွန်မွန်ရည်ရည်ဆောက်လုပ်ရေး
(၃၀)၊ ရွှေလောင်းလမ်း၊ စမ်းချောင်း
ဖုန်း-၀၉-၇၃၃၅၅၄၄၄၊ ၀၉-၄၃၀၅၅၄၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ မြေကွက်အမှတ်-၈၅-၁၁၅/၂၉၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈-ဒီ၊ အမှတ်(၃၇)၊ ဝါးခယ်မလမ်း၊ အကျယ်အဝန်းပေ(၂၅×၄၅)ရှိ မြေ+အိမ်ကို ဦးမြစိန်[၁၂/စခန(နိုင်)၀၁၁၄၃၀]-ဒေါ်သန်းသန်းမော်[၁၂/စခန(နိုင်)၀၁၁၄၂၉]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ခင်ရီ (မွန်မွန်ရည်ရည်ဆောက်လုပ်ရေး)
(၃၀)၊ ရွှေလောင်းလမ်း၊ စမ်းချောင်း
ဖုန်း-၀၉ ၇၃၃၅၅၄၄၄၊ ၀၉- ၇၃၂၅၅၄၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မြေကွက်အမှတ်-၆၈/၁၆၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈ဘီ၊ အမှတ်(၄၆)၊ ဂန္ဓမာလမ်း၊ အကျယ်အဝန်းပေ(၂၅×၅၀)ရှိ ဒေါ်ခင်မြ+ဦးထွန်းကြည် ပါမစ်အမည်ပေါက် မြေပေါ်တွင် ဒေါ်ခင်မြ အမည်ပေါက်(ခေါင်းရင်းဘက်ခြမ်း) ပေ(၁၇×၅၀)အကျယ်အဝန်းရှိ မြေနှင့်အိမ်ကို ဦးတင့်ဝေ[၁၂/စခန(နိုင်)၀၃၀၄၄၂]၊ ဒေါ်သက်နွယ်ဦး[၁၂/စခန(နိုင်)၀၃၅၇၁၅] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ခင်ရီ (မွန်မွန်ရည်ရည်ဆောက်လုပ်ရေး)
(၃၀)၊ ရွှေလောင်းလမ်း၊ စမ်းချောင်း။ ဖုန်း-၀၉ ၇၃၃၅၅၄၄၄၊ ၀၉- ၇၃၂၅၅၄၄၄

အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၉၂၅)နေ အိမ်ခြံမြေနှင့်ပတ်သက်၍ ဒေါ်ချစ်ချစ်နိုင်[၁၁/တကန(နိုင်)၀၅၈၄၁၄]နှင့်ဒေါ်စုစုရွှေတို့အကြား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် -၈၆/၂၀၁၃ဖြင့် အမှုရင်ဆိုင်လျက်ရှိနေစဉ် ဦးတင်လတ်တို့ကလည်း မိမိတို့ပိုင်ဆိုင်ကြောင်းအဆိုပြုပြီး အမှုတွင် အမှုသည်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ပါသည်။ အဆိုပါ တရားမကြီးမှုအမှတ်-၈၆/၂၀၁၃ နှင့်ပတ်သက်၍ကြားနာနေသည့် ရုံးတော်မှ ပိုင်ရေးဆိုင်ခွင့်အမိန့်တစ်စုံတစ်ရာမျှချမှတ်ခြင်းမရှိသေးဘဲ အမှုရင်ဆိုင်ဖြစ်ပွားလျက်ရှိနေသော အိမ်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချစ်ချစ်နိုင်၏ လွှဲအပ်ချက်အရ-
ဦးလှမြင့် (LL.B,D.B.L)၊
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)
အမှတ်-၅၀၊ပထမထပ်၊ အခန်း D-2၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

သားကြီးဖြစ်သူအား အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၁၂)နေ ကျွန်တော် ဦးဘတ်စ်ကရင်(ခ)မောင်မောင် [၁၂/ရကန(နိုင်)၀၅၈၄၈၀]ကိုင်ဆောင်ထားသူ၏ သားကြီးဖြစ်သူသည် မိဘတို့အား အကြိမ်ကြိမ် စိတ်သောကရောက်အောင်ပြုလုပ်ခဲ့ပြီး ၄-၁-၂၀၁၂ ရက်တွင် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားကြီးဖြစ်သူ မောင်အောင်ကျော်မြင့်(ခ)ကူးမားရှု [၁၂/ရကန(ပြု)၀၀၁၂၁၂]ကိုင်ဆောင်ထားသူအား အမွေပြတ် စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မေးမြန်းခြင်းသည်းခံပါ။

ဦးဘတ်စ်ကရင်(ခ)မောင်မောင်

အများပြည်သူသိရှိရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ၅-ခန်းတွဲ၊ ၄-လမ်း၊ အမှတ် (၈၂/၈၄)၊ (အလျား ၄၅ပေ×အနံ ၅၅ပေ)ရှိ အိမ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင် ဒေါ်ကြည်[၁၂/အစန(နိုင်) ၁၂၉၉၃၃]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအိမ်ခြံမြေအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလမင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၂၆၆)
အမှတ်-၆၅၃၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။ ဖုန်း-၀၉၄၃၁၄၄၇၀၄

အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၁၆) ပထမထပ်(ယာ)၊ အကျယ်အဝန်း(၁၅×၆၀)ပေရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီးလွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးလှရွှေ[၁၂/ပဇတ(နိုင်)၀၀၉၇၆၄]နှင့် ဒေါ်အောင်မေညွန့်[၁၂/ပဇတ(နိုင်)၀၁၀၀၂၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် "၆-၁၀-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်"ကို ချုပ်ဆို၍ဝယ်ယူရာ စရန်ငွေ၏အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း) များအား ယူဆောင်၍ယနေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉)
THAN THAN WIN & ASSOCIATES (LAW FIRM)
အမှတ်(၁၀၅)၊ပထမထပ်၊ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်ရန်ကြော်ငြာ

သထုံမြို့၊ ဘင်လှိုင်-နန်းခဲ အကွက်အမှတ် (၈၅)၊ ဦးပိုင်အမှတ်-၂၁၊ (င)၊ ဧရိယာ (၀. ၂၁၁) ဧကရှိ မြေကွက် အနက်ဧရိယာ (၀. ၀၄၅) ဧကရှိ အိမ်ရာမြေကွက်ကို (၂၃-၁၂-၁၉၇၇) နေ့စွဲပါ သထုံမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၆၈) အရလည်းကောင်း၊ ကျန်ရှိသော မြေကွက်ကို (၁၉-၆-၁၉၈၀) နေ့စွဲပါ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ ပြည်သူ့ကောင်စီရုံးတွင် ချုပ်ဆိုသော စာချုပ်အရလည်းကောင်း၊ မူလပိုင်ရှင် ဦးစံတင်ထံမှ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ နတ်စင်ကုန်းလမ်းနေ(ဘ)ဦးအွာလီလုံ သား ဦးစောစိန်ဖိုး[၁၀/သထန(နိုင်)၀၁၀၉၁၇] ယခင်အမျိုးသားမှတ်ပုံတင် အမှတ် H.B.E -012560 က ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

ဖော်ပြပါ မြေကွက်အား သက်ဆိုင်ရာ မြေစာရင်း ဦးစီးဌာနတွင် ဦးစောစိန်ဖိုး၏ အမည်သို့ပြောင်းလဲရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှ (၇) ရက်အတွင်း သထုံမြို့နယ် မြေစာရင်း ဦးစီးဌာန၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်မာမာခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၆၇၃၈
အမှတ်-၄၁၂၊ အုန်းတောလမ်း၊
အောက်ကျင်းရပ်ကွက်၊ သထုံမြို့။

ဒေါ်သဇင်နွယ်(LL.B)
အထက်တန်းရှေ့နေ၊ စဉ်-၄၀၄၃၆
အမှတ်-၄၇၆၊ အေးမြခိုင်ဈေး
အနောက်လမ်း၊ ဘင်လှိုင်ရပ်ကွက်၊
သထုံမြို့။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဂ၊ မြေကွက်အမှတ်- ၂၀၀ ၁/၂၊ မြေကွက်လိပ်စာအမှတ်- ၂၀၀ ၁/၂၊ ဥက္ကာ(၇)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဦးဘာဘာအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ရရှိပြီး ဖြစ်သော မြေအလျားပေ ၂၀×အနံပေ၆၀ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်ဥပစာ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဘာဘာထံမှ အပြီးအပိုင်ဝယ်ယူထားပြီး အထွေထွေကိုယ်စားလှယ်လွှဲစာရယူထားသူ ဒေါ်လှလှ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်သစ်သစ်၊ ဒေါ်ရီရီငွေ၊ ဒေါ်ချယ်ရီလွင်တို့က ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ဤသတင်းစာကြေငြာသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်တော့မည်ဖြစ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသာထွန်း(B.A,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၁)
အမှတ်-၂၀၂၊ ဥက္ကာ(၇)လမ်း၊ စ/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း၀၁-၉၆၉၉၄၈၄၊ ၀၉-၄၂၁၁၃၉၃၅၇

ဒေါ်ဝတ်ရည်ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၂၀၅)
အမှတ်-၁-က၊ မေဓါဝီလမ်းမ
စ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

ဒေါ်သိုင်ရာဘီ၊ ဒေါ်ဟောစွန်ဘာနူ(ခ)နီလာစန်းနှင့် အများသိစေရန်အသိပေးကြေညာချက်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ခနောင်လမ်း၊ အမှတ်(၆၀)တွင်နေသူ ကျွန်ုပ်မိတ်ဆွေဒေါ်အာရှာဘီ (ဘ)ဦးဂျိုဂိုဒင်(KMW-၀၂၄၀၆၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြော်ငြာအပ်ပါသည်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ မလေးကုန်းရွာတွင် တည်ရှိသော ဦးနူရာဒင်(EF-၀၁၆၇၀၂)(ကွယ်လွန်)အမည်ပေါက်၊ နောင်တုံကွင်းအမှတ်(၅၈၇)၊ ဦးပိုင်(၄၆/၂)၊ အုပ်စုအမှတ်(၁၅)၊ အကွက်အမှတ်(၁၀)၊ ဥယျာဉ်ခြံမြေအကျယ်အလျား(၂၈)တောင်၊ အနံ(၂၀၀)တောင် (အိမ်မပါ) အကျိုးခံစားခွင့်အရပ်ရပ်၏ဥယျာဉ်ခြံမြေကို ဦးနူရာဒင် မကွယ်လွန်မီ ကျွန်ုပ်မိတ်ဆွေမှ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါဥယျာဉ် ခြံမြေပေါ်တွင် ကျွန်ုပ်မိတ်ဆွေမှ ဒေါ်သိုင်ရာဘီနှင့် ဒေါ်ဟောစွန်ဘာနူ(ခ)နီလာစန်း မိသားစု အသီးသီးတို့ အား အခမဲ့နေထိုင်ခွင့်ပြုထားခဲ့ပါသည်။ယခုကျွန်ုပ်မိတ်ဆွေမှ ၎င်းတို့မိသားစု နှစ်စုအား အခမဲ့နေထိုင်ခွင့်ကို ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း နှင့်တစ်လအတွင်း ဒေါ်သိုင်ရာဘီနှင့် ဒေါ်ဟောစွန်ဘာနူ(ခ)နီလာစန်းတို့၏ နေအိမ်အသီးသီးကို ဖျက်သိမ်းယူပြီးမိသားစုအလိုက် ကျွန်ုပ်မိတ်ဆွေပိုင် ဥယျာဉ်ခြံမြေပေါ်မှ အသာတကြည်ထွက်ခွာ ဖယ်ရှား ပေးရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူတရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အာရှာဘီ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ချို(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၉၈/၂၀၁၀)
အိမ်-ချိုရတနာလက်ဖက်ရည်ဆိုင်
မင်းရဲကျော်စွာလမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်
ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၂၆၉၅၈၅၊ ၀၉-၄၉၂၇၆၈၇၆

ဒေါ်လင်းလင်းဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၁၁၁)
အမှတ်(၉/၁၁)၊ အခန်း-၃၀၆
စတုတ္ထလွှာ(ယာ)၊ ၃၆ လမ်း(လမ်းတို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၈၂၄၄(လိုင်းခွဲ)၃၀၆

ဒေါ်ဆန်းသစ် [၁၂/ဗဟန(နိုင်)၀၄၀၅၀၇]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-H)၊ မြေကွက်အမှတ်-၂၉၉၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အိမ်အမှတ်-၃၉၊ ပေ(၂၀×၄၀)ကျယ်သည့် အိမ်မြေအကျိုးခံစားခွင့်များသည် ၁။ဒေါ်သန်းနှစ်[၁၂/ဗဟန(နိုင်)၀၄၀၆၀၈]ကွယ်လွန်၊ (၂)ဒေါ်ဆန်းသစ် (၃)ဦးအောင်ကြည်-ကွယ်လွန်(၄)ဒေါ်ချိုချိုအေး[၁၂/ဗဟန(နိုင်)၀၄၃၃၀၈]ကွယ်လွန်တို့၏ မိဘများဖြစ်သည့် ဦးလှ၊ ဒေါ်အုံးကြည်တို့ ကွယ်လွန်ချိန်၌ ကျန်ရစ်ခဲ့သော အမွေဆိုင်အိမ်မြေဖြစ်ပြီး၊ ယနေ့တိုင် အမွေမခွဲဝေရသေးပါကြောင်း၊ ဦးဝေလင်းဦး မွေးဖွားချိန်မှစ၍ မိသားစုဝင်များနှင့်အတူ တစ်စုတစ်စည်းတည်းနေခဲ့ကြသော အိမ်မြေဖြစ်ကြောင်း ဒေါ်သန်းနှစ်၏ တစ်ဦးတည်းသော အမွေဆက်ခံခွင့် ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းဦး စင်ကာပူ၌ အလုပ်လုပ်နေစဉ်အတွင်း အသိပေးဆက်သွယ် အကြောင်းကြားခြင်းမရှိဘဲ ဒေါ်ဆန်းသစ်မှ တစ်ဦးတည်းဆန္ဒဖြင့် ဂရန်အမည်ပေါက် ပြောင်းခြင်း၊ ရောင်းဝယ်စီမံခန့်ခွဲ ပြုလုပ်နေခြင်းကို ဦးဝေလင်းဦး ယခုမှသိရ၍ အသိအမှတ်မပြု ကန့်ကွက်ပါ ကြောင်း၊ ဆက်လက်မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ခိုင်လုံစွာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝေလင်းဦး[၁၂/ဗဟန(နိုင်)၀၇၇၄၄၃]၏
လွှဲအပ်ညွှန်ကြားချက်များအရ

ဒေါ်ရတနာခိုင်ဖြူမြင့် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၃၂၆)
ဖုန်း-၀၉-၇၃၀၉၆၁၈၀၊ ၀၉-၃၁၆၃၅၉၂၄